မြတ်မြတ်ချောစာပေ

မောင်သာပြည့်



# အချစ်မြင့်မိုရ်

အသစ်စက်စက်

စ / ဆုံးလုံးချင်း

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

❖ ❖ ❖

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

❖ ❖ ❖

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မောင်သာပြည့်

# အချစ်မြင့်မိုရ်

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❖ | ၅၀၁၂၀၆၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❖ | ၅၀၁၁၉၅၀၆၁၀ |

※ထုတ်ဝေသူ※
ဦးနေမျိုး(၀၄၀၅၈)၊ နေမျိုးစာပဒေသာ
အမှတ်–၁၊ သုမင်္ဂလာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

※မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ※
ဦးမောင်မောင်လွင်(၀၂၃၅၀)၊ ကဝိရတနာပုံနှိပ်တိုက်
အမှတ်–၂၀၄၊ လမ်း–၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့် ဇာတ်ကွက်ပန်းချီ | ❖ | မမွှေး |
| ကွန်ပျူတာစာစီ | ❖ | နုရဏီ (☎ ၂၈၁၄၃၈) |
| ပုံနှိပ်ခြင်း | ❖ | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | ❖ | ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ❖ | ၁၀၀၀ |
| တန်ဖိုး | ❖ | ၅၀ ကျပ် |
| ဖြန့်ချိရေး | ❖ | မြတ်မြတ်ချောစာပေ |
| အထက်မြန်မာပြည်ဖြန့်ချိရေး | ❖ | နဂါးစာပေ |



# အချစ်မြင့်မိုရ

မြတ်မြတ်ချောစာပေ

မူလတန်း ကျောင်းသားဘဝမှာ သည်ကောင်မလေး၏ ခွေးချေးပေနေသည့် ဖိနပ်ကို တုတ်ကလေးနှင့်ကော်ယူပြီး လမ်းဘေးရေဘုံပိုင်မှာ ရေဆေးပေးခြင်း မရှိခဲ့လျှင် သည် "သက်မှုံးခင်" ဆိုတဲ့ ငတိမလေးနှင့်အထက်တန်းကျောင်းသား ဘဝရောက်သည့်ထိ ခင်တွယ်မိကြလိမ့်မည်မဟုတ်။

နောက်ပြီး ...

သည်သက်မှုံးခင်ဆိုတဲ့ ကောင်မလေးက ကလေးဘဝကတည်းက သူ့အလိုလိုက်ပြီး သူ့ကို သူငယ်ချင်းတွေနှင့် ပိုက်ဆံထောင်ပစ်ဖို့ ငွေတစ်ဆယ်ကျပ်မချေးခဲ့ဘူးလျှင်လည်း သူသက်မှုံးခင်ကို သည်မျှထိသံယောဇဉ်ဖြစ် တည်မိလိမ့်မည်မဟုတ်။

ယခုတော့ ...

# အချိုး – တစ်

မြတ်မြတ်ချောစာပေ

[ ၁ ]

တစ်ယောက်တည်းရှိချိန်များတွင် သူ့အတွေးတွေက ဝေ့လည်ကြောင်ပတ် နိုင်လွန်းသည်။ ဝေ့လည်ကြောင်ပတ်နိုင်မှုများနှင့်အတူ အပြစ်များလားဟု စဉ်းစားမိသေး၏။

"မဟုတ်ပါဘူး"

ဒါဟာ ပြစ်မှုတစ်ခု မဟုတ်ပါဘူး။ စာမေးပွဲဆိုတာ မေးတာကို မဖြေနိုင်လျှင် ကျရတဲ့ကိစ္စတစ်ခုပဲ။

သည်စာမေးပွဲကျခဲ့တာလေး တစ်ခုအပေါ်မှာ မိသားစုအားလုံး စိတ်လိုက်မာန်ပါ မဖြစ်သင့်ဟုတော့ သူထင်သည်။

ကြည့်လေ ...

စာမေးပွဲကျသည့်နေ့မှာ ဖေဖေက ကြိမ်နှစ်လုံးပူးပြီး ရိုက်နှက်ရုံတင် မကပါဘူး ပြင်းထန်သည့် စကားလုံးတွေနှင့် နှိပ်စက်သေးသည်။

"အိမ်မှာမွေးထားတဲ့ ဂျမ်ဘိုကို ဘောလ်ပင်နဲ့ စာရွက်ပေးပြီး သွားဖြေခိုင်းရင် ဆယ်တန်းကိုနှစ်ချင်းပေါက်အောင်တယ်၊ မင်းလောက်အသုံးမကျတဲ့ ကောင်ကို ငါ့ဆွေ ငါ့မျိုး ငါ့ပတ်ဝန်းကျင်မှာ တစ်ယောက်မှ မတွေ့ဖူးသေးဘူး၊ စာရှူးပေရှူးလို လုပ်နေမှတော့ ဆယ်တန်းကို အောင်မယ်အားကြီးကြီး"

ဒါက ဖေဖေ 'ဦးသက်မောင်ပိုင်' ရဲ့ သူ့အပေါ် အထင်သေးမှုနှင့် ရင့်သီးမှု။

မေမေ'ဒေါ်ခင်မင်းကြိုင်'ကတော့ မိဘကို တော်တော် စိတ်ဆင်းရဲအောင်လုပ်တဲ့ ကလေးပဲဆိုသည့်စကားမျှသာပြောပြီး 'မမကြိုင်လှိုင်သင်း' ကတော့ သူ့ခေါင်းကိုနှစ်ချက်ဆင့်ခေါက်၍...

"မင်းတော်တော်ကို ညဏ်ထုံထိုင်းပါလား ငပိုင်ရယ်၊ သူများတွေများ ဂုဏ်ထူးတွေနဲ့ အောင်လိုက်ကြတာ၊ တို့မျိုးရိုးဟာ ပညာတတ်မျိုးရိုး ငပိုင်၊ နင့်လက်ထက်





ကျမှ အမျိုးတွေရဲ့ဂုဏ်သိက္ခာ မှေးမှိန်ရတော့မယ်၊ ခု ဆိုကြည့်စမ်း နှစ်ခြမ်းကျော်က သက်မှူးခင်နဲ့ဆိုအတန်း တူဖြစ်သွားပြီ နင်မရှက်ဘူးလား"

ရှက်စရာ မကောင်းသည့် ကိစ္စကိုလာပြီး ရှက်ခိုင်းနေသည့် ကိစ္စ။

ဒါတွေက ကြာခဲ့ပါပြီ။

သူ ပထမနှစ်ဆယ်တန်းကျသည့်နှစ်က ဖြစ်ခဲ့သည့် ကိစ္စရပ်တွေ။ သည်ကိစ္စတွေအပေါ်မှာ သူ့ရင်ကျင်တက်တက် ကလေးဖြစ်ခဲ့ရသည်ကတော့ အမှန်ပါပဲ။

သူပင့်သက်ကို ခပ်မျှင်းမျှင်း ချသည်။

ပင့်သက်ချရင်း ပြုတ်ကျလာသော အဝါရောင်ညောင်ရွက်လေးကို ငေးကြည့်နေဆဲမှာ ...

ညာဘက်နား၏ အဖျားကလေး ဖျန်းခနဲပူသွားရသည်။ ညောင်ပင်ကြီးကို ကျောမှီထိုင်နေရာမှ ကိုယ်ကိုဆက်ခနဲမတ်လိုက်ပြီး နောက်သို့ ဖျပ်ခနဲလှည့်ကြည့်လိုက်၏။

"ဟား...ဟား... ကိုပိုင် လန့်သွားပုံက အိမ်ကပူစီကလေး နှုတ်ခမ်းမွေး အနှုတ်ခံရတဲ့ပုံစံနဲ့မှ တစ်ပုံစံတည်းပဲ"

ပြောလည်းပြော၊ ခါးသိမ်ကလေးကို လက်နှစ်ဖက်နှင့် ကျကျနနထောက်ပြီးတော့လည်း ရယ်သေးသည်။

သူ သက်မှုံခင်မျက်နှာကို မကျေမချမ်းကလေး လှမ်းကြည့်ပစ်လိုက်၏။

"ငါ့ကို အဲသလို အထိတ်တလန့်လာလာမလုပ်နဲ့ လို့ နင့်ကို ဘယ်နှစ်ခါပြောထားရမလဲမှုံ"

"ဟယ်... တစ်ခါမှလည်း မပြောဖူးပါလား"

"နင်ရှူးကြောင်ကြောင်မလုပ်နဲ့နော်၊ ငါက ထထိုးပစ်မှာ"

"ကိုပိုင်ကလဲဟယ်၊ နောက်တာပဲဟာ"

"မနောက်နဲ့၊ နင်နောက်ရင် ကိုယ်ထိလက်ရောက် သိပ်ပါတာပဲ နင့်လက်သည်းရှည်ကြီးနဲ့ နားရွက်ဖျားကို ပူပြီးစပ်သွားတာပဲ"

သက်မှုံခင်ကတော့ အရယ်မပျက်။

သူ နားပူတာ နာတာကိုလည်း စိတ်ဝင်စားပုံမရ။

သူမ၏ မရေမတွက်နိုင်သော စနောက်မှုများဝယ် သူ၏ဒေါသသည်လည်း အခါခါအလီလီ ထွက်ခဲ့ဖူးပြီ။

တစ်လောကလည်းကြည့် ...





ကျောင်းကို အတူလာရင်းက ဘာစိတ်ကူးပေါက်သည်မသိ ဝါးထားသည့်ပီကေကို ပါးစပ်ထဲကထုတ်ပြီး 'ကိုပိုင်ခေါင်းကို ကပ်ကြည့်ရအောင်' ဟုဆိုကာ ပီကေနှင့်ခေါင်းကိုကပ်သည်။ ခွာမရဘဲ ဆံပင်ကိုကွက်ပြီး ကတ်ကြေးနှင့်ကိုက်ဖြတ်လိုက်ရသည့်အဖြစ်ကို သူ ယနေ့တိုင် မမေ့နိုင်သေး။

ခုလည်း မှန်ထဲပြန်ကြည့်လျှင် နားရွက်ဖျားလေး ရဲရဲနီနေလိမ့်မည်။

သူနားရွက်ကို လက်ကလေးနှင့်ပွတ်နေတော့ ...

"နာလို့လား"

"မေးရက်လိုက်တာဟာ၊ နင့်နားရွက်ကို ငါပြန်တောက်ရမလား"

"နာမှာပေါ့"

"အေး... အဲသလို ကိုယ်ချင်းစာပေါ့ဟ"

"ခုတလော ကိုပိုင့် ဘာဖြစ်နေမှန်းကို မသိဘူး၊ အရမ်းစိတ်တိုတတ်တာပဲ"

သူ စကားပြန်မပြော။

ညောင်ပင်ကြီးမှာ ကျောပြန်မှီသည်။

သက်မှုံခင်က သူနံဘေးမှာ ခပ်ကြမ်းကြမ်းကလေးဝင်ထိုင်ပြီး ...

"ယောကျ်ားဆိုတာ စိတ်မတိုရဘူး ကိုပိုင်ရ"

"တိုတယ်"

"ဒါဖြင့် ယောကျ်ားမဟုတ်လို့ဘဲ"

"ယောကျ်ားမှယောကျ်ားအစစ်ပါ မှူးရာ၊ နင်မသိတာကတော့ တကယ်ကို ဝမ်းနည်းစရာပါပဲ"

သူမ မျက်နှာရှက်ရဲရဲကလေးဖြစ်သွားပြီး ...

"ကိုပိုင် မယုတ်ပတ်နဲ့"

သည်မယုတ်ပတ်နဲ့ဆိုတဲ့ စကားအတွက်တော့ သူအတော်ကို စဉ်းစားယူရသည်။ ပြောဖြစ်သည့်စကားမှာ ဘာတစ်ခုမှ ယုတ်ယုတ်ပတ်ပတ်မပါ။

"ခုထိ ငါနင့်ကို ဘာမှ မယုတ်ပတ်သေးဘူးမှူး"

"တော်ပြီကိုပိုင် သည်စကားနဲ့ပတ်သက်ပြီး ဘာမှထပ်မကြားချင်ဘူး"

ပြောပြီး နှုတ်ခမ်းကလေးကို ဖုဖုစူသည်။

နှုတ်ခမ်းစူရင်းနှင့်ပင် စတီးလ်ထမင်းချိုင့်၏ ကလစ်ကလေးကို ဖြောင်းခနဲ မြည်သွားအောင်ဖွင့်သည်။

"ဆာနေတာနဲ့အတော်ပဲ"

"ဆာနေတာမဟုတ်ပါဘူး၊ ကိုပိုင်တွေးနေတာပါ"





"တွေးစရာအကြောင်း ဘာမှမရှိပါဘူး"

"နောက်ကနေ ရပ်ကြည့်နေတာကြာပြီ"

သူ ဘာမှ ဆက်မပြောတော့။

မှူးအကြောင်းတွေးနေတာဟုပြောလျှင် ဘာအကြောင်းတွေလဲဟု မရမကမေးဦးမည်။ သည်အမေးကို ပြန်လည်ရှင်းပြတာကိုက ရှုပ်လည်နိုင်၏။

"မုန့်စားဆင်းဆင်းချင်း မှူးက ကိုပိုင့်ကို လိုက်ရှာနေတာ"

"ကိစ္စရှိလို့လား"

"ကိစ္စရယ်လို့တော့ မဟုတ်ဘူးပေါ့။ ကျွေးချင်လို့လိုက်ရှာရတာ မှူးက ဘာပဲစားစား ကိုပိုင့်ကို အမြဲသတိရနေတာပါနော်၊ ကိုပိုင်သာ တစ်ယောက်တည်း ကြိတ်ဝါးတတ်တာ"

"ဘာကို ကြိတ်ပြီးဝါးလို့လဲဟ"

"မနေ့က ကျောင်းဆင်းတော့ ဆီချက်ဆိုင်မှာ ကိုပိုင်ဆီချက်ခေါက်ဆွဲ ဝင်တုတ်နေတယ်လေ၊ မှူးလာတာကို မြင်ရဲ့သားနဲ့ မမြင်ချင်ယောင်ဆောင်ပြီး ငုံ့စားနေတာမဟုတ်လား"

ပြန်စဉ်းစားကြည့်ရသည်။

မနေ့ညနေက ဆာဆာနှင့် ဆီချက်ခေါက်ဆွဲဝင်စားဖြစ်၏။ သည်တုန်းကအစားမှာ စိတ်ရောက်နေသည်မို့ သက်မှူးခင်လာသည်ကို လုံးဝ မမြင်။ သူမ ထင်သလို မမြင်ချင်ယောင်ဆောင်ပြီး ခေါင်းကြီးငုံ့စားနေတာတော့ မဟုတ်ပါဘူး။

"မမြင်လို့ပါမှူးရာ၊ မြင်မှတော့ နင့်ကိုခေါ်မှာပေါ့ နင်ကလဲ ကိုယ်ကစမြင်တာပဲဟာ ငါ့ကိုခေါ်ပေါ့"

"အံမာ အစားတစ်လုတ်နဲ့ ဘယ်တော့မှ နှုတ်မဆက်ဘူးသိလား"

"နေရင်းထိုင်ရင်း ပြဿနာက လုပ်တော့မယ်၊ ကဲ ဖွင့်စမ်းပါ၊ အနံ့ကလေးကတော့သင်းနေတာပဲ"

"ဘာလဲသိလား"

"ဘယ်သိမလဲဟ၊ ဖွင့်ပြမှသိမှာပေါ့"

"ဒါနဲ့များ အနံ့ကလေးက သင်းနေတာပဲ ဘာပဲလုပ်ရသေးတယ်"

တော်တော်ကိုခွကျတဲ့ ငတိမလေးပါပဲ။

စကားကို တစ်နည်းမဟုတ် တစ်နည်းတော့ ကပ်ဖွဲ့လုပ်တတ်သည်၊





"အိမ်မှာ ဆီထမင်း ထိုးတယ်၊ ငါးခြောက်ထောင်းနဲ့ အုန်းသီးမှုန့်တွေလည်း နိုင်းချင်းပဲ၊ ကိုပိုင့်ကို ကျွေးချင်လို့ မုန့်စားခေါင်းလောင်းထိုးတာနဲ့ နောက်ကို လှည့်ကြည့်တော့ ကိုပိုင်က မရှိတော့ဘူး"

မုန့်စားဆင်းခါနီးအချိန်မှာ သမိုင်း ဆရာမမလာ၊ ထို့ကြောင့် တစ်ချိန်စောပြီး သူ အခန်းထဲမှ လစ်ထွက်ခဲ့သည်။

ပြောပြီးသက်မှူးခင်က သူမ၏ဖြူနုသော လက်ချောင်းကလေးများနှင့် သုံးဆင့်စတီးလ်ချိုင့်ကလေးတွင် ပတ်ထားသည့် အနီကွက် လက်သုတ်ပုဝါလေးကို ဖြည်သည်။

သက်မှူးခင်နှင့်သူက ကျောင်းတူအတန်းတူ မုန့်စားဆင်းလျှင် သူက အခြားကျောင်းသားတွေနှင့်တစ်ဘာသာ။ မုန့်စားတန်းဘက်ကိုလည်း မသွား၊ ကျောင်းဝင်းအပြင်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ချင်သည်။ ဒါမှမဟုတ် ကျောင်းနောက်ဘက်ထောင့်ရှိ ညောင်ပင်ကြီးအောက်မှာ တစ်ယောက်တည်း စာဖတ်ချင်ဖတ်နေတတ်သည်။ ဒါကို သက်မှူးခင်က ကောင်းကောင်းသိ၏။

"ကိုပိုင်က ဆီထမင်းကြိုက်တယ်မို့လား"

သည်စကားကတော့ အဆန်းတကျယ်မေးဖို့မလိုအပ်သည့် စကား၊ သူဘာကြိုက်သည်ကို သက်မှူးခင် သိထားလျက်နှင့်။

သူ့ဘာမှ မပြောဘဲ ပြုံးနေတော့...

"မေးနေတာကို ဖြေလေ၊ ကိုပိုင်ဆီထမင်း ကြိုက်တယ်မို့ လား"

"အင်းလေ"

"တစ်ခါက ကိုပိုင်ပြောဖူးတာကို မှုံက မှတ်ထား တာ"

"ဘာများပါလိမ့်"

သူ့အသံက စောစောကလို မမာကြောတော့။

ချိုင့်ထဲက ရနံ့သင်းနေသော ဆီထမင်းနှင့် ငါးခြောက် ထောင်းက သူ့အသံကို ပျော့ပျောင်းသွားစေ၏။

"မမှတ်မိတော့ဘူးမို့လား၊ ကျောင်းမှာ သန့်ရှင်းရေး လုပ်လုပ်၊ ရပ်ကွက်မှာပဲ သန့်ရှင်းရေးလုပ်လုပ်ပြီးရင် ကောက်ညှင်းပေါင်းကျွေးတာ ဖီလင်သိပ်အောက် တယ်၊ ဆီထမင်းနဲ့ ငါးခြောက်ထောင်းလေးမှ ပြိုမ့်တာ လို့ ပြောခဲ့တာလေ"

"မှုံက မှတ်မိသားပဲ"

"မှတ်မိတာပေါ့။ ကိုပိုင်နဲ့ပတ်သက်ရင် မှုံက အကုန် မှတ်ထားတာ၊ လွန်ခဲ့တဲ့သုံးလလောက်က ကိုပိုင်





ကျောင်းပြေးလို့ မမကြိုင်လှိုင်သင်းက နားသယ်မွေး ဆွဲနှုတ်တာလေ၊ လေးပင်လောက်ကျွတ်သွားတာ ကို တောင်မှတ်မိတယ်"

"မှတ်ဉာဏ်ကလည်း ကောင်းလွန်းအားကြီးနေပြီ"

သူနှင့်ပတ်သက်သမျှတွေကို သက်မှုံခင်မမေ့တတ်။

အဲဒီတုန်းက ကျောင်းပြေးမှုကြီး ပေါ်ပေါက်ပြီး မမကြိုင်လှိုင်သင်း က နားသယ်မွေးကို ရက်စက်စွာ ဆွဲနှုတ်အပြစ်ပေးဖူးသည်။

သူ သက်မှုံခင်ကို စိမ့်စိမ့်ကလေးကြည့်နေဆဲမှာ သက်မှုံခင် က ချိုင့်ကိုလှမ်းပေး၏။

"နင်ကော စားလေ"

"စားမှာပေါ့၊ တူတူစားဖို့ လိုက်ရှာတာပဲဟာ"

သူ ပြုံးသက်နေလိုက်သည်။

သက်မှုံခင်ဆိုသည့် လှပသောကောင်မလေး၏ လှုပ်ရှားမှု များသည် နှလုံးသားမှာ သံယောဇဉ်ကြိုးအထပ်ထပ် ဖြစ်နေ၏။ သူ၏ ငယ်သူငယ်ချင်း စာရင်းမှာ သက်မှုံခင်ကထိပ်ဆုံး။

သူ့ကိုဆီထမင်းနှင့်ငါးခြောက်ထောင်းကို အုပ်ပြီး ခွံ့ကျွေး တော့ ...

"နင်ကလဲဟာ"

"ဘာဖြစ်တာလဲ ကိုပိုင်"

"ငါက ကလေးပီစိကွေး မဟုတ်ပါဘူးဟ၊ ငါ့ဟာငါ စားပါ့မယ်"

"ခွဲ့ကျွေးတာ ရှိလို့လား"

"နင့်ပါးစပ်ထဲက ပီကေကိုတောင် ငါယူပြီး ဝါးဖူး သေးတာ"

"ဒါဖြင့် စကားမရှည်နဲ့"

သူဘေးဘီကို ကမန်းကတန်းကြည့်ရသည်။

ပါးစပ်ကလေးဟတော့ သက်မှူးခင် တခစ်ခစ်နှင့်ရယ်ပြီး သူ့ကိုခွံ့ကျွေး၏။

သည်တုန်းက...

သူ ဘယ်လိုမှ ရင်ခုန်ခဲ့ခြင်း မရှိချေ။

☆ ☆ ☆

[၂]

သူ့ထက်တစ်နှစ်ငယ်သော်လည်း လူကြီးဆန်သည့်အပြော နှင့်လူကြီးလုပ်ချင်တဲ့စိတ်ကသက်မှူးခင်မှာရှိသည့်အတွက်ကြောင့် လည်း သူနှင့်သက်မှူးခင် စကားများရသည်မှာ ခဏခဏ။

ဥပမာ ကျောင်းလာလျှင်သူက ကျောင်းကိုဖြောင့်ဖြောင့် မသွားချင်။ လမ်းမှာချန်ပြီး သူငယ်ချင်းတွေနှင့် လက်ဖက်ရည် ဆိုင်ထိုင်ချင်သေးသည်။ ဒါကို သက်မှူးခင်ကမကြိုက်။

"ကိုပိုင် တက္ကသိုလ်မရောက်သေးဘူး၊ လက်ဖက်ရည်ဆိုင်ထိုင်တာ ကျောင်းသားအလုပ်မဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်းနဲ့ ဆေးလိပ်ပါသောက်တတ်လာမယ်၊ လာမထိုင်ရဘူး"

ကဲ့... ဘယ်လောက်ခေတ်နောက်ကျကျန်တဲ့ အတွေးအခေါ်လဲ၊ သက်မှူးခင်က သူမ မထိုင်ချင်လျှင် သည်လိုစကားလုံးကြီးကြီးနဲ့ ကိုင်ပေါက်တတ်သူ။

တစ်ခါက...

'မှူးပါ ဝင်ထိုင်လေ'ဆိုတော့ သူမ ငြင်းဆန်ခြင်း မပြုသည့်အပြင် သူနှင့်အတူ လက်ဖက်ရည်ဝင်သောက်လိုက်သေး၏။

ခုလည်း ကျောင်းအတူလာရင်းက...

"ရင်ဘတ်ကြယ်သီးကို ဘာလို့ဖြုတ်ထားရတာလဲ"

"နင်ကလဲ ငါ့ကိုနေရာတကာ လိုက်ကြည့်နေတာပဲ"

"တာဝန်ရှိတယ်"

"အံမယ်... ဘာတာဝန်ရှိတာလဲ"

"ကိုပိုင်က မှူးရဲ့အစ်ကိုဆိုလည်း ဟုတ်တယ်"

"နင့်အစ်ကိုတော့ လုံးဝ မဖြစ်ချင်ဘူး၊ နေရာတကာလည်း ဆရာ အလုပ်မခံနိုင်ဘူး"





"စေတနာကို မစော်ကားစမ်းပါနဲ့ ကိုပိုင်ရာ၊ ကျောင်းသားဆိုတာ လမ်းဘေးက ကလေကချေလို နေလို့ဘယ်ရမလဲ၊ ဝတ်စားဆင်ယင်မှုမှာ သပ်သပ်ရပ်ရပ်ရှိနေရမှပေါ့"

အင်မတန်ကို စိတ်ပျက်ဖွယ်ကောင်းလှ၏။

ကျောင်းသွားကျောင်းပြန် ဆရာမကြီးဟန်အပြည့်နဲ့ သည်လိုဆိုဆုံးမနေတာကို မမောနိုင် မပန်းနိုင်ဖြစ်နေတာကိုက အံ့ဩစရာ။

နောက်ပြီး သူမ ဆိုဆုံးမသမျှကိုလည်း သူက ဘယ်တော့မှလက်ခံ နာခံခြင်းမရှိ။ ဒါကိုသိလျက်နှင့် သူမက မသိဟန်ဆောင်ပြီး ဆရာမကြီး ဆက်လုပ်တတ်၏။

"နောက်ပြီးထမင်းစားရင်လည်း ထမင်းကို အလယ်အူတိုင်ကစပြီး နှိုက်စားတာ မှူး မကြိုက်ဘူး"

"ဟာ... ထမင်းစားတာက အစပါလား၊ ငါစားတာကို နင်ဘယ်နှခါ လာကြည့်ဘူးလို့လဲ"

"ဟိုတစ်ပတ် တနင်္ဂနွေကလေ၊ မမကြိုင်လှိုင်သင်းကမှူးကို ညနေစာ အိမ်မှာလာစားဆိုလို့ လာစားတုန်းကလေ၊ ထမင်းကို အူတိုင်ကနေ ဖေါက်ပြီးစားနေ

“...လိုက်တာများ၊ အဲသလို မစားကောင်းဘူး ကိုပိုင်ရဲ့ မိဘရဲ့ အသည်းနှလုံးကို ဖောက်မယ့်သားလို့ ဆိုရိုးစကားရှိတယ်”

“နင်နဲ့ကျမှပဲ ငါကြားဖူးတော့တယ်”

“နောက်ကို မစားနဲ့”

သည်စကားအပေါ်မှာ သူဘယ်လိုမှ အလေးထားမိခြင်း မရှိ၊ သက်မှူးခင်နှင့်အတူယှဉ်လျှောက်ရင်း လမ်းဖြတ်တစ်ကွေ့မှာ သူရင်ဘတ်ကြယ်သီးကို ကပျာကယာတပ်တော့...

“ဟင်း... ဟင်း... ကိုပိုင် ငကြောက်၊ ဆရာမ မြင်လို့ ရင်ဘတ်ကြယ်သီးတပ်တာမို့လား”

အမှန်ပါပဲ။

မျက်မှန်တဝင်းဝင်းနှင့် လျှောက်လာသော အင်္ဂလိပ်စာပြ ဆရာမဒေါ်မြင့်ဆွေကို အဝေးကပင် သူမြင်သည်။

ဆရာမဒေါ်မြင့်ဆွေကို သူ အပါအဝင် ကျောင်းသူ၊ ကျောင်းသားအားလုံး အကြောက်ကြီးကြသည်။ အင်္ဂလိပ်စာ အသင်ပြကောင်းသလောက် စည်းကမ်းကလည်းကြီး၏။

ဆရာမက ကျောင်းသားရင်ဘတ် ဟာလာဟင်းလင်း ပုံစံကို ဘယ်လိုမှမကြိုက်။ ဆရာမရှေ့မှာ ရင်ဘတ်ကြယ်သီးကလေး လုပ်ပြီးနေလို့ကတော့ အိမ်မှာ ကြယ်သီးတပ်စရာ မရှိဘူးလား၊





မန္တလေးရင်ကွဲသရက်သီးလားဟုဆိုပြီး နားဖျားကို လက်သည်းနှင့်ဆိတ်တတ်သည်။

“ဆရာမကို အကြံဉာဏ်ပေးရဦးမယ်”

ကျောင်းဝင်းထဲ ဝင်ကာနီးမှာ မှူးကပြောသည်။

“ဘာအကြံဉာဏ်လဲ”

“အတန်းထဲမှာ ဝတ္တုခိုးဖတ်တဲ့ ကျောင်းသူကျောင်းသားတွေကို ပြင်းပြင်းထန်ထန် အရေးယူဖို့ဆိုတဲ့ အကြံကိုပေးရမယ်”

“သွားစမ်းပါ”

“ဘာသွားစမ်းပါလဲ၊ ကိုပိုင်လုပ်နေတာတွေ ဟုတ်ကို မဟုတ်ဘူး သိလား”

“ဘာ မဟုတ်တာလဲ”

“အတန်းထဲမှာ ဝတ္တုခိုးဖတ်တဲ့ အကျင့်လေ”

“နင်နဲ့ ဘာမှ မပတ်သက်တဲ့ ကိစ္စပါမှူးရာ”

“အဲသည် စကားမပြောပါနဲ့”

သူမအသံက အနည်းငယ်မာသည်။

သူက မျက်နှာကို ဖျတ်ခနဲကြည့်ပြီး နှုတ်ကိုအသာပိတ်ထားလိုက်၏။ စကားကို ထူးထူးထွေထွေလုပ်ပြီး မပြောသင့်တော့ဟုလည်း နားလည်သဘောပေါက်လိုက်သည်။

ကျောင်းခန်းထဲရောက်တော့ မှုံကသူ့ကို ချောကလက်တစ်ထုပ်လှမ်းပေး၏။ သူပြုံးပြတော့ ဘာမှန်းမသိဘဲနှင့် မျက်စောင်းထိုးသည်။ ဒါကတော့ အေးအေးချမ်းချမ်းဖြစ်မည့်သဘောပါပဲ။ မှုံနှုတ်ခမ်းကလေးဖုဖုစူလျှင် ပြုံးသာပြလိုက်၊ ဒေါသအားလုံး ပြီးဆုံးသွားတတ်၏။

ကျောင်းတက်ချိန်စောသေးသဖြင့် အခန်းထဲမှာ ကျောင်းသူကျောင်းသားတွေ မရောက်သေး။ လွယ်အိတ်ကို ခုံထဲထည့်ထားပြီး မှုံဆီ ပြန်လျှောက်ခဲ့သည်။

"အပြင်ထွက်ရအောင်"

"ဟင့်အင်း"

"လက်ဖက်ရည်သောက်မယ်လေ"

"မနေ့က ဆရာမပြောတယ်၊ ကျောင်းသူတွေ လက်ဖက်ရည်ထွက်, ထွက်သောက်တာ မျက်စိထဲမှာ ကန့်လန့်ကို ဖြစ်နေတယ်တဲ့"

"ဆရာမက လက်ဖက်ရည်မကြိုက်လို့ ပြောတာပါလာစမ်းပါဟာ"

နှစ်ခါမခေါ်ရ။





မှုံက လွယ်အိတ်ထဲမှ အနက်ရောင်ပိုက်ဆံအိတ်ကလေးကို နှိုက်ယူသည်။

"ငါ တိုက်မှာပါ"

"မလုပ်ပါနဲ့၊ အရှက်ကွဲမခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုတလောကလေ ဟုတ်တိပတ်တိ လက်ဖက်ရည်ခေါ်တိုက်ပြီး ပိုက်ဆံရှင်းတော့ တစ်ဆယ်လို နှစ်ဆယ်လိုနဲ့ မှုံ သိပ်ရှက်တာပဲ"

"ဆိုင်ရှင်က ခင်ပြီးသားပါဟာ"

"ခင်ခင် မခင်ခင်၊ အဲဒီတုန်းက မှုံကလည်း ပိုက်ဆံအိတ် ယူမလာမိနဲ့၊ ကိုယ့်မျက်နှာကို ဓားနဲ့ လှီးပစ်လိုက်ချင်လောက်အောင် ရှက်သွားတာ"

သည်တုန်းက ရှက်ရဲရဲဖြစ်နေသည့် မှုံမျက်နှာကိုပြေးမြင်သည်၊ ကျောင်းအောက်ရောက်တော့ ကျောင်းသူတချို့၏ အကြည့်က ဇဝေခနဲ ရောက်လာ၏။

မှုံမျက်နှာ တင်းခနဲဖြစ်သွားသည်။

လက်ဖက်ရည်ဆိုင်ရောက်သည်ထိ မှုံ၏မျက်နှာက ပျော့ပျောင်းခြင်းမရှိသေး။ သူက လက်ဖက်ရည်နှစ်ခွက်လှမ်းမှာပြီး...

"မျက်နှာက ဘာဖြစ်နေရတာလဲ"

"မကြားဘူးလား၊ ကျောင်းအောက်မှာ မျက်နှာချင်း ဆိုင်က ကောင်မနှစ်ကောင်ပြောသွားတာ"

တကယ်ကို သူ ဘာမှမကြား။

သူ့နားလည်း မလေးပါဘူး။

"ဘာပြောသွားလို့လဲ"

"လိုက်မေးဟယ်"

ဒေါသအငွေ့အသက်တွေ တွေ့လိုက်ရသဖြင့် သူငြိမ်နေလိုက်ရသည်။ နောက်ပြီး သူ ဘာမှမသိသည့်ကိစ္စကြီးကိုလည်း သိအောင် မမေးချင်တော့။

လက်ဖက်ရည်သောက်ရင်း သူ မှူးမျက်နှာကို စူးစူး စိုက်စိုက်ကြည့်သည်။

စိတ်ကို ဆုံးဖြတ်ချက်နှင့်အတူ လိုက်မြန်တတ်သည့် ကောင်မလေး။

အပြစ်ကလေး တစ်ခုရှိခဲ့သည်။

မှူး ဖေဖေက ခွေးမွေးဝါသနာပါသည်။ ရှားပါးသော အနက်ရောင်ဘူးလ်ဒေါ့ခွေးကြီးကို ဂရုတစိုက် မွေးထားသည်။ ခွေးကြီးက လိမ္မာသလို ခြံလည်း လုံပါ၏။ မှူးတို့မိသားစု၏ အချစ်တော်ခွေးကြီးဖြစ်ပြီး နာမည်က ဘလက်ကီ။





တစ်နေ့... မှူးကျောင်းရောက်ပြီး မုန့်စားတန်းအထွက်တွင် အပေါ်ထပ် ဆယ်တန်း(စီ)မှ အောင်မိုးတင့်က မှူးကို လှမ်းအော်သည်။ မှူး ခြေလှမ်းတန့်ပြီး ကျောင်းအပေါ်ထပ်ကို မော့ကြည့်သည်။

အောင်စိုးတင့်မျက်နှာ စပ်ဖြီးဖြီးဖြစ်နေချိန်မှာ လေ၏လျှင်မြန်ခြင်းမျိုးဖြင့် မှူး ကျောင်းပေါ်သို့ ပြေးတက်၏။ ပြီး အောင်စိုးတင့်ပါးကို နှစ်ချက်ဆင့်ရိုက်ပစ်လိုက်သည့် အဖြစ်။

သည်အဖြစ်အပျက်ကို ကျောင်းသူကျောင်းသားအားလုံး မျက်ဝါးထင်ထင်ပါပဲ။ အောင်စိုးတင် ရှက်ပြီး ကျောင်းထွက်သွားသည်ထိ ဖြစ်ခဲ့ ရသည်။

မှူးသည် သည်လို ဆတ်ဆတ်ထိမခံသော မှူးဖြစ်ပါ၏။

"ပါးဆွဲရိုက်ပစ်ချင်လိုက်တာမှ လက်ကိုယားနေတာပဲ"

"ငါ့ကိုလား"

"ဟိုကောင်မတွေကိုပြောတာ၊ မိန်းမချင်းမို့ အတော်ကို သည်းခံလိုက်ရတယ်"

"နင်သိပ်စွာတာပဲ မှူး"

"စွာတာ ၊မဟုတ်ဘူး၊ မဟုတ်မခံတာ၊ လူတွေက မဟုတ်မခံတဲ့ စိတ်ဓာတ်ကို မိုက်ကန်းတယ်လို့ ထင်ကြတာ"

"အောင်စိုးတင့်နဲ့ဖြစ်တဲ့ ကိစ္စတုန်းကတော့ နင်လွန်တယ်ဘဝတစ်ခုဆိုတာ ကိုယ့်အတွက် မပျက်ကောင်းဘူးလေ"

"သူ့ဘာသာသူ ကျောင်းထွက်သွားတဲ့ဟာ"

"ခု ဒီကောင်ဆိုက်ကားနင်းနေတယ်"

"ဒါကလည်း သူ့မိသားစုစီးပွားရေးမပြေလည်တဲ့ ကိစ္စပဲ ပါးအရိုက်ခံရတာနဲ့ ဘာမှမဆိုင်ဘူး"

သူ စကားမဆက်။

ဆက်လျှင်သူ့ကို နှုတ်လှန်ထိုးရန်စကားတွေက မှူးမှာအမြဲလိုလို အဆင်သင့်ရှိနေ၏။

သူငြိမ်ပြီး လက်ဖက်ရည်သောက်နေဆဲမှာ...

"မနက်က အန်တီနဲ့ဈေးမှာတွေ့တယ်"

မှူးပြောသည့်အန်တီဆိုသည်မှာ မေမေဖြစ်သည်။

"မေမေ့ကို ဘာစကားအပိုတွေ ထည့်လိုက်သေးလဲ"

"အမှန်စကားတော့ ပြောလိုက်တယ်"

"ဘာအမှန်စကားလဲဟ"





"အတန်းထဲမှာ ဝတ္ထုခိုးဖတ်တာ"

"ဟာ... နင်ကလဲ"

မှူးမျက်နှာ ရယ်ကျဲကျဲ။

သည်စကားကို သူမ ပြောမည်မှာလည်းအမှန်။ ကျောင်းလာတုန်းက မေမေ သူ့လွယ်အိတ်ကို မျက်လုံးတစေ့စူးစမ်းကြည့် သည်ကို အမှတ်ရ၏။

သူဝတ္ထုဖတ်လျှင်...

မှူးဘာလို့ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ရသည်ကို သူဘယ်လိုမှ စဉ်းစားလို့မရ။

☆ ☆ ☆

## [ ၃ ]

"ထက်မင်းပိုင် မတ်တတ်ရပ်စမ်း"

ရင်မှာထိတ်ခနဲဖြစ်သွားပြီး ဖတ်လက်စ စာအုပ်ကို လွယ်အိတ်ထဲ ကပျာကယာ ထိုးတည့်၍ မော့အကြည့်မှာ ဆရာမ၏ မျက်လုံးစိမ်းကြီးကို ရင်ဆိုင်ရသည်။

ကျောင်းသူကျောင်းသားများ၏ မျက်လုံးပေါင်းများစွာက လည်း သူ့ထံသို့ စုပြုံရောက်လာကြ၏။

အခြေနေက ကောင်းနိုင်သည့်အနေထားမှာ ဘယ်လိုမှ မရှိ။





"ထစမ်း"

ဆရာမ၏ စကားအမိန့်ဝယ် သူအလိုလို မတ်တတ်ရပ်မိလျက်သားဖြစ်သွား၏။ ဒတ်စတာကိုင်ပြီး ဆရာမ သူ့ထိုင်ခုံနားသို့ လျှောက်လာသည်။

"စာသင်နေတာကို မင်းမကြည့်ဘူး၊ ဘာတွေငုံ့ဖတ်နေတာလဲ"

"စာပါ"

"ဘာစာလဲ"

ပြောပြောဆိုဆို ဆရာမက ခုံကိုဖွင့်ပြီး လွယ်အိတ်ကို ဆွဲထုတ်သည်။ သူဝှက်လိုက်တာကို ဆရာမ မြင်သည်ထင်၏။ လွယ်အိတ်ထဲမှ စာအုပ်များကိုစစ်ဆေးရင်းက...

ဆရာမမျက်နှာ ခပ်တင်းတင်းဖြစ်သွားသည်။

လွယ်အိတ်ထဲမှ ဝတ္ထုစာအုပ်တစ်အုပ်နှင့် ကဗျာစာအုပ်တစ်အုပ်ကို ခုံပေါ်သို့ ဘုံးခနဲ ပစ်ချသည်။ ပြီးတော့ကဗျာစာအုပ်လေး၏ ခေါင်းစည်းကို အများကြားအောင်ဖတ်လိုက်၏။

"ပျောက်ဆုံးခဲ့သော အချစ်ရင်ခွင်သို့ ပြန်လည်ခိုဝင်ခြင်း"

"ဝါး... ဟား... ဟား..."

ကျောင်းသားများ၏ ရယ်သံပွက်ပွက်ညံသွားသည်။

မျက်လုံးပေါင်းများစွာက အရယ်များနှင့် သူ့ထံစုပြုံရောက်လာကြ၏။ သည်အခါမှာတော့ သူ့ရင်မှာ တင်းကျပ်ခြင်းဝေဒနာကို စတင်ခံစားရသည်။ ရယ်နေကြသည့်မျက်နှာများကို သူရှုတည်တည်နှင့် ပြန်ကြည့်ဆဲမှာ . . .

"မင်းငါစာသင်နေတဲ့အချိန်မှာ ငါ့ကို ပမာမခန့်ပြုမူလိုက်တာပဲ"

ဘုရားရေ... လွယ်အိတ်ထဲမှာ ပါလာတဲ့စာအုပ်ကလေးနှစ်အုပ်က သည်လောက်တောင်မှ ပြစ်ချက်ကြီးနေလို့လား။

ကျောင်းလာရင်း လမ်းမှာတွေ့လို့ ဝယ်လာဖြစ်သည့် စာအုပ်နှစ်အုပ်။ စာသင်ချိန်မှာဝတ္ထု စာပိုဒ်ကလေး မြည်းစမ်းဖတ်ကြည့်မိတာတော့ ကိုယ့်အပြစ်ပေါ့လေ။ ဒါကလည်း ဆရာမကို ပမာမခန့် ပြုလုပ်ခြင်းမဟုတ်ပါဘူး။

"ငါသင်နေတဲ့ ဘာသာရပ်မှာ ဝတ္ထုရေးနည်း၊ ကဗျာရေးနည်းမပါဘူး ထက်မင်းပိုင်"

သူ တောင့်တောင့်လေးသာ ရပ်ထားဖြစ်၏။





"ကျောင်းသားဆိုတာ ကျောင်းစာကလွဲပြီး ဘာမှစိတ်ဝင်စားဖို့မလိုဘူး၊ မင်းဝတ္ထုတွေ ကဗျာတွေဖတ်နေလို့ကတော့ စာမေးပွဲကို အားကြီးအောင်မယ်"

သူ့အတွက် အကောင်းဆုံးကတော့ ခေါင်းငုံ့ထားခြင်းပါပဲ။

"ငါမေးတာကိုဖြေစမ်းပါ ထက်မင်းပိုင်၊ မင်းဖတ်နေတဲ့ဝတ္ထုတွေ၊ ကဗျာတွေက မင်းကို စာမေးပွဲ အောင်အောင်အထောက်အကူ ပြုပေးမှာတဲ့လား၊ တက္ကသိုလ်ရောက်အောင် ပို့ပေးနိုင်မှာတဲ့လား"

ဖြေရန်မလိုပါ။

ဒါတွေ ရည်ရွယ်ပြီး သူဖတ်ခဲ့တာမှမဟုတ်ဘဲ။

"ပြောစမ်းပါ၊ ဘာအကျိုးရှိမှာမို့လို့ မင်းဒီစာတွေကိုဖတ်နေရတာလဲ"

"ကျွန်တော် စာပေကို မြတ်နိုးလို့ပါ"

"စာပေကို မြတ်နိုးလို့ဟုတ်လား၊ မြတ်နိုးရင် ပျို့တွေလင်္ကာတွေဖတ်လေ၊ ဒီပေါက်တတ်ကရ ရေးထားတဲ့စာတွေက မင်းဘဝကို ဘာအကျိုးတရားပေးမှာလဲ"

ရင်မှာအောင့်သက်သက်ကလေး ဖြစ်ရသော်လည်း တုံ့ပြန်

ရန်အတွက်လည်း ဘယ်လိုမှ မကြိုးစားမိ။ ဆရာမအပြောကြောင့် လူမမြင်ဘူးသော်လည်း လေးစားကြည်ညိုရသော စာရေးဆရာနှင့်ကဗျာဆရာကိုတော့ စိတ်ထဲက အားနာနေမိသည်။

သည်ဆရာတွေရဲ့ စာပေတွေကို ဆရာမ အနုစိတ်ဖတ်ဖူးလို့လား၊ ယနေ့စာပေလောက၏ နေတစ်ဆူ လတစ်ဆူ ဖြစ်ကြသည်ကို ဆရာမ မသိလို့လား၊ နှလုံးသားနှင့်ပတ်သက်သည့် အချစ်တွေ ပါဝင်သော်လည်း လူတန်းစားအချစ်တင်ပြမှုမှာ ရဲရင့်ခြင်းများ တည်ရှိပါသည်။

"ဒီမယ် ထက်မင်းပိုင်"

"ဗျာ"

"ကြီးလာရင် မင်းဘာလုပ်မှာလဲ"

"ကျောင်းကထွက်ရင် မင်းဘာလုပ်မှာလဲဆိုတဲ့အမေး ကို မေးပေးပါ ဆရာမ"

"ငါဒတ်စတာနဲ့ခေါက်လိုက်ရင် ခေါင်းဖုသွားတော့ မှာပဲ၊ ကဲ ပြောစမ်း၊ ကျောင်းကထွက်ရင် မင်းဘာလုပ် မလဲ"

"စာရေးဆရာလုပ်မယ် ဆရာမ"





"အရူး"

ထူးဆန်းသော အကောင်တစ်ကောင်ကို မြင်တွေ့ရသလို ဆရာမက သူ့ကိုကြည့်သည်။ သည်အဖြေကို ပေးစဉ်မှာ သူ့ရင်ကို ကော့ထားလိုက်မိပါသေး၏။

ခံရခက်မှုတစ်ခုကတော့ သူ့အပြောကို အုတ်အော် သောင်းနင်း ဝိုင်းရယ်ကြသည့် ကျောင်းသူကျောင်းသားများ၏ ရယ်သံ။ သည်ရယ်သံများမှာ သက်မှူးခင်၏ရယ်သံ ပါဝင် ပတ်သက်ခြင်း မရှိသည်ကိုတော့ သူ အတတ်သိ၏။

အရယ်များကြောင့် သူ့မျက်နှာခက်ထန်သွားသည်ကို သိသော ဆရာမက...

"တိတ်ကြစမ်း"

ရယ်သံများ ငြိမ်သက်သွားသည်။

သို့သော်လည်း အကြည့်များက သူ့ဆီရောက်နေ၏။

"စာရေးဆရာ လုပ်မှာဟုတ်လား၊ မင်းပညာလေး မတောက်တစ်ခေါက်နဲ့ဖြစ်ပါလိမ့်မယ် စာရေးဆရာ၊ ကိုယ့်မှာ အဲသလို ရည်ရွယ်ချက်ရှိရင် စာကိုကြိုးစား ရတယ်ကွ၊ တက္ကသိုလ်က ပညာတွေကိုဆည်းပူးနိုင် အောင်ကြိုးစားရမယ်"

"တက္ကသိုလ်ရောက်မှ စာရေးဆရာဖြစ်မှာလား ဆရာမ"

သည့်စကားကို သူရိုးသားစွာ ပြောခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ဆရာမက သူ့ကိုခပ်စိုက်စိုက်ကြည့်ပြီး...

"မင်းက ငါ့ကိုပြန်ပြောနေတယ်ပေါ့၊ ဒီမယ်... မင်း လက်သီးကိုဆုပ်လိုက်စမ်း"

သူလက်သီးကိုဆုပ်လိုက်၏။

"လက်သီးကို မှောက်လိုက်"

လက်ကို မှောက်လိုက်တော့ လက်ခေါက်မှာအကြောကလေးများ ထင်းကြွလာသည်။

"ကျောင်းသား ကျောင်းစာပဲ စိတ်ဝင်စားရမယ်၊ ငါ့စာသင်ချိန်မှာ ငါ့ဘာသာနဲ့ မပတ်သက်ဘဲ လုပ်ချင်တာလုပ်နေတာဟာ ငါ့ကိုပမာမခန့်လုပ်တာ၊ တပည့်က ဆရာကိုစော်ကားတာ"

စကားအဆုံးမှာ ဒုတ်စတာဓောင်းက သူ့လက်ခေါက်ပေါ်သို့ ဒေါက်ခနဲကျလာသည်။

တစ်ချက်...

နှစ်ချက်...





သုံးချက်တိတိမှာ သူ့နှုတ်ခမ်းကို တင်းတင်းကလေးစေ့လိုက်၏။

ဘဝတွင် စာရေးဆရာဖြစ်ချင်၍ ပထမဆုံးခံယူရရှိလိုက်သည့် အမှတ်တရဒဏ်ရာ။

☆ ☆ ☆

## [ ၄ ]

ရင်မှာတင်းကျပ်မှုတွေက ကျောင်းဆင်းသည်ထိ ပါလာ၏။

လက်ခေါက်ကို ဒတ်စတာနှင့်ခေါက်ခံရသည့် ဒဏ်က လည်း အံကြိတ်ရလောက်အောင် နာကျင်သည်မဟုတ်။ အမြတ်တနိုး ဝယ်ယူလာခဲ့သည့် စာအုပ်နှစ်အုပ် အသိမ်းခံရမှုအတွက် တော့ ခံခက်လွန်းသည်။

"ဆရာမက ကိုပိုင့်ကို မုန်းတီးလို့ ရန်သူလိုသဘော ထားပြီး ရိုက်တာ မဟုတ်ပါဘူး ကိုပိုင်ရယ်၊ တပည့် တွေကို ပညာတတ်ဖြစ်စေချင်တဲ့ ဆရာမရဲ့ စေတနာပါ"





"တော်စမ်းမှူး၊ ပညာဆိုတာ ကျောင်းစာတစ်ခုထဲ မှာရှိတာ မဟုတ်ဘူးဟ"

မှူးက မျက်နှာကို ခပ်စေ့စေ့ကြည့်၏။

သူနံဘေးမှာ ခြေလှမ်းမှန်မှန်နှင့်အတူ ယှဉ်လျှောက်ရင်းမှ . . .

"ကိုပိုင်ကလဲ ကိုပိုင်ပဲ၊ သူ့အချိန်မှာ ဘာဖြစ်လို့ကဗျာ တွေ ဝတ္ထုတွေဖတ်နေရတာလဲ၊ အဲဒီ ဆရာမအ ကြောင်းလည်း ကိုပိုင်သိရက်သားနဲ့"

"ငါ့ပြစ်ချက်ကို ဒတ်စတာနဲ့ ဆော်ပြီး ဆုံးမပြီးပြီပဲဟာ၊ ကျောင်းဆင်းရင် စာအုပ်ကို ပြန်ပေးဖို့ကောင်းတာ ပေါ့"

"သွားတောင်းသေးလား"

"တောင်းတာပေါ့၊ မပေးတဲ့အပြင်၊ ဘာလဲနောက် ထပ်ခေါက်ခံချင်ပြန်ပြီလားလို့တောင် ဟောက်လိုက် သေးတယ်"

"အဲဒီဆရာမက သူ့အိမ်မှာစာအုပ်အငှားဆိုင်ဖွင့် ထားတယ်ကိုပိုင်"

"ဟာ... ဒါဆိုရင်တော့ ဆုံးပြီ"

မှူးက သူ့အထိတ်တလန့်ဖြစ်ဟန်ကို သဘောကျစွာဖြင့် တစ်ခစ်ခစ်ရယ်၏။

မှုံးရယ်နေဆဲမှာ ကျောင်းသူတစ်သိုက်နံဘေးမှ ကျော်တက်သွားသည်၊ မလှမ်းမကမ်းအရောက်မှာ ခပ်ကြိတ်ကြိတ် ရယ်သံနှင့် စကားသံတစ်ခုက နားဆီသို့ပြေးဝင်လာ၏။

"ထက်မင်းပိုင်က ကြီးလာရင် စာရေးဆရာလုပ်မှာတဲ့ဟာ၊ ထက်မင်းပိုင် စာရေးဆရာဖြစ်မှ ရှင်ပြုနားသဖိတ်စာတွေ၊ မင်္ဂလာဩဘာစာတွေ သွားရေးခိုင်းရမယ် ခစ်...ခစ်..."

သေနာမတွေ...

သူဒေါသနှင့်လှမ်းကြည့်တော့ ငတိမတွေကာလမ်းတစ်ဘက်ကို ကူးသွားကြပြီ၊ မှုံးကတော့ မသိကျိုးကျွံဟန်ပြုနေသည်။

သူ ဒေါသကို ထိန်းသိမ်းထားလိုက်ပြီး...

"ရင်ထဲမှာ မကြေညက်တဲ့ စကားတစ်ခွန်းတော့ ရှိတယ်ဟာ၊ တက္ကသိုလ်က ပညာတွေဆည်းပူးမှ၊ တတ်မှ စာရေးဆရာဖြစ်မယ်ဆိုတဲ့ စကားလေ၊ ကမ္ဘာမှာ ထင်ပေါ်ကျော်ကြားနေတဲ့စာရေးဆရာတိုင်းတက္ကသိုလ်ထွက်ချည်းပဲများ ထင်နေသလားမသိဘူး၊ နင် ဂေါ်ကီကို သိတယ်မဟုတ်လား"

"ဟင့်အင်း... မှုံးဂေါ်ကီတော့ မသိဘူး။ ဂေါ်လီပဲ သိတယ်၊ ငယ်ငယ်က ကစားကြတယ်လေ"





သူ မှုံးကို အတော်ကိုစိတ်ပျက်လက်ပျက်ဖြစ်သွား၏။ သည်လောက်တုံးမှန်းကိုလည်း ခုမှ သိသည်။ မှုံးနဲ့ကျမှ ကမ္ဘာကျော်စာရေးဆရာကြီး ဂေါ်ကီသည် ဂေါ်လီဖြစ်ရတော့၏။

"ငတုံးမ၊ ဂေါ်ကီဆိုတာ ရုရှားစာရေးဆရာကြီးကို ပြောတာ၊ ဒီလောက်ကမ္ဘာကျော်တဲ့ စာရေးဆရာကြီး နင်နဲ့ကျမှ ဂေါ်လီဖြစ်ရတော့တယ်"

"ဒါကတော့ မှုံးက ကိုပိုင့်လို ပြင်ပစာတွေ လေ့လာလိုက်စားမှု အားနည်းတာကိုး ကိုပိုင်ရဲ့"

သည်စကားကတော့ ကျေနပ်ဖွယ်ဖြစ်၏။

"ကမ္ဘာကျော်စာရေးဆရာကြီးဂေါ်ကီဆိုရင် တက္ကသိုလ်မပြောနဲ့ အတန်းပညာတောင် သင်ဖူးတာ မဟုတ်ဘူး၊ လေ့လာဆည်းပူးရင်း ဘဝကို ကြံ့ကြံ့ခံရင်း စာရေးဆရာဖြစ်လာတာ၊ ဒါတွေကို ဆရာမ သိဖို့ကောင်းတယ်"

"ဘာပဲဖြစ်ဖြစ် ကိုပိုင်ရယ်၊ ဆရာ ဆရာမတွေရဲ့ ရင်ထဲမှာ ကိုပိုင်ပြောတဲ့ စာရေးဆရာကြီးတွေရဲ့ ဘဝက အဓိက မကျပါဘူး၊ သူတို့အတွက်အဓိကက ကိုယ်တပည့် ကိုယ့်ကျောင်းသား စာမေးပွဲအောင်ဖို့ပဲ၊ ကိုပိုင်

စာတွေကဗျာတွေ ဝါသနာပါတာကို မှုန် မပြောလိုပါဘူး၊ ကျောင်းမှာတော့ ဝတ္ထုတွေ ကဗျာတွေ မဖတ်ပါနဲ့နော်၊ ကျောင်းစာပဲ ကြိုးစားနော်၊ ဆယ်တန်းလည်း တစ်နှစ်ကျခဲ့ပြီးပြီ၊ ဒီတစ်ခါဆက်ကျသွားရင် ကိုပိုင် စိတ်လေသွားလိမ့်မယ်"

သူ ပင့်သက်ကိုဖွဖွချသည်။

ဝါသနာကဲရသည့် အဖြစ်သည် ကျောင်းသားဘဝမှာ တကယ့်ကို အပြစ်တစ်ခုပါပဲလား။ အတွေးမှာ ရေးဖြစ်နေသည့် စာတွေကတော့ မနည်း။

အဖြစ်ချင်ဆုံး အတမ်းတဆုံး ဂုဏ်တစ်ခုကတော့ 'စာရေးဆရာ' ပါပဲ။

"အင်း... ငါ့ဘဝက တစ်မျိုးကြီးပါ မှုန်ရာ"

"အို... ဘဝနဲ့ချီပြီး ပြောနေရအောင် ကိုယ့်ပိုင်ဘဝက ဘာတစ်မျိုးဖြစ်နေလို့လဲ၊ ကိုယ်ပိုင့်မိဘတွေ အခြေခိုင်တယ်၊ ချမ်းသာတယ်၊ ကျောင်းပညာကို မပူမပင်သင်ရတယ်၊ အဲဒီဘဝက ဘာတစ်မျိုးကြီး ဖြစ်စရာ အကြောင်းရှိလို့လဲကိုပိုင်"

သည်အသံကတော့ နည်းနည်းဆတ်လွန်းသည်၊





မှုန်၏လေသံကို သူမကြိုက်။ တကယ်ဆို 'အင်းနော် ... ကိုပိုင်ဘဝကို မှုန် အရမ်းသနားတာပဲ' ဆိုတဲ့ စကားမျိုးကို ပြောစေချင်သည်၊ ခုတော့ ငတိမက အကဲပင် ဆတ်နေသေး၏။

"ငါပြောတာ တခြားမဟုတ်ပါဘူးဟာ၊ ငါက ဝတ္ထုဖတ်တာ ဝါသနာပါတယ်၊ ဝတ္ထုကို စမ်းရေးကြည့်ချင်တယ် ဒါပေမဲ့ အဲဒီအခွင့်အရေး ငါ့မှာ မရှိဘူး၊ အိမ်မှာလဲ မဖတ်ရဘူး မှုန်ရဲ့ ဖေဖေနဲ့မေမေက ငါ့ အခန်းထဲ မဝင်ပေမယ့် မမကအလစ်မှာ ဝင်ဖမ်းပြီး ဖေဖေနဲ့ မေမေကိုတိုင်တာ ကျောင်းမှာဖတ်ဖို့ကလည်း မလွယ်၊ စဉ်းစားကြည့် ငါ့ဘဝက ဘယ်လောက် စိတ်ပျက်ဖို့ကောင်းလဲ"

သူ့စကားကို မှုန်ကပြုံးရင်း...

"အိမ်သာထဲမှာ ဖတ်ပါလား"

"ဖတ်တာပဲဟာ၊ အိမ်သာထဲမှာ အကြာကြီးဆောင့်ကြောင့်ထိုင်ဖတ်ရတာ ဖီလင်က ဘယ်လိုလာရှိမှာလဲ"

"ဘိုထိုင် မရှိဘူးလား"

"ရှိပေမဲ့ အကြာကြီးထိုင်နေရင် မမက ရိပ်မိမှာ"

မှုံးက လက်ကိုင်ပုဝါကို ပါးစပ်မှာ ပိတ်ပြီးရယ်၏။ လမ်းထဲ ရောက်တော့ မှုံးက သူ့ကို အိမ်ထဲဝင်ဦးမလားဟုမေးသည်။

"မဝင်တော့ဘူး"

မှုံးနှင့်သူကတစ်လမ်းထဲဖြစ်သော်လည်း ခြံခြင်းကကပ်လျက်မဟုတ်။ သုံးလေးခြံလောက်ခြားသည်။

"ညဘက်ညဘက်တွေ လက်ဖက်ရည်ဆိုင် မထိုင်ပါနဲ့"

ခြံထဲမဝင်သေးဘဲ ဆရာလုပ်လိုက်သေးသည်။

"စာကျက်နော်"

သည်စကားအပေါ်မှာတော့ သူအော်ပြောလိုက်၏။

"မကျက်ဘူး"

☆ ☆ ☆

[ ၅ ]

စည်းစနစ်ကြီးသည့် အဝန်းအဝိုင်းမှာ နေရသည်ကိုက စိတ်၏ကျဉ်းကျပ်ခြင်းကို နေ့စဉ်နှင့်အမျှခံစားရသည်။

သည်အသက်အရွယ်ထိ ဖေဖေ၊ မေမေနှင့်မမသည် သူ၏ လွတ်လပ်မှုကို ပိုင်စိုးချုပ်ကိုင်ထားသည်ဟု သူထင်သည်။

အပြင်ထွက်ဖို့အတွက် မိဘတွေရဲ့အလစ်ကို ချောင်းမြောင်းရသည်ကိုက သူ့အတွက် ဒုက္ခ။ ပိုဆိုးသည်က ခုလို ညဘက်ထွက်ခွင့်သည် သူ့အတွက် အင်မတန် ခက်ခဲသော အခွင့်အရေးဖြစ်သည်။

ခုလည်း ဖေဖေနှင့်မေမေအလစ်မှာ လှစ်ခနဲပြေးထွက်ပြီး စိတ်တစ်ခုလုံး လွတ်လပ်ပေါ့ပါးမည်ကြံကာရှိသေး မြဝင်းတံခါးနားအရောက်တွင် ခြေလှမ်းတွေက လုံးဝတုံ့ဆိုင်းသွားတော့၏။

မတုံ့ဆိုင်းလို့ဖြစ်မလား။

ရှေ့မှဘွားခနဲပေါ်လာတာက မမကြိုင်လှိုင်သင်း၊

သူ့ကိုမျက်လုံးဝိုင်းကြီးနှင့်ကြည့်ပြီး...

"ဘယ်သွားမလို့လဲ ကိုပိုင်"

မမက သူ့ကို ငယ်ငယ်ကတည်းက ကိုပိုင်ဟုခေါ်သည်။ မမစိတ်ဆိုးလျှင်တော့ ကိုပိုင်သည် ငပိုင်ဖြစ်သွားတော့၏။

သူ မမကို ပြုံးပြသော်လည်း မမက သူ့ကိုပြန်ပြုံးပြခြင်း မပြုပါ။

"ဟိုလေ အပြင်ထွက်မလို့"

"ဘယ်အပြင်လဲ"

"အပြင်ဆိုတာ အပြင်ဘက်ပေါ့မမရဲ့"

"အေးလေ... အဲ့ဒီအပြင်ဘက်ဆိုတာ ဘယ်နေရာလဲ ဆိုတာကိုမေးတာ"

အဖြေကို ရုတ်ချည်း စဉ်းစားရသည်။





သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းထားလို့ ဆိုတဲ့ စကားကိုတော့ ဘယ်လိုမှပြောလို့မဖြစ်။ မမသည်သူ၏ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း အလုပ်ကို သဘောထားကြီးကြီးနှင့် ခွင့်ပြုထားသည် မဟုတ်။

"မှူးဆီသွားမလို့ မမ"

"ဟုတ်ရဲ့လား"

"အသေအချာပါ၊ ညနေကျရင် အိမ်မှာပူတင်းဖုတ်စားမယ်လို့ မှူးက အခိုင်အမာချိန်းလိုက်တယ်၊ အဲဒါ သွားမလို့၊ မမပါလိုက်ခဲ့ပါလား"

အတည်ပေါက်နှင့်ပြောပြီး ရင်မှာတထိတ်ထိတ်ဖြစ်ရ သေး၏၊ 'အေး အညောင်းပြေလမ်းလျှောက်ရင်း လိုက်ခဲ့မယ်' ဆိုရင်တော့ တကယ်ကို ရင်မောသွားရမည့်ကိစ္စ။

တော်ပါသေးသည်။

မမက...

"မလိုက်တော့ပါဘူး၊ မှူးကိုသာပြောလိုက် လူကိုရွှေးပြီး မဖိတ်နဲ့လို့"

သည်စကားပြောပြီး မမမျက်နှာ ပြုံးပြုံးရယ်ရယ်။

မှုးတို့ခွဲသွားမည်ဆိုလျှင် မမသည် အစဉ် ခွင့်ပြုထား၏၊ သည်လို အကြောင်းပြချက်လေးတွေနှင့် သူ ညဘက် အပြင်ထွက်ခဲ့တာကြာပြီ။

နောက်ပြီး...

မှူးအစ်ကိုနှင့်မမက ဆေးဘွဲ့ကို တစ်ကျောင်းထည်း တစ်နှစ်ထည်း အတူယူခဲ့ကြသူတွေ။ သူနှင့်မှူးလိုပင် မမကြိုင်လှိုင်သင်းနှင့်မှူးအစ်ကို 'ကိုကိုကြီး' တို့ ငယ်သူငယ်ချင်းတွေဆိုတာကိုလည်း အကြမ်းဖျင်းတော့ သူသိထား၏၊ သို့သော်လည်း သူ့သူငယ်ချင်းတွေက မင်းအစ်မကို သတ်မှူးခင်အစ်ကိုနဲ့ဘုရားမှာ တွေ့တယ်ဆိုဖဲ့ စကားတွေအပေါ် မှာတော့ သူ့စိတ် အပင်ပန်းခံပြီး မသုံးသပ်ချင်ပါ။ မစဉ်းစားချင်ပါ။

"ဖေဖေနဲ့မေမေ့ကိုကော ပြောခဲ့လား"

"ဝမ်းနည်းစရာပဲ မမ၊ ကျွန်တော် မပြောဖြစ်ခဲ့ဘူး"

"ဘာဖြစ်လို့ မပြောတာလဲ"

"ညည့်ခန်းမှာ ဖေဖေနဲ့မေမေ အရေးကြီးတဲ့စကားတွေ ပြောနေကြတယ် မမရဲ့"

မမက မျက်မှောင်ကလေးကြုတ်ပြီး...

"ဘာစကားတွေပြောနေကြတာလဲ"

မြတ်မြတ်ချောစာပေ



"ရည်စားစကား ပြောနေကြတာ"

"ဟယ်... ချွေးကောင်လေး၊ မိဘကို"

မမမျက်နှာ ပြုံးရောင်သမ်းသွား၏။

မမထံပါးမှ သူ လှစ်ခနဲ ပြေးထွက်ခဲ့သည်။ နောက်ပါးမှ မမ၏ အသံကပြေးလိုက်လာချေသေးသည်။

"မိုးချုပ်လို့မရဘူးနော်"

တဲ့... ဘဝက ဘယ်လောက်ကျဉ်းကျပ်ပါသလဲ။

☆ ☆ ☆

[ ၆ ]

"မင်းအိမ်က မင်းကို ကလေးပိစိကွေးလေးလို ဟို မသွားရ၊ ဒီ မလာရ ချုပ်ချယ်တာတော့ သိပ်ကို လွန်တယ် ထက်မင်းပိုင်"

"ငါလဲ အဲသလိုပဲ သုံးသပ်မိတယ် ဝင်းလွင်၊ တစ်ခါတလေ ကိုယ့်ကိုယ်ကို သိမ်ငယ်သလိုလည်း ခံစားရတယ်"

ဝင်းလွင်က စီးကရက်ကို တစ်ချက်ရှိုက်ယူပြီး အဆုပ်တွင်းမှ ခပ်မျှင်းမျှင်းမှုတ်ထုတ်လိုက်သည်၊ နန္ဒာက သူ့ကိုတစ်ချက်မော့ကြည့်ပြီး စာကိုဆက်ရေးသည်။





'ပန်းရိပ်' လက်ဖက်ရည်ဆိုင်၏ နောက်ဆုံးစားပွဲသည် သူတို့သူငယ်ချင်းသုံးယောက်အတွက် သီးသန့်နေရာကလေးပါပဲ။

သူက ပန်းရိပ်ကို ရံဖန်ရံခါမှ ရောက်သော်လည်း ဝင်းလွင်နှင့် နန္ဒာကတော့ ပန်းရိပ်မှာ နေ့တိုင်းထိုင်သည်။

လက်ဖက်ရည်ပေါ်ကျတာလေးမှာပြီး သည်စားပွဲတွင် သူတို့အတွေးနယ်ပယ်ချဲ့ကြသည်။ ပြီးတော့ ကဗျာလေးတွေ ရေးကြသည်၊ သူကစာရေးဆရာဖြစ်ချင်ပြီး သူငယ်ချင်းနှစ်ယောက်ကတော့ ကဗျာဆရာဖြစ်ချင်ကြသည်။

"အင်း... သူတို့က ငါ့ကို ကလေးလေး အောက်မေ့နေကြတာကွ၊ မဆို အဆိုးဆုံးပဲ၊ မိသားစုရဲ့ အချစ်တွေပိုကြီးလေ လွတ်လပ်ခွင့်တွေ ဆုံးရှုံးလေပဲ၊ ခုထွက်အလာမှာ ခြံဝမှာ မမနဲ့ တန်းတိုးနေလို့ လှိမ့်ပိန်ပြီး လစ်လာရတာ"

"မမကြိုင်လှိုင်သင်းလား"

"ငါ့မှာ ဒီအစ်မတစ်ယောက်တည်းပဲ ရှိတဲ့ဟာ"

"ယောကျ်ားပေးစားပစ်လိုက်ကွာ"

စာငုံ့ရေးနေရာမှ နန္ဒာကပြောသည်။

သူက နန္ဒာကိုကြည့်ပြီး...

"မင်းယူမလား"

"အာ... မင်းမမကြီးကိုတော့ မယူရဲပါဘူး ထက်မင်းပိုင်ရာ၊ မင်းမမကြီးက ဆရာဝန်၊ ငါကလည်း ဆေးထိုးခံရမှာ အင်မတန် ကြောက်တဲ့ကောင်၊ မဖြစ်ပါဘူးကွာ၊ မဖြစ်ပါဘူး"

နန္ဒာဖြစ်နေသည်ကို ကြည့်ပြီး ဝင်းလွင်က...

"ငပေါ၊ မမကြိုင်လှိုင်သင်းက မင်းကို ယူပါစေဦး"

"အေးလေ"

"မအေးလေနဲ့ ကိုယ့်လူ၊ မင်းမမက ယူရင်တောင် ငါက အတင်းငြင်းမှာ၊ မင်းမမက ဂျစ်မှ တကယ့်ဒေါ်ဂျစ်ကြီး ကိုယ့်လူ၊ ဟိုတစ်နေ့က မင်းကို တို့လာခေါ်တုန်းက စစ်လိုက်ဆေးလိုက်တာကွာ၊ ပြီးတော့လည်း မရှိဘူးလို့ ပြောလွှတ်တယ်၊ အပေါ်ထပ်မှာ မင်းရှိနေတယ်မို့လား"

ပြန်စဉ်းစားရသည်။

အဲဒီတုန်းက သူအိမ်မှာ မရှိပါဘူး။

အဲဒီအနေ့က မေမေ့ကိုကားမောင်းပြီး ဘုရားလိုက်ပို့ရသည်။ နောက်ပြီး သူရှိလျက်နှင့် မရှိဘူးလို့လည်း မမ မပြောတတ်





ပါဘူး။ သည်လိုအကျင့်တန်သည့် စိတ်ထားမျိုးတော့ မမမှာမရှိ။

"ငါမရှိတာတော့အမှန်ပဲ၊ မေမေ့ကို ဘုရားလိုက်ပို့နေတာ၊ ပြန်လာတော့ မမကပြောတယ်၊ ကောင်လေးနှစ်ယောက်ဆိုကတည်းက မင်းတို့မှန်း တန်းသိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားလေး သူငယ်ချင်းဆိုလို့ မင်းတို့နှစ်ကောင်ပဲ ငါ့မှာရှိတာ"

"ဟို ငတီမကျတော့ကော"

မှုးကို ဆိုလိုမှန်းသူသိသည်။

"အဲဒီ ငတီမက ငါ့ဘဝရဲ့တစ်ယောက်တည်းသော မိန်းကလေးသူငယ်ချင်းလေကွာ"

ငတီနှစ်ကောင်ရဲ့မျက်နှာချိုးကတစ်မျိုး။

"မင်းတို့ငါ့ကို အဲသလိုမျက်နှာပေးမျိုးနဲ့မကြည့်နဲ့နော် ငါထထိုးမှာ"

ငတီနှစ်ကောင်ကရယ်သည်။

ရယ်ရင်းနှင့် ဝင်းလွင်က သူ့ကို စီးကရက်လှမ်းပေး၏။

"မင်းသူငယ်ချင်းမမှုးဆိုတဲ့ ငတီမက မင်းမမကြီးလို ဂျစ်တစ်တစ်နဲ့ကွ"

နန္ဒာက ဘောလ်ပင်ကို အင်္ကျီအိတ်ထဲထိုးထည့်ရင်းပြော၏။ သူက...

"မှူးက သဘောကောင်းပါတယ်"

"အဲဒီသဘောကောင်းတာကတော့ မင်းတစ်ယောက်ထဲအတွက်ပဲ ဖြစ်လိမ့်မယ် ထက်မင်းပိုင်"

မှန်ကန်သည်ဟုပဲဆိုရမည်။

သူ့အသာငြိမ်နေတော့ နန္ဒာက...

"သစ္စာတိုင်ပတ်ပျိုးလေးတွေရှိထားလား"

"တို့နှစ်ယောက် ရိုးသားတာကို မှူးနဲ့ငါပဲသိတယ်"

"တကယ်နော် အချစ်ဆိုတာလိမ်ညာ သိုဝှက်လို့မရဘူးဆိုတာ မင်းနားလည်ထားရမယ်"

ရင်မှာ ခပ်သိမ့်သိမ့်ကလေးဖြစ်သွား၏။

အဲဒါ အချစ်လား။

မဟုတ်သေးပါဘူး။

ခပ်မဆိတ်လေးနေပြီး စီးကရက်ကို မီးညှိအချိန်မှာ နန္ဒာက စာရွက်ကလေးတစ်ရွက် လှမ်းပေးသည်။

"ငါရေးထားတဲ့ကဗျာ ထက်မင်းပိုင်၊ မဂ္ဂဇင်းကိုပို့မလို့ ကျန်ခဲ့တဲ့လက ဝင်းလွင် ကဗျာပုံရိပ်မှာပါတယ်"

"ကြည်နူးစရာပဲ"

"ကြည်နူးစရာဖြစ်ပေမယ့် ဖင်တော့တော်တော်လေးကို ကျိန်းစပ်စပ်ဖြစ်သွားတယ်"





"ဟင်... ဘာဖြစ်လို့လဲ"

"ငါနဲ့နန္ဒာ ကျောင်းကနေလိမ့်ပြီး မဂ္ဂဇင်းတိုက်ကိုသွားပို့တာ တို့ကျောင်းလစ်တာကို ဘယ်ကောင်က ဆရာကြီးကို သွားသောင်လဲမသိဘူး၊ နောက်နေ့ကျ အိမ်ကို တိုင်စာရောက်လာပြီး အိမ်မှာလဲအဆော်ခံရ၊ ကျောင်းမှာလဲအဆော်ခံရနဲ့ ဖင်ကို ကျိန်းစပ်နေတာပဲ မဂ္ဂဇင်းမှာ ကဗျာလေးပါလာတော့ မျက်ရည်တောင်ဝဲမိပါရဲ့ကွာ"

ရင်ထဲမှာမကောင်း။

ဒီသူငယ်ချင်းတွေနဲ့ သူကဝါသနာတူသော်လည်း ကျောင်းချင်း မတူ။ ကျောင်းချင်းကာအလှမ်းကွာသည်။

"ဒါ ကဗျာလေးဖတ်ကြည့်ပါဦး"

နန္ဒာက စာရွက်ကလေးလှမ်းပေးတော့ သူကအသေအချာဖတ်သည်။

နန္ဒာ၏ လက်ရေးက ဝိုင်းဝိုင်းစက်စက်။

စာရွက်ပေါ်မှာ စာကြောင်းလေးများ ညီညီညာညာ။

- *သည်နေ့တော့လေ*
  *ပြောတော့မယ်အစီအစဉ်နဲ့*
  *ဖွင့်တော့မယ် အတိတ်ကပေါ့*

*ဖိတ်လျှံဆူ အပူတိုးပြီမို့*
*လက်ညှိုးတွေတို့ဆီ ထိုးစေတော့*
*လူဆိုးကို မျက်နှာဝှက်မဲ့ပြင်*
*ဖျက်တတ်ရင်မုန်း မဖြတ်လေသမျှ*
*အမုန်းဇာတ်တွေ ကချင်ကပါတော့*
*လွဲကြရင် တစ်ဘဝပါပဲ*
*ခဏတာ မလှုပ်ရပ်မီဆဲမှာဖြင့်*
*ပြစရာအလုပ် မကာပ်သည့်ငမွဲလေမို့*
*မလုပ်တတ်သည့် ဘွဲ့ဝေလည်း*
*အရှုပ်ပြတ်သည့်ပွဲပါပဲချစ်ရယ်*
*(ကိုကိုလေ) နှုတ်သတ္တိနည်း...။*

ကဗျာဖတ်ပြီးရင်မှာ သိမ့်သိမ့်ကလေးခံစားရသည်။
အချစ်ကဗျာလေးလေ...
သူတို့ ချစ်တတ်သည်ကတော့ကြာပြီ။

☆ ☆ ☆



[၇]

- *မနက်ဖြန်ပြောမယ်လို့*
  *ရင်မောအောင် ရက်ကိုစောင့်လာခဲ့*
  *စိုးနှောင့်ဗျာ အပူရိပ်မှာလ*
  *လူတိတ်ရင်ပင့်သက်ရှိုက်မယ်ပေါ့*
  *ခေါင်းစိုက်လို့နေခဲ့သူ...*
- *ပြောမထွက်လေတော့*
  *မောရက်တွေနွေလိုပူရဲ့*
  *ဝှက်သိုသူအကြံခက်တဲ့ပြင်*
  *မျက်နှာပြင်မကြည့်ရဲတာကြောင့်*

*ရင်ထဲမှာလိပ်ပြာလန့်ပါရ*
*စိတ်သန့်အောင်တန်တန့်ကြီးပေမယ့်*
*ချစ်ဦးမေ မျှော်စေတိုးတာမို့*
*ရင်ကျိုးလို့ဆူ ...*

မှူးက ကဗျာကိုအသံထွက်ပြီး သူ့မျက်နှာကိုငေးခနဲ ကြည့်၏။ သူက ခေါင်းကို အသာငုံ့ထားလိုက်သည်။

ခေါင်းကိုငုံ့ထားရင်း ဒီကဗျာကို သူ မှူးကို ဘာလို့ပေးဖတ်မိသည်ကိုလည်း စဉ်းစားကြည့်နေ၏။

"ကိုပိုင်ရေးတာလား"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး"

တကယ်လည်း ဘာရယ်လို့မဟုတ်ပါဘူး။

ဟိုကောင်တွေလို ကဗျာရေးကြည့်ချင်တာနဲ့ ညတာ စာကျက်ရင်း စာပွဲမှာ ကဗျာခိုးရေးလိုက်မိသည့်အဖြစ်၊

မမကြိုင်လှိုင်သင်း အခန်းထဲသို့ ဆတ်ခနဲဝင်လာသဖြင့် ပြူးတိပြူးကြောင်နှင့် ကဗျာရေးထားသည့် စာအုပ်ကိုအခြား စာအုပ်နှင့်ဖုံးရဖိရ စိတ်ဒုက္ခကို မှူးဘယ်လိုမှ ခံစားပေးမည်မဟုတ်။

"ကဗျာလေးက မကောင်းဘူးလားမှူး"

သည်အမေးကိုလည်း သူဘာလို့ မေးမိသည်မသိ၊





"ကောင်းတယ် ကိုပိုင်"

"မှူးဘယ်လိုခံစားရလဲ"

"ဟင့်အင်း၊ ဘယ်လိုမှမခံစားရဘူး"

"ဟာ... မဟုတ်သေးပါဘူး"

"ဘာကိုမဟုတ်သေးတာလဲ ကိုပိုင်ရ"

"ကောင်းတယ်လည်း ဆိုသေးတယ်၊ ဘယ်လိုမှလဲ မခံစားရဘူးဆိုတော့ အပင်ပန်းခံ ရေးလာတဲ့ ငါ့ကို နည်းနည်းတော့ အားနာသင့်တာပေါ့"

မှူးကိုကြည့်ပြီး သူ့အတော်ကို စိတ်ပျက်သွားသည်။ မှူးကဗျာကို အာရုံစိုက်ဖတ်စဉ်ကခုန်ခဲ့သည့်ရင်သည် ခုဘယ်ပုံ ဘယ်နည်း ပျောက်ပျက်သွားသည်မသိ သူနှင့်မှူးကြားသို့ ပြုတ်ကျလာသော အဝါရောင်ညောင်ရွက်ကလေးမှာလည်း ကဗျာမဆန်တော့။

"ဖတ်လို့ကောင်းတာကို ပြောတာလေ၊ မှူးက ကိုပိုင့်လို စာတွေကဗျာတွေဝါသနာပါတာမှ မဟုတ်တာ၊ ဒီတော့ကဗျာရဲ့အဓိပ္ပာယ်ကို ဘယ်ခံစားတတ်မလဲ၊ ဖတ်လို့ကောင်းတာပဲ သိတာပေါ့"

"လှပတဲ့ အချစ်ကဗျာလေဟာ"

"ဟုတ်လား"

"မှူး နင်ငါ့ကိုလှောင်နေတာတော့ မဟုတ်ပါဘူးနော်"

"ပြဿနာပါပဲ၊ နေပါဦး ကိုပိုင့်ကို မေးစမ်းပါရစေ ကိုပိုင်က အချစ်ကဗျာတွေ ရေးတယ်ဆိုတော့ ကိုပိုင့်မှာ ရည်းစားရှိနေပြီပေါ့"

စကားက သွယ်သွယ်ဝိုက်ဝိုက်ကို မရှိတဲ့စကားကြီးပါပဲ။ ကဗျာပေးဖတ်စဉ်က သည်စကားမျိုး တုံ့ပြန်လာမည်ဟု သူလုံးဝ ထင်မထားခဲ့။

"ရည်းစားဟုတ်လား၊ ရည်းစားနဲ့ကာရံတူတဲ့ ဆီးပြား ကိုတောင် နင်ကျွေးမှ စားဖူးတာ၊ နောက်ပြီး အချစ်ကဗျာရေးတာနဲ့ ရည်းစားရှိရတော့မှာလားဟ၊ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့"

ပြောပြီးစကားကိုမဆက်သေး။

လွယ်အိတ်ထဲက ဆီးပြားကို နှိုက်စားနေသေးသည်။

"ကဗျာဆိုတာ ရင်ထဲကလာတဲ့ ဝေဒနာဆိုတာ လောက်တော့ ကြားဖူးနားဝနဲ့ သိထားပါတယ်နော် ဝေဒနာဆိုတာကလည်း အတွယ်အတာရှိမှဖြစ်တာ"





သူ မျက်လုံးတော့ ပြူးသွားရသည်။

ရေးခဲ့စဉ်က သူမပြောတဲ့ဝေဒနာဆိုတာနဲ့ အတွယ်အတာကြီးကို ခံစားရပြီး ရေးဖွဲ့ခဲ့တာမဟုတ်။ ဟိုကောင်နှစ်ကောင် အချစ်ကဗျာရေးတာကို အားကျပြီးလိုက်ရေးမိသည့် ဝေဒနာအတု စိတ်ကူးနဲ့တော့ အချစ်ကိုခံစားကြည့်ရတာပေါ့လေ။

"ငါ့မှာ ရည်းစားမရှိပါဘူး"

"လိမ်ရင်တော့ မုန်းတယ်နော်"

သူမအစ်အောက်ပြီကို သူသိလိုက်၏။

"အပိုစကားတွေမပြောနဲ့မှူး၊ ငါ့မိသားစုရဲ့အခြေ အနေ စိတ်ဓာတ်ကို နင်အသိဆုံး၊ နောက်ပြီးနင်နဲ့ငါက အရိပ်တစ်ခုတည်းလို သွားလာနေတာ၊ ငါ ရည်းစားထားရင် နင်သိမှာပေါ့"

"လွှဲမချနဲ့ ကျောင်းချိန်မှာသာ မှူးနဲ့ ကိုပိုင်ကဆုံတာ တခြားအချိန်တွေမှာ မှူးအနားမှာရှိတာမှမဟုတ်ဘဲ၊ မှူးနဲ့မပတ်သက်တဲ့ အချိန်တွေမှာ ရည်းစားရှိရင်ရှိမှာပေါ့၊ နောက်ပြီးကဗျာရူးနှစ်ကောင်ကလည်း ကိုပိုင့်ကို မြှောက်ပေးနေတာ အားလုံးသိတယ် နားလည်လား"

အားလုံးသိသည်ဆိုသည်ကတော့ ဘယ်နည်းနှင့်မျှ မဖြစ်

နိုင်။ မှူးပြောသည့် ကဗျာရှူးနှစ်ကောင်ဆိုတာကလည်း ဝင်းလွင်နှင့် နန္ဒာကိုပြောခြင်း ဖြစ်သည်။

"ကဗျာရူးမဟုတ်ပါဘူးမှူးရာ၊ ကဗျာဆရာပါ"

သူက ကာဘာလုပ်လိုက်၏။

"သူတို့နှစ်ယောက်ကို သိ်ပြီးအမြင်ကပ်တာပဲ ကိုပိုင်၊ ဟိုတစ်နေ့က မှူး ဈေးသွားတော့ မှူးကို ဘာလိုက်မေးတယ်မှတ်လဲ"

သူ ထိတ်ခနဲဖြစ်သွား၏။

ငတိနှစ်ကောင်မှူးကို ဘာတွေလိုက်မေးပါလိမ့်။

သိမ်ဖျင်းသည့် ကိစ္စရပ်တွေတော့ မဟုတ်တန်ရာ။

"မှူးကို ဘာတွေမေးလို့လဲ"

"ထက်မင်းပိုင်ကို မတွေ့ဘူးလားတဲ့၊ တွေ့ရင်သူ့အချစ်ဆုံးသူငယ်ချင်း ကဗျာဆရာနှစ်ယောက်က ပန်းရိပ်လက်ဖက်ရည်ဆိုင်မှာ လွမ်းစိတ်ကလေးနဲ့ စောင့်နေတယ်လို့ ပြောပေးပါတဲ့၊ ဘယ်လောက်အူကြောင်ကြောင်နိုင်တဲ့ စကားလဲကိုပိုင်"

သူသဘောကျစွာ ရယ်တော့မှူးက မျက်စောင်းထိုးသည်။





ဝင်းလွင်ကအတည်ပေါက်နှင့်နောက်တတ်သလို နန္ဒာက ခပ်ပေါက်ပေါက် စကားမျိုးကို ရှာကြံပြောတတ်၏။

"အဲဒီတော့ မှူးက ဘာပြန်ပြောလိုက်လဲ"

"ပြောလိုက်တာပေါ့ စိတ်ချပါလို့ နှမပေးမယ့်ယောက်ဖနှစ်ကောင်က ကိုပိုင့်ကို ပန်းရိပ်လက်ဖက်ရည်ဆိုင်မှာ အလွမ်းစိတ်ကလေးနဲ့စောင့်နေပါတယ် ဆိုတာကို ပြောလိုက်ပါ့မယ်လို့ ပြန်ပြောလိုက်တာပေါ့"

ပြောပြီးမှူးက သူ့စကားသူ သဘောကျပြီးရယ်နေ၏။ သူကလည်းရယ်ရင်းမှူးလက်ထဲမှ ကဗျာစာရွက်လေးကို ဆွဲယူသည်။

"မပေးဘူး"

"ဘာလုပ်မလို့လဲဟာ"

"သိမ်းထားမှာပေါ့"

ရင်မှာလှုပ်ခနဲဖြစ်ရင်း မျက်နှာကို စိုက်ကြည့်နေဆဲမှာ မှူးက ကဗျာစာရွက်လေးကို ခေါက်ပြီး သူမ၏ ပိုက်ဆံအိတ်လေးထဲထည့်သည်။

ထိုင်ရာက ထမည်အပြုမှာပဲ ကျောင်းတက်ခေါင်းလောင်းသံက နားစည်ကိုလာရိုက်ခတ်၏။ နှစ်ယောက်အတူ ကျောင်းဆီ

သို့ လှမ်းလျှောက်အလာတွင် ...

"ကိုပိုင်"

"ဟင်"

"ရည်းစား မထားရဘူးနော်"

"အင်းပါ"

"မှုံက ကိုပိုင့်ကို နေ့တိုင်း ဆီးဖြူးကျွေးမယ်"

"ဝမ်းတော်တွေလားကုန်မှာပေါ့ဟ"

"နည်းနည်းစီ ကျွေးမှာပါ"

"ဘာဖြစ်လို့လဲ၊ တခြားမုန့်တော့မကျွေးဘဲနဲ့ နင့်ဟာ က ဆီးဖြူးမှ ကျွေးရတယ်လို့"

"ယတြာသဘောနဲ့ကျွေးတာ၊ နေ့တိုင်းဆီးဖြူးစား တော့ ရည်းစားမထားတော့ဘူးပေါ့၊ ကျိန်းကျေတဲ့ သဘောပေါ့"

သည်တစ်ခါတော့ သူမျက်လုံးပြူးသွားရသည်။

နောက်ဆို မှုံကျွေးမည့် ဆီးဖြူးကို ဆင်ဆင်ခြင်ခြင်စားရ မည်ဟုလည်း စိတ်ကဆုံးဖြတ်၏။ မစားဘူးလို့တော့ မှုံကို ပြောလို့ မဖြစ်ချေ။





ကျောင်းခန်းထဲဝင်တာနဲ့တော့ မှုံကသူ့အနားသို့ ကပ်ပြီး တိုးတိုးလေသံနှင့် ...

"ကိုပိုင် သေသေချာချာမှတ်ထား၊ အချစ်ရှာရင်အချစ် ကိုရတယ်၊ ငွေရှာရင်ငွေရတယ်၊ ပညာရှာရင် ပညာရ တယ်၊ အဲဒီထဲမှာ ကိုပိုင်ပညာကိုပဲရှာရမယ်နော်"

ကဲ... ဘယ်လောက်လူလည်ကျတဲ့စကားလဲ။

ဆရာလုပ်တဲ့စကားလဲ...။

☆ ☆ ☆

# [၈]

နံဘေးသို့ထိုးရပ်လာသည့် ကားအရိပ်ကြောင့် သူ့က မှုန့်လက်မောင်းကို ကပျာကယာဆုပ်ကိုင်ပြီး လမ်းဘေးသို့ကပ်ရှောင်ပေးလိုက်၏။ တစ်ဆက်တည်း တန့်ရပ်သွားသည့်ကားဆီမှ ကားမောင်း သူ့ကို မကျေနပ်ဟန်နှင့်လှမ်းအကြည့် ...

"ဟာ... မမ"

မမကြိုင်လှိုင်သင်းက ပြုံးနေသည်။ သည်အပြုံးမျိုးကတော့ မမထံမှာ ရှားရှားပါးပါး တွေ့ရခြင်းပါပဲ။ သည်အပြုံးသည် သူ့အပေါ်မှာ မူမတည်ပဲ နံဘေးမှ မှုန့်နှင့် ဆက်နွယ်ပတ်သက်သည်ဟု သူနားလည်သဘောပေါက်သည်။





"လန့်သွားတာပဲ မမရာ"

"ကိုယ့်အိမ်ကကားတောင်မှ မမှတ်မိဘူးလား"

"ရန်ကုန်မှာ အဖြူရောင်ကားတွေအများကြီး"

အိမ်မှာ ကားနှစ်စီးရှိသည်။

အဖြူရောင်ကိုရိုလာ လီမိတက်က မမကိုယ်တိုင်မောင်းပြီး အသုံးပြုသည့်ကား၊ ကရန်ဒီမတ်တူးခဲပုပ်ရောင်ကားကြီးကို တော့ ဖေဖေနှင့်မေမေအသုံးပြုသည်။ အင်ကြင်းမြိုင်ခြံကြီးမှာ သူ့အတွက် အသုံးပြုစရာဆိုလို့ အနီရောင်ပြိုင်ဘီးကလေးတစ်စီးသာ ရှိသည်။ သည့်အတွက် သူ ဝမ်းနည်းကြေကွဲခြင်း မရှိ။ ပိုင်ဆိုင်မှုများအတွက် စိတ်သည်ကျဉ်းကျပ်မှုကို ဖြစ်ပေါ်လာသည်ဟု သူခံယူထား၏။

"နှစ်ယောက်စလုံး ကားပေါ်တက်ကြလေ"

သည်နေ့ မမဆေးရုံက အပြန်စောသည်ဟု သူတွေးမိသည်။ ခါတိုင်းသူတို့ကျောင်းဆင်းချိန်နှင့် မမအိမ်ပြန်ချိန်သည် ဘယ်လိုမှဆုံဆည်းမှုမရှိ။

သူက ကားနောက်ခန်းတံခါးကို မှုန့်အတွက်ဖွင့်ပေးပြီး သူကတော့ ရှေ့ခန်း မမနံဘေးမှာ ဝင်ထိုင်လိုက်၏။ ကားကို ဂီယာတင်ပြီး ဘီးလိမ့်အထွက်မှာ ကားရှေ့ခန်း နောက်ကြည့်မှန်ကလေးမှ နောက်ခန်းကို အသာငဲ့ကြည့်ပြီး မမက...

"မှူးကတော့ မမကိုတောင်မဖိတ်ဘူးကွနော်"

"ဘာကိုလဲ မမ"

"မနေ့ညနေက ပွဲတင်းဖုတ်စားတာလေ၊ အင်ကြင်းမြိုင်မှာ မှူးခင်တွယ်တဲ့သူ ကိုပိုင်တစ်ယောက်ပဲရှိတယ်ထင်ပါရဲ့"

"ရှင်..."

နှုတ်မှရှင်ကလေး တစ်လုံးပွင့်ထွက်ပြီး မှူးမျက်လုံးကလေး ကြောင်တောင်တောင်ဖြစ်နေ၏။ သူ့ရင်မှာလည်း တထိတ်ထိတ်ခုန်နေပြီလေ။ မနေ့ကလိမ်ဆင်တွေက ပြီးပြတ်ခြင်းမရှိသေးပါလား။ သည်နေရာမှာ မှူး မပါးနပ်ရင်တော့ သူလည်း သေဖို့သာရှိတော့သည်။

"ရွေးဖိတ်ပြီး ကျွေးတာကို မမ အားကြီး စိတ်ဆိုးတာပဲ"

ပြဿနာပါပဲ။

မမ ငတ်ကြီးကျမှန်း ခုမှသိရတော့သည်။ တကယ်ဆို မုန့်ဖုတ်စားသည့်ကိစ္စရပ်က ဟုတ်ဟုတ် မဟုတ်ဟုတ် တကူးတက တခုတ်တရ မေးနေဖို့မလို။

သည်အခြေအနေမှာ မှူးကိုအသာလက်တို့ပြီး သတိပေးဖို့ကလည်း ဘယ်လိုမှမဖြစ်။ သူကရှေ့ခန်း၊ မှူးကနောက်ခန်း၊





နောက်သို့လှည့်ပြီး မျက်ရိပ်ပြဖို့ကိုတောင် ဘယ်လိုမှစဉ်းစားလို့မရ မမတို့က ပါးလိုက်တာမှလှပ်နေ၏။ သူ့ခြေဖျားလက်ဖျားတွေ အေးစက်ချင်သလိုဖြစ်နေဆဲမှာ ...

"ဖိတ်တဲ့ သဘောလည်း မဟုတ်ပါဘူး မမသင်းရယ်၊ ကိုပိုင်နဲ့ကျောင်းစာတွေ ဆွေးနွေးရင်း ပွဲတင်းဖုတ်စားဖြစ်ကြတာပါ၊ အထင်ကရ လုပ်ရင် မှူးက မမသင်းကို ဖိတ်မှာပေါ့"

အောင်မယ်လေး... တော်လိုက်တဲ့မှူး။

အကင်းပါးလိုက်တဲ့မှူး။

သူ့စိတ်တစ်ခုလုံးပေါ့ပါးသွားပြီး နောက်ကိုအသာယာ လှည့်ကြည့်တော့ မှူး၏မျက်စောင်းကြီးက သူ့မျက်နှာနှင့်ဂဟေ ဆက်သွား၏၊ သူပြုံးတော့ မှူးက မဲ့မဲ့ရွဲ့ရွဲ့လုပ်ပြနေတုန်းပင်။

မှူးတို့ခြံရှေ့မှာ မမက ကားကိုရပ်ပေးသည်။

"ကျေးဇူးကမ္ဘာနော် မမသင်း"ဟုဆိုပြီး မှူးက ကားတံခါးကို ဖွင့်ဆင်း၏။

"ဩော်... မှူး"

"ဟုတ်ကဲ့... မမသင်း"

"မှူးဖေဖေနဲ့မေမေကိုပြောပြနော်၊ မှူးကိုကို ဆေးရုံကနေ ဆေးခန်း တန်းသွားတယ်လို့"

"ဟုတ်လား မမသင်း"

"မမကို စကားပါးလိုက်တာ၊ ပြောလိုက်နော် မမ မ ဆင်းတော့ဘူး"

"ဟုတ်..."

ကားကို ဖြည်းညှင်းစွာ မောင်းထွက်တော့ ဝင်းတံခါးနားမှာ ခပ်တောင့်တောင့်ကလေးရပ်နေသေးသည့် မှူးကို သူကလှမ်းကြည့်သည်။

အကြည့်ချင်းဆုံတော့ မှူးကသူ့ကိုလက်ညှိုးကလေး ဖြောင့်နေအောင်ထောင်ပြ၏။

သဘောကတော့ ကောင်းကောင်းသတိထားဆိုတဲ့သဘော ပါပဲ။

☆ ☆ ☆

# [၉]

ကဗျာမနိုင် စာမကိုင်နဲ့တဲ့။

သည်အဆိုအမိန့် စာပိုဒ်ကလေးကို သူသဘောကျနှစ်ခြိုက်သည်မှာကြာပါပြီ။ ကွယ်လွန်သူ ကဗျာဆရာကြီး ဆရာဒေါင်းနွယ်ဆွေ၏ အဆိုမိန့် စာပိုဒ်ကလေးကို သူ့မှတ်စုစာအုပ်ကလေး၏ ထိပ်ဖျားမှာ ရေးသားထားသည်။

သည်အတွေးတွေနှင့်...

စိတ်ကူးရတိုင်းရေးဖြစ်သည့် ကဗျာလေးတွေ။

သည်ကဗျာလေးတွေ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုပ်ဖြဲခံရသည်ဆိုတော့...

ဆုပ်ဖြခဲ့လိုက်ရသည့်ကဗျာစာရွက်လေးများကို သူနှမြော ကြီးစွာကြည့်နေမိ၏။

စူးလက်နေသည့် မမ၏မျက်လုံးအကြည့်ကတော့ သူ့ အသည်းနှလုံးကို ထိုးဖောက်သွားပြီဟုပဲ ထင်မှတ်သည်။

သည့်နောက် စကားလုံးတွေနှင့်နှိပ်စက်သေး၏။

"ကဗျာရှူး စာရူး၊ အသုံးမကျတဲ့စာတွေ၊ ကဗျာတွေက မင်းဘဝကိုမြင့်မားအောင်လုပ်ပေးနိုင်မှာတဲ့လား၊ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျောထောက်နောက်ခံပြုပေးနိုင်မှာတဲ့လား"

ပယ်ပယ်နယ်နယ်ကြီးကို တွယ်ထည့်သည်။

သည်စကားအပေါ်မှာတော့ သူ့ခေါင်း မတ်ခနဲ ထောင်သွားသည်။

"ကဗျာရေး၊ ဝတ္ထုရေးတာ ဘဝမြင့်မားဖို့အတွက် မဟုတ်ဘူးမမ၊ ဂုဏ်ကျက်သရေတွေ တိုးတက်ဖို့အတွက်လည်း မဟုတ်ဘူး"

"ဒါဖြင့်အရူးထပြီး ရေးတာပေါ့ဟဲ့"

မမအသံသည်လောက်မကျယ်သင့်ဟုတော့ သူထင်သည်။ ပြီးတော့သည်လောက် ဒေါသထွက်နေစရာအကြောင်းလည်း ဘာမှ မရှိ။





"ဘာမဟုတ်တဲ့ စာတွေကို မင်းဘဝမှာ စိတ်ဝင်စားဖို့ မလိုဘူးကိုပိုင်၊ မင်းဘဝ ခရီးဖြောင့်မတ်ဖို့အတွက် ငါဘီလူးထွက် ထွက်ရ ထွက်ရ၊ ဘယ်လိုမှလက်ပိုက်ကြည့်မနေနိုင်ဘူး"

စကားတွေအပေါ် မကျေမနပ်သော်လည်း နှုတ်လှန်မြန်မထိုးရဲ။ အင်ကြင်းမြိုင်တွင် မမသည် ဓားတစ်စင်း ပိုင်ထားသူ။ သူ့ကျောင်းပညာရေးနှင့်ပတ်သက်ပြီး ဖေဖေနှင့်မေမေက မမကို ဝကွက်အပ်ထား၏။

"မင်းဦးနှောက်ထဲမှာ ကဗျာတွေဝတ္ထုတွေမရှိရဘူး၊ ကျောင်းစာပဲ ရှိရမယ်၊ မင်းရဲ့အဓိကတာဝန်က ဆယ်တန်းအောင်ဖို့ပဲ ကိုပိုင်၊ မင်းကိုပညာတွေသင် ပေးနေတာ ကဗျာဆရာ၊ စာရေးဆရာလုပ်ဖို့မဟုတ်ဘူး၊ ငါလိုဆရာဝန်ဘွဲ့ရဖို့ ငွေကုန်ကြေးကျခံပြီး ပညာတွေသင်ပေးနေတာ ဒါကို မင်းခေါင်းထဲမှာ စွဲစွဲ မြဲမြဲမှတ်ထားရမယ်"

"ကျွန်တော်က ဆရာဝန်ဖြစ်ချင်တာမဟုတ်ဘူး"

သည်စကားကို အင်အားသုံး အရဲစွန့်ပြီး သူပြောသည်။

"မင်းကဘာဖြစ်ချင်တာလဲ"

"စာရေးဆရာ"

"ငကြောင်၊ ငပေါ၊ မင်းစကားတွေကို ငါအရမ်းနားခါး
တယ်ကိုပိုင်၊ ငါသည့်ထက် စိတ်ဆိုးမယ့်စကားတွေကို
မင်းမပြောသင့်တော့ဘူး၊ မင်းကိုလဲပြင်းပြင်းထန်ထန်
သတိပေးလိုက်မယ်၊ စာရေးစားပွဲမှာ ကဗျာတွေဝတ္ထု
တွေရေးတာကို လုံးဝလက်မခံနိုင်ဘူး၊ ရှေ့ကို သည်
လိုအချိုးမျိုးတွေ့ရင် ဖေဖေ့ကိုတင်ပြပြီး မင်းကို
ပြင်းပြင်းထန်ထန် အရေးယူရမယ်"

ပြောပြီး မမက အခန်းထဲမှ ခပ်ကြမ်းကြမ်းလှည့်ထွက်သွားသည်။ သူခေါင်းကိုအသာခါယမ်းပြီး မမဆုပ်ဖြဲသွားသည့် ကဗျာစာရွက်အပိုင်းအလေးများကို လိုက်လံကောက်ယူစုစည်းသည်။

သူ့ဘဝမှာ ကဗျာမရှိရတော့ဘူးလား။

ကဗျာစာရွက်တွေကို မမဆုပ်ဖြဲနိုင်စွမ်းရှိသော်လည်း သူ့အသည်းနှလုံးမှာ ထင်ကျန်နေသည့် ကဗျာများကို မမဘယ်လုပ်ဆွဲထုတ်ဖျက်စီးနိုင်မှာလဲ။

☆ ☆ ☆



[၁၀]

ရက်ရက်စက်စက် မမဆုတ်ဖြဲပစ်ခဲ့သည့် ကဗျာအစအနလေးများကို သူကမှုန်ကိုပြသည်။ သူ့မျက်နှာမှ ဝမ်းနည်းကြေကွဲရိပ်များကို မှုန်သတိထားမိလိမ့်မည်။

"ရင်ထဲမှာအရမ်းထိခိုက်သွားတယ်"

မှုန်ငြိမ်သက်နေ၏။

"ကဗျာလေးတွေ အရမ်းသနားဖို့ကောင်းတာပဲ"

"ကဗျာက သက်ရှိမှ မဟုတ်ဘဲ ကိုပိုင်ရယ် သနားစရာအကြောင်း မရှိဘူးလို့ မှုန်ထင်တယ်"

"မဟုတ်ဘူးလေ မှူးစဉ်းစားကြည့်၊ ကဗျာကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပစ်ရအောင် ကဗျာမှာ ဘာအပြစ်ရှိလို့လဲ"

"ကဗျာမှာ အပြစ်မရှိပေမယ့်၊ ကိုပိုင့်မှာအပြစ်ရှိတယ်လေ၊ ဒီတော့ မမသင်းက ကဗျာကို ဆွဲဆုတ်ပစ်တာပေါ့၊ နည်းလမ်းကျပါတယ်"

"ဘာနည်းလမ်းကျတာလဲ၊ အဲသလိုလုပ်တာကောင်းသလား"

သူ့အသံကျယ်သွားသည်ကို မှူးက...

"အော်ပြီး မပြောနဲ့၊ နားမလေးဘူး"

မှူး မျက်နှာရှုတ်ချည်းတည်သွား၏။

သူတော်တော်ကို စဉ်းစားရခက်သွားသည်။ သည်ကဗျာဆိုတာကို လူတွေက ဘာလို့ မနှစ်မြို့နေကြတာလဲ။

ကဗျာဆရာလို့ဆိုတာနဲ့ လူတွေရဲ့မျက်နှာက ဘာလို့ရယ်ကျဲကျဲ ဖြစ်သွားရတာလဲ။

မနေ့က အဖြစ်ကလေးကိုပဲကြည့်။

သူ့အသိ မိတ်ဆွေတစ်ယောက်နှင့် နန္ဒ၊ ဝင်းလွင်တို့ကို မိတ်ဆက်ပေးသည်။ သူတို့က ကဗျာဆရာတွေလေဆိုတာနဲ့ သူ့





မိတ်ဆွေက မချိပြုံးကလေးနှင့် 'ဟုတ်ကဲ့ ဝမ်းသာပါတယ်' လုပ်သွားသည်။ မျက်နှာအလှည့်မှာ လှောင်ရယ်ရယ်သွားသည်ကိုလည်း သူသတိပြုမိခဲ့၏။

"ကျောင်းစာကြည့်ချိန်မှာ တောင်လုပ်မြောက်လုပ်လုပ်တာကို ဘယ်မိဘ၊ ဘယ်အစ်မမှ သဘောကျနိုင်မှာ မဟုတ်ဘူးကိုပိုင်၊ မမသင်းက ကိုပိုင့်ကို နိုင်လိုမင်းထက်ဆက်ဆံတာ မဟုတ်ဘူးဆိုတာ မှူးယုံကြည်တယ်"

အတော်ကိုစိတ်ချဉ်ပေါက်ဖွယ်ကောင်းသည့် စကား။ မိမိဘက်မှာရှိမလားဟု မျက်နှာငယ်လေး လုပ်ပြလိုက်ရသည်ကို ပင်ကိုယ့်ကိုယ်ကိုရှက်သွား၏။ တကယ်ဆို 'ဟာ ဒါကတော့ မမသင်းလွန်တာပေါ့၊ ကိုယ့်မှာ မောင်လေးတစ်ယောက်တည်း ရှားရှားပါးပါးလေးရှိတာ ကြင်နာသင့်တာပေါ့' ဆိုသည့် စကားကို ပြောဖို့ကောင်းသည်။

ခုတော့ သည်လို မဟုတ်။

ကိုယ်လူ့ကပင် သူ့ဘက်သားဖြစ်နေ၏။

"မောင်လေးတစ်ယောက်တည်းရှိတော့ မမသင်းက ကိုပိုင့်ကို သူ့လိုပညာတတ်ဆရာဝန်ကြီး ဖြစ်စေချင်မှာပေါ့၊ ကဗျာရေးတယ် စာရေးတယ်ဆိုတာ ဝါသနာလောက်နဲ့ပဲ ရပ်ထားသင့်ပါတယ် ကိုပိုင်"

"ငါက စာရေးဆရာဖြစ်အောင်ကို ကြိုးစားမှာ"

"ဟင်... ဒီဖြင့် အလုပ် မလုပ်တော့ဘူးလား"

"မလုပ်ဘူး၊ စာရေးဆရာဆိုတာ စာပဲ ရေးနေမှာ၊ ကုန်သည်ပွဲစားလည်း မလုပ်ဘူး၊ သေနတ်လည်း မကိုင်ဘူး၊ ဆေးထိုးအပ်လည်း မကိုင်ဘူး၊ ငါစာရေးဆရာစစ်စစ် ဖြစ်ချင်တယ်မှုး၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝအရောက် မခံနိုင်ဘူး၊ လေးစားမှုမှာလည်း ဆင်းရဲရဲ၊ ချမ်းသာသာ စာပေတစ်ခုတည်းနဲ့ အသက်မွေးဝမ်းကြောင်းတဲ့ စာရေးဆရာတွေကိုပဲ စာရေးဆရာလို့ထင်တယ်"

သည်စကားကတော့ သူ့ယတိပြတ်စကား။

မှုးက သူ့ကို ငါးမိနစ်တိတိ စကားမပြော။

ကျောင်းချိန်စောသေးသဖြင့် ခရေပင်များအုံ့ဆိုင်းနေသည့် လမ်းမကြီးဘက်သို့လျှောက်ဖြစ်ကြသည်။

"မဟုတ်သေးဘူး ကိုပိုင်"

လမ်းပေါ်မှ မြေခဲလေးတစ်ခဲကို သူကခြေနှင့်ရှပ်ကန်လိုက်၏။ လေပြည်တစ်ချက်အဝှေ့မှာ ခရေရွက်ခြောက်များ ကျလာသည်။





မှုး၏ခေါင်းပေါ် တွင်တင်နေသော ရွက်ခြောက်လေးတစ်ခုကို သူက လက်ညှိုးကလေးနှင့် တောက်ပြီး ဖယ်ရှားလိုက်၏။ ပြီးမှ...

"ပြောစမ်းပါဦး၊ ဘာ မဟုတ်သေးတာလဲ"

"ဒီပုံအတိုင်းဆိုရင် ကိုပိုင် ဆယ်တန်းကိုထပ်ကျဦးမှာပဲ"

"ကျရင်ကျလေ၊ စာမေးပွဲကျတာ ငါ့အတွက်ဝမ်းနည်းကြေကွဲစရာမှ မဟုတ်တာ၊ ဆရာဝန်လုပ်ချင်တဲ့သူ၊ အင်ဂျင်နီယာ ဖြစ်ချင်တဲ့သူတွေအတွက်တော့ ဝမ်းနည်းစရာကြီးပေါ့၊ စာရေးဆရာဖြစ်ဖို့က အတန်းကျောင်းတွေကို အမှတ်ကောင်းကောင်းနဲ့ အောင်ဖို့မလိုဘူး"

"ဒါဖြင့် ကိုပိုင်ဘာလုပ်မှာလဲ"

"စာရေးဆရာလုပ်ပါ့မယ်ဆို၊ ဒါပါနဲ့ဆိုရင် နင့်ကိုပြောရတာ အကြိမ်တစ်ရာလောက်ရှိပြီ မှုး"

မှုးက မျက်စောင်းတစ်ချက်ထိုးပြီး...

"စာရေးဆရာလုပ်မယ်ဆိုတာကြီးကို နားခါးတာ အကြိမ်တစ်ရာလောက်ရှိပြီ ကိုပိုင်"

"လဲသေလိုက်ဟာ"

သည်စကားကိုတော့ သူ တကယ်ဒေါသနှင့် ပြောခြင်းဖြစ်၏။

မှူးမျက်နှာမှုန်ကုပ်ကုပ်ဖြစ်သွားသည်။

"ငါ့မှာယုံကြည်ချက်ရှိတယ် သိလား၊ အဲဒီယုံကြည်ချက်နဲ့အစွဲလန်းဟာလဲ ငါကလေးဘဝကတည်းက ဆရာမင်းသုဝဏ်ရေးဖွဲ့ခဲ့တဲ့ မိုးရေတက်ရေတဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲလေးခြေတံရှည်၊ မိုးကုပ်အောက်မှာတည်၊ ကြာနီတစ်ပွင့်ဖြူတစ်ပွင့်၊ တဲနှင့်ပနံတင့် ဆိုတဲ့ ကဗျာလေးဖတ်ရကတည်းက ကဗျာစာပေမြတ်နိုးတဲ့စိတ် ငါ့ရင်မှာ ကိန်းဝပ်ခဲ့တယ်မှူး၊ ငါ့ဘဝမှာ တက္ကသိုလ်က ဘွဲ့မရရင်နေပါစေ၊ မမလို နင့်ကိုကိုလို ဆရာဝန်ကြီး မဖြစ်ရင်နေပါစေ စာရေးဆရာဖြစ်ရင် ငါကျေနပ်ပြီ၊ စာရေးဆရာဆိုတာမှာလည်း ကိုယ့်ဘာသာ ကိုယ်ရေး၊ ကိုယ့်စာကိုယ်ပြန်ဖတ်ပြီး ကျေနပ်နေတဲ့ စာရေးဆရာဖြစ်ချင်တာမဟုတ်ဘူး၊ အောင်မြင်တဲ့၊ စာဖတ်ပရိသတ်လက်ခံတဲ့ စာရေးဆရာဖြစ်ချင်တာ၊ စာရေးဆရာ





ဖြစ်ဖို့အတွက်လည်း ဘယ်ကောလိပ်ဘယ်တက္ကသိုလ်မှာမှ သွားသင်နေဖို့လည်း မလိုဘူး"

"တော်တော့ ကိုပိုင်"

မှူးအသံ တော်တော် ပြုလွန်း၏။

"နင်ငါ့ကို လမ်းလည်ကောင်မှာ မအော်နဲ့၊ နင်ခုတလော သိပ်ပြုလွန်းတယ်"

"ဘာပြုတာလဲ"

"အာပြုတာလေ၊ အာပြုတာ၊ ဘယ်နဲ့ဗျာ...စကားပြောရင် ဘယ်တော့မှ တိုးတိုးသက်သာ မရှိဘူး၊ တစ်ရပ်ကွက်လုံး ကြားအောင် အော်ပြောတယ်၊ ဒီတစ်ခါ အော်ပြောကြည့် လက်သီးပဲ"

မှူးထံမှ အသံထွက်မလာ။

မိမိစွတ်ဟောက်ပစ်တာကို မှူးလန့်ဖျပ်သွားပြီဟု ထင်နေဆဲမှာပဲ ...

"အော်တယ်... အော်တယ်၊ အော်တော့ဘာလုပ်ချင်လို့လဲ"

"ငါထိုးမှာနော်"

"ထိုးလေ...ထိုးရဲရင် ထိုးကြည့်လေ"

"ပြောလေကဲလေပါလား၊ ငါ နားရှင်းကျင်းပစ်မိတော့မယ်နော်"

"ကျင်းလေ... ကျင်းလိုက်စမ်းပါ"

တော်တော် ကိုးလို့ကန့်လန့်နိုင်သည့် ကိစ္စပါပဲ။ တကယ်ဆို မှုံသည် သူပြောသည့် စကားများအပေါ် ငြိမ်ငြိမ်တလေး နေဖို့ ကောင်း၏။ ခုတော့ ပြန်လည်လို့ပင် စိန်ခေါ်သည်။

"ငါသနားလို့ မလုပ်တာနော် မှုံ"

ကိုယ်မလုပ်ရဲတာကို သာသာစီးစီးပြောရသေး၏။

"ဟွန်း... မလုပ်ရဲဘဲနဲ့ လေ ထာမကျယ်နဲ့၊ မှုံပြောနေတာကိုပိုင့်အတွက်၊ စေတနာကို နားမလည်ဘူး"

သူနှုတ်ဆိတ်ထားလိုက်ရသည်။

"ကောင်းစေချင်လို့ပြောတာ၊ ကဗျာရေးပြီးတိုက်ဆောက် ကားစီးနိုင်တဲ့ကဗျာဆရာကို ပြစမ်းပါ"

မသိကျိုးကျွန်ပြုထားတာပဲကောင်းပါ၏။

"စာရေးဆရာလုပ်မယ့်တဲ့၊ အဲ့ဒီပါရဲ့ ဆယ်တန်းဘီက မသူဇာရဲ့အဖေက စာရေးဆရာလေ၊ ချမ်းသာလိုက်တာ၊ အိမ်ကို တစ်ခါလိုက်သွားဖူးပါတယ်၊ ဖင်ကို ဝါးကြမ်းညှပ်တာလူကို အီဆိမ့်သွားတာပဲ"





စကားက အနည်းငယ်လွန်လာပြီဟုတော့သူထင်သည်။

"စာရေးပြီး တိုက်နဲ့ကားနဲ့နေနိုင်တဲ့ စာရေးဆရာတွေ နင် မမြင်ဖူးဘူးလား"

"နိုင်ငံခြားမှာလား"

"မြန်မာပြည်မှာဟ၊ မြန်မာပြည်မှာ"

"အိုး... တစ်သန်းမှာတစ်ယောက်လောက်ရှိတာကိုလာ ပြောမနေနဲ့"

"အေး... တစ်သန်းတစ်ယောက်ရှိရင် သန်းငါးဆယ်မှာ အယောက်ငါးဆယ်ရှိမယ်ဟာ"

"ရေပြစမ်း၊ စာရေးလို့တိုက်ဆောက် ကားစီးနိုင်တဲ့ စာရေးဆရာမြန်မာပြည်မှာအယောက် ငါးဆယ်ရှိရင် မှုံခေါင်းဖြတ်ခံမယ်"

ခုမှ ကိုယ့်စကားနှင့်ကိုယ်ချောင်ပိတ်မိတော့၏။ စာရေးသည့်ဝင်ငွေသက်သက်နှင့် တိုက်ဆောက်ကားစီးနိုင်တဲ့ စာရေးဆရာမြန်မာပြည်မှာ အယောက်ငါးဆယ်ရှိပါ့မလား။ စိတ်နဲ့ အပြေးအလွှား ရေကြည့်တာတောင် အဖြေကမပေါ်။

"နင်သိထားစမ်းပါမှုံ"

"ဘာကိုသိထားရမှာလဲ"

"ဈေးကွက်စီးပွားရေးနဲ့ စာရေးဆရာ ဘာမှမဆိုင်ဘူး နားလည်လား၊ စာရေးဆရာစစ်စစ်တွေကို နင်လိုက်မေးကြည့်၊ စာရေးတာတိုက်ဆောက်ဖို့လား ကားစီးဖို့လားလို့ နင့်ကိုနားရင်းကြီး အချက်သုံးဆယ်လောက်ကို ပိတ်ကျင်းပစ်ကြမှာ၊ စာရေးဆရာတွေက သူဌေးဖြစ်ဖို့ ငွေရဖို့ မျှော်ကိုးပြီး စာရေးကြတာမဟုတ်ဘူး"

"ဒါဆိုရင် အစုတ်အပြတ် စာရေးဆရာဘဝရောက်မှာပဲ"

"နင်သိပ်လွန်လွန်းပြီ တဲ့ဟာ ..."

သူအင်အားသုံးပြီး မှူးကို တွန်းပစ်လိုက်သည်။ မှူးလမ်းနံဘေးသို့ ယိုင်လဲကျသွားပြီး...

"ခွပ်..."

"ဟာ..."

သူမျက်လုံး ပြူးခနဲဖြစ်သွားသည်၊

အုတ်ခဲကျိုးပေါ် ပြိုလဲပြီး မှူး၏နားသယ်စပ်မှ သွေးအများယိုစီးလာ၏၊

"မှူး... မှူးရယ်"

သူသွေးရူးသွေးတမ်းနှင့် မှူးကိုပွေ့ထူသည်။ သွေးစက်များသူ့လက်ခုံပေါ် ကျလာ၏၊





ဘုရားပေးပေး ကျမ်းပေးပေးပါ။

သည်လို အနာတရဖြစ်စေဖို့ သူ မရည်ရွယ်ပါ။

သွေးစက်များယိုစီးနေသည့်ကြားမှ မှူးက သူ့ကိုတောက်ပစွာပြုံးပြသည်၊ သည်အပြုအမူကတော့ အတော်ကို အံ့ဩဖွယ်လောက်ပါပဲ။

တကယ်ဆိုမှူးသည် သူ့ကိုရိုင်းစိုင်းကြမ်းတမ်း သောအပြုမူများနှင့်သာ တုံ့ပြန်သင့်ပါသည်။

"စိတ်ထဲမှာ ဝမ်းနည်းကြေကွဲမနေပါနဲ့ကိုပိုင်၊ ကိုပိုင့်ရင်ထဲမှာ မှူးကိုနာကျင်စေချင်တဲ့ ဆန္ဒလုံးဝမရှိဘူးဆိုတာ မှူးယုံကြည်ထားတာပဲ"

"ဟုတ်ပါတယ် မှူးရယ်၊ မှူးကို နာကျင်စေလိုတဲ့ စိတ်ထားလုံးဝမရှိပါဘူး"

မှူး၏မျက်ဝန်းရွှန်းလဲ့နေဆဲမှာ လွယ်အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ပြီး သွေးစများကို သူကသုတ်ပေးသည်။

"အရမ်းနာသွားလား"

"မနာပါဘူး"

"မညာပါနဲ့မှူးရယ်"

မှုပြုးနေ၏။

သည်အပြုံးမှာအရာရာကို ခွင့်လွှတ်နိုင်စွမ်းရှိနေသည်ကို သူသိလိုက်ပါပြီ။

☆ ☆ ☆

[၁၁]

"အချစ်ဝတ္ထုတစ်ပုဒ်ရဲ့ နှလုံးသားဖောက်ထွင်းမှုဆိုတာ အဲဒါပါပဲကွာ၊ ဖတ်ပြီးတော့ အရမ်းခံစားရတယ် ထက်မင်းပိုင်၊ သည်အရေးအသားအတတ်ပညာဆိုတာ တက္ကသိုလ်ဘွဲ့နဲ့ဆိုင်လို့လားကွာ၊ တက္ကသိုလ်က ဘွဲ့ရမှ စာရေးတတ်ရတော့မှာလားကွာ"

သူငယ်ချင်းနှစ်ယောက်၏ စကားတွေကအလျံပယ်။

"မင်းဝတ္ထု ရေးသမားကောင်းတစ်ယောက်ဖြစ်ပြီ ထက်မင်းပိုင်" ဆိုသည့်စကားကတော့ အချိန်စောသေးသည် ထင်ပါသည်။

သူ ခပ်မြိန်မြိန်ပြုံးတော့ သူ့လက်နှစ်ဘက်ကို ဝင်းလွင်နှင့် နန္ဒာတ ဖျစ်ညှစ်ဆုပ်ကိုင်၏။ ခံစားရသည့် အပျော်ကတော့ သူငယ်ချင်းနှစ်ယောက်ထက်ပိုပါသည်၊

"တို့အသက်တို့အရွယ် တို့အတွေ့အကြုံနဲ့ မဂ္ဂဇင်းမှာ ကဗျာဖော်ပြခံရတယ်၊ ဝတ္ထုဖော်ပြခံရတယ်ဆိုတာ နည်းတဲ့အရည်အချင်းလားကွာ၊ ဒါတို့တွေရဲ့ အုတ်မြစ်ချပွဲပဲ ထက်မင်းပိုင်၊ တို့ ဆက်လက်ချီတက်ရမယ်၊ ကြိုးစားရမယ်"

နန္ဒာအသံက တက်ကြွနေ၏။

ဝင်းလွင်က မဂ္ဂဇင်းမှာ ဖော်ပြခံရသည့် သူ့ဝတ္ထုကို အခေါက်ပေါင်းများစွာဖတ်သည်၊

"ဝတ္ထုပို့ပြီးတော့ မဝံ့မရဲနဲ့စောင့်စားနေရတာ၊ နောက်ပြီး သည်မဂ္ဂဇင်းက နာမည်ရ စာရေးဆရာတွေရဲ့ ဝတ္ထုကိုသာ အသုံးများတာမို့လား၊ ငါ့ဝတ္ထု နာမည်ကြီးဆရာတွေရဲ့ ဝတ္ထုနဲ့ယှဉ်ပါလာတော့ ဝမ်းသာတာထက် ဂုဏ်ယူမိတာက အမှန်ပဲဝင်းလွင်"

သူ့ဘဝရဲ့ပထမဆုံး ပုံနှိပ်စာလုံးနှင့်ဖော်ပြခံရသည့် စာမူ။ သည်ဝတ္ထုလေး ရှင်သန်မှုအတွက် အနုရာယ်အသွယ်သွယ် ဖြတ်သန်းခဲ့ရသည်ကိုတော့ ကိုယ့်ဘာသာကိုယ်သိသည်၊





ညဘက်မေမေမေမေတို့အိပ်ချိန်တွင် အခန်းမီးမဖွင့်ဘဲ ဖယောင်းတိုင်တိုကလေးထွန်းပြီး စာခိုးရေးရသည့်အဖြစ်။

ကျောင်းတွင် စာသင်ချိန်အားလျှင် ချောင်ကပ်ပြီး ကုပ်ကုပ်ကလေးရေးရတဲ့စာမူ။

"စာမူခ ဘယ်လောက်ပေးလဲ"

"သုံးထောင်တောင်ရတယ်ကွ၊ လက်မှတ်ထိုးယူတော့ ငါ့လက်တွေတုန်နေတာပဲ"

"ဒါဆိုဒီလက်ဖက်ရည်ဝိုင်း မင်း ရှင်းရလိမ့်မယ်၊ ပေါက်စီတစ်လုံးစီ ထပ်စားဖို့လည်း တို့နှစ်ယောက်စိတ်ကူးရှိတယ်"

သူ ခပ်တွေတွေဖြစ်သွားတော့...

"ဘာဖြစ်သွားရတာလဲ"

"ကျွေးမှာပါကွ"

"ဟာ... မကျွေးလို့ ဖြစ်မလား"

"ဒါပေမယ့် ငါရတဲ့စာမူခနဲ့တော့ မဟုတ်ဘူး၊ ငါ့မုန့်ဖိုးထဲက သီးသန့်ကျွေးမှာ"

"ဘာဖြစ်လို့လဲ"

သူတို့နှစ်ယောက်က သူ့မျက်နှာကိုအကဲခတ်သလို ကြည့်၏။

"ငါ့ဦးနှောက်၊ ငါ့အတွေးခေါ်နဲ့ ငါ့ဘဝရဲ့ အဦးဖျား ဆုံးရတဲ့ငွေနဲ့ ဖေဖေနဲ့မေမေကို ကန်တော့ချင်တယ်"

"ငွေကလေးသုံးထောင်ကို မင်းအဖေနဲ့အမေက ဂရု စိုက်မလား ထက်မင်းပိုင်ရော၊ မင်းကို ရယ်မှာပေါ့"

"မဟုတ်ဘူးဝင်းလွင်၊ ငါ့ရည်ရွယ်ချက်နဲ့ပါ၊ ငါပြောခဲ့ သလို ငါ့ရဲ့ပထမဆုံး ဝင်ငွေက ဖေဖေနဲ့မေမေ အတွက် ဆီမဟုတ်ပေမယ့် နှမ်းကလေးတစ်လုံးဝါးရ တဲ့အရသာကို ခံစားစေချင်တယ်၊ ငါ့အောင်မြင်မှုကို အသိအမှတ်ပြုစေချင်တဲ့ ဆန္ဒတွေလည်းပါတယ်"

သူတို့ ခေါင်းတဆတ်ဆတ်ညိတ်သည်၊

သည်နေ့သည် သူ့အတွက် အပျော်ဆုံးနေ့ရက်ပါပဲ၊

☆ ☆ ☆



[၁၂]

နဖူးမှစီးကျလာသည့်ချွေးစကို လက်နှင့်သပ်လိုက်သည်။ လက်မှာ မဂ္ဂဇင်းစာအုပ်ကိုင်ပြီး အပြေးတစ်ပိုင်းရောက်လာသည့် သူ့ကို မေမေက မျက်လုံးအဝိုင်းသားနှင့်ကြည့်၏။

ပေါ်တီကိုအောက်တွင်ရပ်နေသော မေမေ၏လက်မောင်း ကို ဆုပ်ကိုင်ပြီးသူက အမောတကောမေးသည်၊

"ဖေဖေကောမေမေ၊ ဖေဖေကော"

"ဘာဖြစ်လာတာလဲသား၊ ဘယ်လိုများရေးကြီးသုတ် ပျာဖြစ်လာရတာလဲ"

မေးပြီး မေမေက သူကိုခပ်ယောင်ယောင်ကြည့်၏။

"မဟုတ်ပါဘူးမေမေရ၊ ဖေဖေကော"

"ဧည့်ခန်းထဲမှာလေ"

သူမေမေ့လက်ကို အတင်းဆွဲပြီး ဧည့်ခန်းထဲသို့ အပြေးကလေးဝင်ခဲ့သည်။

ဧည့်ခန်းဆိုဖာဆက်တီပေါ်မှာ သတင်းစာထိုင်ဖတ်နေရာမှ ဖေဖေက မျက်လုံးလှန်ကြည့်၏။

"သားအမိနှစ်ယောက် ဘယ်လိုဖြစ်လာတာလဲ"

"သိပါဘူး အစ်ကိုသားကျွန်မကို အတင်းဆွဲခေါ်လာတာ"

ဘုမသိဘမသိကိစ္စသည်တော်တော့ကိုတော့ အူကြောင်ကြောင်နိုင်သည်။ သို့သော်လည်း သည်အူကြောင်ကြောင်နိုင်မှုတွေမှာ သူ၏အောင်မြင်မှု သတင်းပါလာသည်ကို ဖေဖေနှင့်မေမေ မသိသေး။

"ဝမ်းသာစရာအကြောင်းအရာတစ်ခုခုပါလာမယ်လို့ထင်တယ်"

"သိပ်သေချာတာပေါ့ဖေဖေ၊ ဝမ်းသာစရာပါမလာဘဲနဲ့ဒီအခြေအနေဟာ ဘယ်လိုလုပ်ပျော်ရွှင်စရာကောင်းလာလိမ့်မှာလဲ"

သူအသံကတက်ကြွနေ၏။





ဖေဖေကတော့ သူ့ကိုပြုံးပြီး အေးချမ်းစွာကြည့်သည်။ သားဖြစ်သူ၏ထူးချွန်မှုကို မြင်တွေ့လျှင် ဖေဖေ့အပြုံးသည် သည့်ထက်မက ပိုမိုတောက်ပလာပါဦးမည်။

"ဖေဖေ့ဘေးမှာ ထိုင်ပါ မေမေ၊ သားရဲ့အောင်မြင်မှုကိုပြပြီး ဖေဖေနဲ့မေမေကို ကန်တော့ချင်လို့ပါ"

သူ့စကားကို ဖေဖေနှင့်မေမေ နားရှင်းပုံမရ၊ သူ့မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်နေကြ၏။

"ဒီလထွက်တဲ့ မဂ္ဂဇင်းစာအုပ်ဖေဖေ၊ အဲဒီမဂ္ဂဇင်းထဲမှာ သားရေးတဲ့ဝတ္ထုတစ်ပုဒ်ပါလာတယ်၊ စာမူခ သုံးထောင်ကျပ်ချီးမြှင့်ခံရတယ်ဖေဖေ၊ သားဘဝမှာ ပထမဆုံး သားအစွမ်းအစနဲ့ရှာလို့ရတဲ့ စာမူခနဲ့ ဖေဖေနဲ့ မေမေကို ကန်တော့ချင်လို့ပါ"

"ဘာကွ... ဘာပြောတယ်၊ စာမူခနဲ့ကန်တော့ချင်လို့ဟုတ်လား"

သူ ဘယ်လိုမှမထင်မှတ်သည့်ဖေဖေ၏ တုန့်ပြန်မှု။ သည်တုံ့ပြန်မှုအောက်ဝယ် သူကိုယ် တွန့်ခနဲဖြစ်သွား၏။ ဖေဖေကထိုင်ရာမှ ဒေါသတကြီး ထလိုက်သည်။

"ခွေးဖြစ်မယ့်၊ သူတောင်းစားဖြစ်မယ့်အလုပ်ကို မိဘတွေမသိအောင် မင်းကလုပ်နေတယ်ပေါ့ ဟုတ်လား"

"မ...မဟုတ်ပါဘူးဖေဖေ၊ ဒီ... ဒီဝတ္ထုကို သားအားတဲ့အချိန်မှာ ရေး... ရေးတာ..."

"ဟော့ကောင် တိတ်စမ်း"

သူ ဖေဖေ့ကို မင်သက်စွာ ကြည့်မိသည်။

အထင်နှင့်အမြင်တွေ ကွာဟမှုအတွက် ဝမ်းနည်းကြေကွဲစိတ်က ရင်သို့လှိုက်ခနဲတက်လာသည်။ မေမေ့ကိုကြည့်လိုက်တော့လည်း မေမေ့မျက်နှာ မှုန်တည်နေသည်ကို စိတ်ထိခိုက်စွာ မြင်လိုက်ရသည်။

"ပေးစမ်း၊ မင်းဝတ္ထုပါတယ်ဆိုတဲ့စာအုပ်"

ပြောပြောဆိုဆို သူ့လက်ထဲစာအုပ်ကို ဖေဖေကခပ်ကြမ်းကြမ်းဆွဲယူသည်။ ပြီးစာအုပ်ကို ဆုပ်ဖြဲပြီး တိုက်နံရံသို့ ပစ်ပေါက်သည်ကိုပါ ချောက်ချားစွာမြင်တွေ့ရသည်။

သူစာအုပ်ကလေးကို နှမြောစွာလှမ်းကြည့်သည်။ ဆုတ်ဖြဲလွင့်ကျနေသော စာအုပ်ကလေးကို စာအုပ်ဟုပင် သူမမြင်တော့။





သူ၏အက်ကွဲကြေမွသွားသော အသည်းနှလုံးဟုသာ ထင်လိုက် မြင်လိုက်သည်။

"ကျောင်းသားက ကျောင်းသားအလုပ်လုပ်တာကိုပဲ ငါမြင်ချင်တယ် ထက်မင်းပိုင်၊ မင်းကိုပညာတွေသင်ပေးနေတာ လူ့ဘဝရဲ့အောက်ဆုံးအဆင့်မှာ နေဖို့အတွက်သင်ပေးနေတာမဟုတ်ဘူးကွ"

အောက်ဆုံးအဆင့်တဲ့လား။

စာရေးဆရာတွေရဲ့ဘဝ ငွေကြေးဖွံ့ဖြိုးမှုမှာ အောက်ဆုံးအဆင့်မှာရှိနိုင်ပေမယ့် သမားဆိုတဲ့ဂုဏ်နဲ့မြင့်မြတ်မှုက ထိပ်ဆုံးမှာတည်ရှိနေတယ်ဆိုတာ၊ ပညာတတ်ဆိုတဲ့ အင်ဂျင်နီယာကြီးဖေဖေ မစဉ်းစားမိတော့ဘူးလား။

"စာရှူး၊ ပေးရူးလုပ်လို့ ဆယ်တန်းလည်း တစ်နှစ်ကျခဲ့ပြီးပြီ၊ ဒီနှစ် အောင်,အောင်ကြိုးစားနေတယ်များမှတ်တယ်၊ မင်းက ဝတ္ထုထိုင်ရေးနေတာကိုး"

"ဒီ... ဒီလိုပါဖေဖေ"

"မင်းပြောမယ့်စကားတွေကို ငါနားထောင်ဖို့မလိုဘူး ထက်မင်းပိုင်၊ ငါပြောတဲ့စကားတွေကိုသာ မင်းနားထောင်ရမယ်၊ ဒီနေ့က စပြီးခွေးဖြစ်မယ့် အလုပ်တွေကို မင်းရပ်တန်းကရပ်လိုက်ပါ၊ ညဘက်မင်း အိပ်ခန်း

တံခါးကို အမြဲဖွင့်ထားရမယ်၊ သမီးကြီးနဲ့ငါ မင်း အခန်းကို အချိန်မရွေးစစ်ဆေးမယ်၊ ကျောင်းစာနဲ့မ ပတ်သက်တဲ့ စာအုပ်မျိုးတွေတွေ့လာရင်တော့ မင်း ငါ့ကိုရက်စက်တဲ့ အဖေလို့မပြောနဲ့၊ မင်းဘဝသာ ယာဖြောင့်ဖြူးဖို့ မင်းဘွဲ့ရပညာတတ် ဖြစ်ဖို့အတွက် ငါလူကြမ်းကြီးပဲ လုပ်ရလုပ်ရ လုပ်မယ်"

ဖေဖေ၏အစိမ်းကားဆုံးသောစကား။

ကန်တော့မည်ဟုကြံရွယ်ထားသော စာမူခငွေတစ်ထောင် တန်သုံးရွက်သည် သူ့လက်ထဲမှာသနားစဖွယ်။

ရှိုက်သံနှင့်အတူ မျက်ဝန်းမှမျက်ရည်တစ်ဥ ပါးပြင်ပေါ်သို့ လိမ့်ကျလာသည်။

ထိုနေ့က ရွှေခရီးအတွက်ဘဝတစ်ခုကို နှင်းရတော့မည်ကို သူအလိုလို နားလည်သဘောပေါက်လိုက်၏။

☆ ☆ ☆

## [၁၄]

အကျိုးကြောင်းကို မှုးကိုပြောပြသည်။

စကားလုံးများအောက်ဝယ် သူ့အသံ ကြေကွဲလှိုက်မော နေသည်ကို မှုးသတိပြုမိလိမ့်မည်။

"အရမ်းခံစားရတယ်မှုးရယ်၊ ငါ့ရင်မှာ ဘယ်လောက် ထိခိုက်ကြေကွဲရတယ်ဆိုတာ မှုးကိုယ်ချင်းစာကြည့် လေ၊ ငါမျှော်လင့်ထားခဲ့တာက ဟာ... ငါ့သားက တယ် ဟုတ်ပါလား၊ ငါ့သားရဲ့ အရည်အချင်းကို ဖေဖေ ခုမှသိတယ်ကွာ၊ ငါ့သားသိပ်တော်တယ် ဆို

တဲ့ စကားထွက်လာလိမ့်မယ်လို့ထင်တာ၊ ခုတော့ မှုံရာ၊ သူ့ဆောင်ဓားကြီးနဲ့ ဆွဲမခုတ်တာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ”

မှုံက မျက်လုံးရွှဲကြီးနှင့်သူ့ကို မော့ကြည့်သည်။

“သိပ်ရက်စက်ကြတာပဲ၊ ပြီးတော့ မမက သူ့အခန်းထဲက ထွက်လာပြီး ကဗျာရူး၊ စာရူးဆိုပြီး ဗိုက်ခေါက်ကို လိမ်ဆွဲသေးတယ်၊ အလူးအလဲကိုခံလိုက်တာမှုံ”

ခရေပင်လမ်းမတစ်ဘက်ကို ကျော်ဖြတ်သည်။ သူတို့ထိုင်နေကျခုံတန်းလေးမှာ ထိုင်သူ မရှိ။ ကျောင်းလာတိုင်းသည် ထိုင်ခုံလေးမှာ သူနှင့်မှုံ ထိုင်ဖြစ်တာကြာပြီ။

“ဝါသနာယုံကြည်ချက်ကို ဘယ်လိုဓားလှံနဲ့ ဖျက်ဖျက်ဖျက်မယ်တဲ့လား မှုံရာ၊ စာမရေးရဘူးဆိုပြီး ငါ့လက်ကို ဖြတ်ထားလိုက်၊ နှလုံးသားထဲမှာ စိတ်နဲ့စာရေးနေမှာပဲ”

“ခေါင်းမမာပါနဲ့ကိုပိုင်ရာ၊ ယုံကြည်ချက်ဆိုတာ တစ်ဖက်စွန်းရောက်လွန်းရင် မကောင်းပါဘူး၊ အန်ကယ်နဲ့အန်တီက ကိုပိုင့်ကိုဘွဲ့တစ်ခုမရမချင်း ပြင်ပအလုပ်တွေ မလုပ်စေချင်တဲ့ ဆန္ဒပါ၊ အန်ကယ်နဲ့ အန်တီမှာ





ကိုပိုင်နဲ့ပတ်သက်ပြီး ရည်ရွယ်ချက်ကြီးကြီး မားမားရှိပါတယ်”

“ဘာရည်ရွယ်ချက်ကြီးကြီးမားမားလဲ”

“ကိုပိုင်ကျောင်းပြီးတာနဲ့နိုင်ငံခြားလွှတ်မှာ”

“သွားစမ်းပါ၊ လျှာမှာ မြက်ပေါက်ချင်ပေါက်စမ်းပါစေ၊ သူများနိုင်ငံမှာ ဘယ်တော့မှ ကျွန်သွားမခံဘူး၊ ရည်ရွယ်ချက်ကြီးကြီးမားမားဆိုလို့ ဘာများလဲအောက်မေ့တယ် ကျွန်သွားခံခိုင်းတာကိုး”

“မဟုတ်ဘူးလေ”

“တော်တော့မှုံ၊ ယုံကြည်ချက်နဲ့ပတ်သက်ရင် ငါအားလုံးကို ရင်ဆိုင်ဝံ့တယ်၊ အာခံရဲတယ်၊ နောက်ပြီး စိမ်ခေါ်ရဲတယ်”

မှုံထံမှ ပင့်သက်ရှည်ကလေးချသံ ကြားသည်။

သည့်နောက်မှုံက စကားမဆိုဘဲ လွယ်အိတ်ထဲမှ ချောကလက်ထုတ်ကို နှိုက်သည်။ အပေါ်မှာ ရွှေရောင်စက္ကူပြားလေးကို အသာခွာပြီး အညိုရောင်ချောကလက်ပြားကို ထက်ပိုင်းချိုး၏။

“ဟ ...”

“ဟာ... မစားပါဘူး”

"အဲဒါဘာဖြစ်ရတာလဲ၊ သူ့ကိုစာကဗျာတွေနဲ့ပတ်သက်ပြီး ပြောရင်အားလုံးကိုရန်သူကျနေတာပဲ၊ ဟာ... ဟာစမ်းပါ"

ငြင်းဆန်ဖို့ကို စိတ်လျှော့လိုက်သည်။

သူ ပါးစပ်ကို အသာဟ,ပေးလိုက်၏။ မှုံခွံ့ကျွေးသော ချောကလက်ခဲလေး၏ အရသာသည် လျှာပေါ်မှာပျံ့နှံ့သွားသည်။

"အရသာရှိတယ်နော် ကိုပိုင်"

"အဲဒါတွေ နေ့တိုင်းစား ချွဲကြပ်နေမယ်"

"ချွဲကြပ်မယ် မကြပ်ဘူးဆိုတာကဖြစ်ပေါ်လာမှ ကြုံရမယ့်ကိစ္စပါ၊ မှုံကျွေးတဲ့ချောကလက်က ချိုလည်းချိုတယ်မို့လား"

သူ ခေါင်းကို အသာညိတ်လိုက်၏။

မှုံပြောသမျှခေါင်းလိုက်ညိတ်ပေးတာ အကောင်းဆုံးအလုပ်ဟုထင်သည်။

"လူ့ဘဝမှာ နေရထိုင်ရတဲ့အခါမှာလည်း အဲသလိုချိုချိုကလေးရှိမှ ကောင်းတာကိုပိုင်"

ဘာစကားတွေလဲ...





ဘာကိုရည်ရွယ်ပြောနေတာလဲ။

မှုံစကားကို သူနားလည်လို့ကို မရသေး။

"မုန့်တစ်ခုကို ချိုချိုဆိမ့်ဆိမ့်ကလေး စားချင်ရင်သကြားထည့်ပြီး ဖုတ်ရလုပ်ရတယ် ကိုပိုင်ရ"

"ဘာလဲမှုံ၊ မှုံတက်ခဲ့ဘူးတဲ့ အိမ်တွင်းမှုသင်တန်းကမုန့်ဖုတ်နည်းတွေ လာပြောနေတာလား"

"မုန့်ဖုတ်နည်းကိုပြောနေတာမဟုတ်ဘူး ကိုပိုင်၊ ကိုပိုင့်ဘဝကို ချိုချိုမြမြကလေးရှိစေချင်တယ်၊ ခုကိုပိုင့်ဝါသနာကို ကိုပိုင့်ဘဝကို အခါးတွေ သုတ်လိမ်းသလို ဖြစ်နေလို့ပြောတာ"

အင်မတန်စိတ်ပျက်ဖွယ်ကောင်းသော စကားကို မှုံ ဆိုလာပြန်၏။ သူ့အဖြစ်က မတ်တတ်ကနေပစ်ပြီးလဲသေဖို့ပင်ကောင်းတော့သည်။

"မှုံတောင်းပန်ပါရစေ"

လုပ်ပြန်ပြီ။

သူပြောချင်တာပြောပြီးတောင်းပန်ပါရစေဆိုတဲ့ စကားကပါလာပြန်၏၊ ဒီကောင်မလေး စိတ်မှုမှန်အခြေနေမှရှိရဲ့လား။

"ဘာကို တောင်းပန်ဦးမှာလဲ"

"စာမေးပွဲကြီးလည်း နီးပြီ၊ ကဗျာတွေစာတွေ မရေး တော့ပါနဲ့နော်"

အဖြေကို မပေးချင်။

ပင့်သက်ကို ခပ်ကြမ်းကြမ်း မှုတ်ထုတ်လိုက်၏။

မိမိ၏ယုံကြည်ချက်သည် အပြစ်တစ်ခုလား၊ ဘဝဆိုတာကြီးကို ဘွဲ့တစ်ခုရမှတည်ဆောက်လို့ ရမှာတဲ့လား။ နောက်ပြီး ဘဝဆိုတာ ဘွဲ့တွေ၊ ဒီဂရီတွေရမှ အောင်မြင်မှုရှိရမှာတဲ့လား။

မှုံမျက်နှာကို ခပ်တွေတွေလေးကြည့်တော့ သူမက သူ ပြောမည့်စကားကို ငံ့လင့်နေပုံရ၏။

သူ ဘာပြောရမှာလဲ။

ကတိတစ်ခုကိုလည်း လွယ်လွယ်နဲ့ မပေးချင်ပါ။

"သွားစို့မှုံ"

သူ့အသံက တုံးတိတိ။

သူထိုင်ရာမှ ထတော့ မှုံကပါ လိုက်ထသည်။ ထိုင်ထားသဖြင့်အနည်းငယ်တွန့်ကြေသွားသော ထဘီကိုဆွဲဆန့်ပြီးမှ ကိုပိုင် ဟိုဘက်ခဏလှည့်ဟု ဆိုကာ ထဘီကိုပြင်ဝတ်သည်။

နှစ်ယောက်ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ခရေလမ်းမကို ဖြတ်ကူးသည်။

"မပြောသေးဘူးနော်"





"လာပြန်ပြီ၊ ဘာတွေ မပြောသေးတာလဲ"

"စာမေးပွဲနီးပြီ၊ ကဗျာတွေ ဝတ္ထုတွေမရေးပါနဲ့လို့ တောင်းပန်ထားတဲ့စကားအပေါ် မှာလေ"

သူနှုတ်ဆိတ်ထား၏။

အတွေးတစ်ခုကို တွေးတောနေဆဲမှာပင် ကျောင်းသူများကို သယ်ဆောင်လာသော ကျောင်းကြိုကျောင်းပို့ကားတစ်စီးက နဘေးမှဖြည်းညှင်းစွာ ဖြတ်မောင်းသွားသည်။ ကားပေါ်မှ ကျောင်းသူများ၏အော်ဟစ်သံက သူ့နားဆီသို့ ကြမ်းတမ်းစွာ ပြေးဝင်လာ၏။

"ကဗျာချာကြီး ထက်မင်းပိုင်"

"စာရေးချာကြီး ထက်မင်းပိုင်"

"မင်္ဂလာသြဘာစာလေးတစ်ပုဒ်ရေးပေးပါဗျို့"

ဘယ်လောက်ဒေါသဖြစ်ဖွယ် ကောင်းပါမလဲ။

အရင့်သီးဆုံးစကားလုံးနှင့်ဆဲရန် ကြံစည်ဆဲမှာ ကားက အဝေးကိုရောက်သွားပြီ။

"ပြောလေ"

"ဘာပြောရမှာလဲ"

"စောစောကစကားကို"

"နင်ကလည်းတစ်မှောင့်ပဲမှူး၊ စောစောက ငါ့ကို နောက်သွားလို့ ဒေါသဖြစ်နေရတဲ့အထဲမှာ ငါ့ဒေါသ တွေ နင့်ပေါ် ပုံကျမသွားအောင် နင့်ပါးစပ်ကို ငြိမ် ငြိမ်ကလေးနေဖို့ ကြိုးစားသင့်တယ်မှူး"

အံ့သြစရာ ကောင်းတာက...

ကြက်ခေါင်းဆိတ်မခံသော မှူးသည် ကျောင်းရောက်သည် ထိ သူ့ကို စကားတစ်လုံးမှမပြောတော့ခြင်းဖြစ်သည်။

☆ ☆ ☆

## [၁၄]

အင်ကြွင်းမြိုင်မှာ မေမေက ရုပ်သေးရုပ်။

ရုပ်သေးရုပ်ဆိုသော်လည်း သူကြိုးဆွဲလျှင် လုံးဝ မကသော ရုပ်သေးရုပ်ဖြစ်သည်။ သို့သော်လည်း ဖေဖေနှင့်မမက ကြိုးဆွဲ လိုက်လျှင်တော့ မေမေရုပ်သေးရုပ် ခြေလက်တွေအကုန်လှုပ် တော့၏။

ခုရက်ပိုင်းအတွင်း မမက တင်းကျပ်သောစည်းမျဉ်းများကို ရေးဆွဲသည်။ ကျောင်းချိန်မှလွဲ၍ အပြင်သို့ လုံးဝ မထွက်ရ၊ စားချိန်သောက်ချိန်မှလွဲ၍ စာအုပ်ကိုမျက်နှာနှင့်မခွာရ။

ပိုဆိုးသည်က ကျူရှင်ဆရာမတစ်ယောက်ကို အိမ်ခေါ်ပြီး စာသင်ခိုင်းသည့်ကိစ္စ။

မမအစီအစဉ်ဝယ် မှူးလည်း မအူမလည် သူနှင့်အတူ ကျူရှင် လာတက်ရသည်။

ပြီးတော့ ...

ပိုပြီး စိတ်ပျက်ဖွယ် ကောင်းသည်က ညဘက် စာရေးစားပွဲ ထိုင်လျှင် မမသည် အနားသို့ မကြာခဏ ရောက်လာတတ်ခြင်း ပင်။ သို့သော်လည်း သူ အညောင်းအညာဆန့်သည့် အချိန် အခါများနှင့် ကြုံကြိုက်လျှင် မမသည်သူ့အတွက် အကောင်းဆုံး နက်စ်တစ်ခွက်ကို သူမ စိတ်တိုင်းကျ ဖျော်လာတတ်ပြီး...

"မမမှာအချစ်ဆုံးနဲ့ရှားရှားပါးပါးဆိုလို့ ဒီမောင်လေး တစ်ယောက်ပဲရှိတာ၊ ဒီမောင်လေးရဲ့ဘဝ ပင်ပန်းမှာ ဆင်းရဲမှာကို မမထက် စိုးရိမ်တဲ့သူ ဘယ်သူရှိနိုင်ဦး မှာလဲ၊ မိဘချမ်းသာလို့ အမွေတွေပုံပြီးပေးခဲ့ဦး၊ ပစ္စည်းဥစ္စာဆိုတာ မျက်လှည့်မျိုးကိုပိုင်ရဲ့၊ ဒါကြောင့် မမက ကိုယ့်မောင်လေးကို မမလို ဆရာဝန်ကြီး ဖြစ် စေချင်တယ်။ ဒါမှမဟုတ် ဖေဖေ့လို အင်ဂျင်နီယာ ကြီးပေါ့ကွယ်၊ ကြိုးစားလျက်နဲ့ အမှတ်က တန်းမဝင်





လို့ ဒါတွေဖြစ်မလာတောင် အုပ်ချုပ်ရေးကို ကျွမ်း ကျင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်စေချင်တာ အမှန်ပါပဲ"

သူက မမစကားကို ဖြတ်ပြီး ဒါတွေ တစ်ခုမှ ကျွန်တော် ဝါသနာ မပါဘူးဟုဆိုလျှင် မမမျက်နှာ ကွက်ခနဲ ပျက်သွားတတ် သည်ကို မကြာခဏ ကြုံဖူးသည်။

ခုလည်း ကျက်စာများလှန်လှောနေချိန်ဝယ် မမသူ့အခန်း ထဲသို့ရောက်လာ၏။

"ကိုပိုင်"

"ဘာလဲမမ"

"မှူးရောက်နေတယ်"

"ဆရာ လာလုပ်ဦးမလို့ထင်တယ်"

မမက ပြုံးသည်။

မှူးနှင့်ပတ်သက်လျှင်တော့ အင်ကြင်းမြိုင်မိသားစုသည် အစစအရာရာ ခွင့်လွှတ်ထားကြ၏။ မှူးကို မမသာမက ဖေဖေ နှင့်မေမေကပါ အချစ်ပိုသည်။ မှူးကလည်း မိသားစုအားလုံး၏ ချစ်ခင်မှုရအောင် ပြောဆိုနေထိုင်တတ်၏။

သူ အပေါ်ထပ်မှဆင်းခဲ့သည်။

သူ့နောက်ပါးမှ မမ ကပ်ပါလာ၏။

အောက်ထပ်ဧည့်ခန်းဆက်တီမှာ မှုံ ထိုင်နေသည်။ သူ့ကို မြင်တော့...

"စာတွေကျက်နေလား ကိုပိုင်"

သူခေါင်းကိုညိတ်ပြသည်။

"ကဗျာတွေ ဝတ္ထုတွေ ရေးနေတာတော့မဟုတ်ပါဘူးနော်"

နင့်အလုပ်မဟုတ်ဘူးဆိုတဲ့ စကားကိုတော့ စိတ်ထဲက ပြောပစ်လိုက်၏။

"ခုတလော ကိုပိုင် အတော်ကို လီမွာနေပုံပါပဲ"

သူ မှုံကို ခပ်စောင်းစောင်းလေး ကြည့်ပစ်လိုက်သည်။

မမကတော့ရယ်ရင်း မှုံနံဘေးမှာ ဝင်ထိုင်၏။ ပြီးမှုံ၏ လက်မောင်းသားတစ်တစ်ကလေးကို ဆုပ်ကိုင်သည်။

"ငါ့ညီမရဲ့အသားလေးတွေက ဝင်းပြီးနုနေတာပါပဲလား"

"မမသင်းကအလှကြီးပါနော်၊ မှုံတို့ခေါင်းရင်းခြံက ကေသီတို့ဒေဝီတို့ညီအစ်မဆိုရင် မမကြိုင်လှိုင်သင်းရဲ့ မျက်နှာနုနုလေးကို ခဏငေးပြီး ကျောင်းကို တက်သွားချင်တယ်လို့တောင် မှုံကို လာပြောတယ်"





နားကြားပြင်းကပ်ဖွယ် ကောင်းလွန်းသောစကားတွေကို စိတ်ပျက်စွာ နားထောင်ရင်း သူ မျက်နှာချင်းဆိုင်ဆက်တီမှာ ဝင်ထိုင်လိုက်၏။

သည်စကားတွေက ခုမှ ပြောကြတာမဟုတ်။ မမကြိုင်လှိုင်သင်းနှင့်မှုံ ဆုံတိုင်း ပြောဖြစ်ကြသည့်စကားတွေ။ တစ်ယောက်နှင့်တစ်ယောက် အပင့်အမြှောက်ကို သူတို့နှစ်ယောက်အတိုင်အဖောက်ညီညီ လုပ်ကိုင်ကြသည်ကတော့ အံ့သြဖွယ်ဖြစ်၏။

"မမသင်းကဘာပြုံးတာလဲ၊ မှုံပြောတာကိုမယုံဘူးလား"

"ယုံပါတယ် မှုံရဲ့"

"မှုံကဘယ်တော့မှ မြှောက်ပင့်မပြောတတ်ဘူးဆိုတာ မမသင်း သိပါတယ်"

မမ၏အပြုံးတွေ ပိုပြီး လက်ဖြာနေသည်ဟု သူထင်၏။

"မမသင်းလိုမမမျိုး မှုံ သိပ်လိုချင်တာပဲသိလား"

"ခေါ်ထားလေ"

"တကယ်လား၊ နောက်မှ ဘွာမခတ်ရဘူးနော်"

မှုံ၏ပခုံးသားအိအိကိုလက်နှင့်အသာ လှမ်းပုတ်ပြီး မမ ကရယ်သည်။

သည်အရွယ်၏အဓိပ္ပာယ်ကို သူမသိဘဲ နေမလား။ မျက်စိထဲမှာ မှူး၏ကိုကို 'ကိုကိုကြီး' ကိုပြေးမြင်လိုက်၏။

"ကဲ...မောင်နှမနှစ်ယောက်စကားပြောကြဟုတ်လား။ ညောင်းညာရင် ခြံထဲမှာ လမ်းလျှောက်၊ မမ စမ်းချောင်းမှာ လူနာတစ်ယောက် သွားကြည့်စရာရှိသေးတယ်"

မမထိုင်ရာမှထသည်။

သူမ၏ဆရာဝန်ပစ္စည်းတွေယူပြီး ကားမောင်းထွက်သွားတော့ သူ မှူးကိုခေါ်ပြီး ခြံထဲ ဆင်းခဲ့၏။ ခြံ၏အရှေ့ဘက်ထောင့် အဝ်ကြီးပင်ကြီးအောက်အရောက်တွင် ...

"ကိုပိုင်"

မထူးဖြစ်သေး။

အစိမ်းနုရောင်သုတ်ထားသည့် ထိုင်ခုံတန်းလေးမှာ ဝင်ထိုင်လိုက်သည်။ အင်ကြင်းမြိုင်၏ သည် အစိမ်းနုရောင်ခုံတန်းလေးမှာ သူနှင့်မှူး မကြာခဏ ထိုင်ဖူးကြသည်။

"ကဲ...ပြော လူတွေ့ရင် တစ်ပိုင်ထဲပိုင်နေတာပဲ၊ နောက်တော့လဲပြောတဲ့စကားက ဘာမှထူးခြားတာမဟုတ်ဘူး"





"အံ့မယ်...ကိုပိုင်နဲ့မှူးမှာ ထူးထူးခြားခြား စကား ဘာပြော စရာရှိလို့လဲ"

"သိဘူးလေ၊ ရှိနေသလားလို့ပါ"

မျက်စောင်းကြီးတွေကတော့ ထုံးစံအတိုင်းပါပဲ။ သူက မသိကျိုးကျွန်ပြုပြီး ခုံတန်းနောက်မှီပေါ် ခေါင်းကို တင်လိုက်သည်။

"ကိုပိုင် စာကျက်ရဲ့လားဟင်"

"ဘာဖြစ်လို့ ပူပန်မှုတွေ အားကြီးနေရတာလဲ"

"စာမေးပွဲကြီး အရမ်းနီးပြီ"

ထူးခြားအံ့ဖွယ်ကောင်းလောက်သော အကြောင်းအရာမဟုတ်၊ ကျောင်းသူကျောင်းသားတိုင်း သိထားကြသည့်ကိစ္စ။ ပြန်လှန်လေ့ကျင့်မှုနှင့် စာကျက်ချိန် အပြည့်အဝ ယူထားကြသဖြင့် ကျောင်းပင် သွားမတက်ကြတော့။

"ကိုပိုင်အောင်အောင်ဖြေရမယ်နော်"

"ဟ...စာမေးပွဲကိုကျအောင်ဖြေတဲ့ကျောင်းသူကျောင်းသားရှိလို့လား၊ အောင်မယ်ထင်လို့ဖြေကြတာချည်းပဲ၊ ကျသွားတော့လည်း ဘာတတ်နိုင်ကြမှာလဲ"

“မဟုတ်ဘူးလေ၊ ခုကတည်းက တတ်နိုင်အောင် ကြိုးစားထားကြရမှာပေါ့”

သူ ထွက်သက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။ သူ့အတွက် အမြဲလိုလို ကြောင့်ကြမှုကြီးနေတတ်သော မှူးကိုလည်း တအံ့တသြဖြစ်ရသည်။

“မှူးမှာ ကိုပိုင့်အတွက်ပဲ စိုးရိမ်နေရတယ်”

“နည်းနည်းလောက် မလွန်လွန်းဘူးလား”

“မလွန်ဘူး မလွန်ဘူး၊ ကိုပိုင့်ကို သံယောဇဉ်ကြီးရတာ သိပ်စိတ်ဆင်းရဲရတာပဲ”

“သံယောဇဉ်ဟုတ်လား”

ရိုးစင်းသော်လည်း စကားကနူလုံးသားကို သိသိသာသာကလေး ရိုက်ခတ်သည်။

သူ မှူးကိုစောင်းငဲ့ကြည့်ပြီး...

“ဘာဖြစ်လို့ သံယောဇဉ်ကြီးရတာလဲ မှူးရယ်”

သူ ကိုယ့်ကိုယ်ကိုပင်နားမလည်ချင်တော့။

မှူး၏မျက်လုံးဝိုင်းဝိုင်းစက်စက်ကလေးအပေါ်မှာ အပြေ တစ်ခုရှိပြီဟုတော့ သူထင်သည်။





ခုံတန်းဘေးပန်းရုံကလေးမှ ပန်းပွင့်လေးတစ်ပွင့်ကို အညာကချိုးပြီး မှူးကို ပန်ပေးတော့ မှူးမျက်နှာရှက်ရိပ်တွေဖြာနေ၏။

မှူးကသတိကို ထိန်းထိန်းသိမ်းသိမ်းကလေး ပြန်ချုပ်လိုက်ပြီး ...

“ကိုပိုင်နဲ့မှူးက ငယ်ငယ်ကလေးတည်းက မောင်လိုနှမလိုနေလာကြတာလေ”

“အင်းလေ... အထူးအဆန်းလုပ်ပြီး ပြောနေဖို့တောင်မလိုတဲ့ကိစ္စပဲ”

“အဲဒီလိုနေလာတော့သံယောဇဉ်ကြီးတာပေါ့ ကိုပိုင်က မှူးကို သံယောဇဉ်မကြီးဘူးလား”

“သံယောဇဉ်ကြီးတာ သေးတာတွေကို ငါမသိဘူး၊ ငါ သိထားတာက မှူးကိုတွယ်တာတယ်၊ ချစ်တယ်”

“ဟင်...”

“ဟင်ဆိုပြီး မျက်လုံးကြီးဘာလို့ ပြူးသွားရတာလဲ၊ ငါ့မှာ ညီမလေးမရှိဘူးလေ၊ အဲဒီတော့ ငါက မှူးကို တွယ်တာတာပေါ့၊ ချစ်တာပေါ့၊ အဲဒါကို ဘာလို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရတာလဲ”

မှူးက ရယ်၏။

ရယ်လျှင်ပွင့်ထွက်လာသည့်မှုး၏ပါးချိုင့်ကလေးကို သူငေးမော့ကြည့်နေမိသည်။

သည့်နောက်ပိုင်း...

စကားသံတွေက ဘာလို့ တိတ်ဆိတ်သွားရတာလဲ။

ခြံစည်းရိုးမှာလာနားသည့် ငှက်လေးနှစ်ကောင်ကို မျှတ်ခနဲကြည့်ပြီး မှုးက ဘာလို့ ခေါင်းငုံ့သွားရတာလဲ။

ငှက်ကလေးနှစ်ကောင်ရဲ့ ချစ်ခြင်းဟာသဘာဝပဲလေ၊

သည်သဘာဝအပေါ်မှာ မှုးရှက်နေတာကိုတော့ သူနားလည်ရခက်နေ၏။

☆ ☆ ☆

# အပိုင်း – နှစ်

## [၁၅]

တက္ကသိုလ်ဒုတိယနှစ်စတက်သည့်နေ့တွင် မှူးက သတင်းတစ်ခု ယူလာသည်။ သည်သတင်းသည် ထူးခြားဆန်းကြယ်မှုမရှိသော်လည်း သူ အံ့အားတသင့်ဖြစ်သွားသည်ကတော့ အမှန်။

"ကိုပိုင် တကယ်မသိဘူးလား"

ခေါင်းကိုခါရင်း...

"ခေါင်းရှုပ်ခံပြီးတော့လဲ မစဉ်းစားမိဘူး၊ မှူးနဲ့ကိုယ့်လိုငယ်သူငယ်ချင်းတွေ သွားသွားလာလာ ရှိကြတယ်ပဲထင်ခဲ့တာ၊ လက်ထပ်မှာ မပြောနဲ့၊ ရည်းစားဖြစ်တယ်ဆိုတာတောင်မသိဘူး"

"အဲဒါဆို စာရေးချာကြီးက လူတဲခတ် အတော်ညံ့တာပဲ"

"ဘာစာရေးချာလဲ ပီအောင်ခေါ်နော်မှုံ"

မှုံကသူ့ကို လျှာကလေးတစ်လစ် လုပ်ပြသည်၊ ပြီးတော့ ဆက်လာမည့်စကားကို သူ နားစွင့်နေမှန်းသိသည်နှင့်...

"မှုံက ဆယ်တန်း မတက်ခင်ကတည်းက ကိုကိုနဲ့ မမသင်း ချစ်နေကြတာကို သိတာ"

"တကယ် ပီရိုတယ်၊ ငါ့ကိုတော့ မမက ဘာမှမပြောဘူး"

မှုံကအသံထွက်အောင်ရယ်၏။

"အတော်ကို အူကြောင်ကြောင်နိုင်တဲ့စကားပဲ ကိုပိုင်၊ အစ်မဖြစ်သူက သူ့ရည်းစားထားတာကို မောင်ဖြစ်သူ ပြောမလားကိုပိုင်ရဲ့"

"အေး... ဟုတ်သားပဲ"

မှုံက စကားကို သဘောကျစွာဖြင့် ပို၍ ရယ်၏၊

မှုံရယ်သည်ကို နားထောင်ရင်း မမမျက်နှာနှင့်ကိုကိုကြီး၏ပုံရိပ်ကို အတွေးမှာမြင်ယောင်လာသည်။

သူ့အနေနှင့် မမနှင့်ကိုကိုကြီးကို သဘောမတူနိုင်စရာ အကြောင်းတော့မရှိပါချေ၊





ယောက်ျားပီသသည့် ဟန်ပန်။

စကားပြောလျှင်တည်တည်ငြိမ်ငြိမ်ပြောတတ်ပြီး မျက်ဝန်းစုံက အစဉ်ထာဝရ ကြင်နာမှုများ လွှမ်းနေတတ်ပါသည်။

ခုမှလည်း သူ သတိတစ်ခု ရမိသည်။

သူ မှုံထံသွား၍ ကိုကိုကြီးနှင့်ကြုံဆုံလျှင် သူ့ကို လိုလိုလားလားတောက်တောက်ပပ ပြုံးပြတတ်သည့်အပြုံးများမှာ အကြောင်းတစ်စုံတစ်ရာရှိနေသည်ဟု သူ ထင်ခဲ့သည်။

ခုတော့ အဖြေပေါ်ပါပြီ။

သူခပ်တွေတွေခပ်ဝေဝေနေသည့်ဟန်ကို မှုံက စူးစူးစိုက်စိုက်ကြည့်ပြီး ...

"ဘာတွေ စဉ်းစားနေတာလဲ ကိုပိုင် မမကြိုင်လှိုင်သင်းကို ကိုကိုနဲ့ သဘောမတူဘူးလား"

"ငါ အဲဒါတွေကို စိတ်မဝင်စားဘူး မှုံ၊ မမရဲ့ဘဝက ငါ့ဘဝ မဟုတ်ဘူး၊ သူ့ဘဝ သူထူထောင်တာ ငါက ဘာမှ အဆုံးအဖြတ်ပေးနေစရာမလိုဘူး၊ အဆုံးအဖြတ်ပေးရင်ကလည်း မမက လက်ခံမှာမဟုတ်ဘူး၊ မမက ပညာတတ်လေ ပညာတတ်ဆိုတာမျိုးက အကျိုးမဲ့တဲ့ အလုပ်ကိုတော့ လုပ်မှာမဟုတ်ဘူး

ကိုကိုကြီးနဲ့မမရရင် နှစ်ယောက်စလုံး အကျိုးရှိကြမှာပါ"

"ဘာဖြစ်လို့လဲ ကိုပိုင်"

"နှစ်ယောက်စလုံးက ဆရာဝန်လေဟာ၊ နှစ်ယောက်စိတ်တူကိုယ်တူမိုးရေတွေကို ရာဝင်အိုးနဲ့စုပြီး လူနာတွေကို ဆေးထိုး မပေးဘဲ မိုးရေချည်းပဲ ထိုးပေးကြမှာပေါ့"

"ဟယ်...ကိုပိုင်ကလဲ အတည်ကြီးနဲ့နောက်တယ်"

သူ့ရင်အုံကို လက်နှင့် လှမ်းထုသည်။

သူက ရယ်ရင်းအကျီအိတ်ထဲမှာ ထောင်တန်တစ်ရွက်ကို ဆွဲထုတ်လိုက်၏။ စာပွဲထိုးလေးကို 'ချာတိတ်' ဟု လှမ်းအော်ခေါ်ပြီး ပိုက်ဆံကိုထောင်ပြသည်။ ငွေရှင်းပြီး သူနှင့်မှုံ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လိုက်သည်။ လမ်းမကိုဖြတ်ကူးမည်အပြုမှာ...

"ထက်မင်းပိုင်...ထက်မင်းပိုင်"

ခေါ်သံကြောင့်လှည့်ကြည့်ပြီး ခြေလှမ်းကိုရပ်လိုက်သည်။ အနားသို့ နန္ဒာ မောကြီးပန်းကြီး ရောက်လာ၏။

"ရှာလိုက်ရတာကွာ၊ မင်းတို့ဟာက ကမ္ဘာပတ်နေသလား အောက်မေ့ရတယ်"





ပြောပြီး မျက်နှာကို ရယ်ကျဲကျဲလုပ်၏။

မှုံက မျက်စောင်းတစ်ချက်ဝင့်ပြီး နှုတ်ခမ်းကလေး စူတူတူလုပ်သည်ကို သူပြုံးသည်။

"အသည်းအသန် လိုက်ရှာနေရအောင် ကမ္ဘာနဲ့ချီပြီး အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့လား"

"မင်းကတော့ လုပ်ပြီ၊ နေ့လည်ဘက် ကလပ်ဖျက်ပြီး မဂ္ဂဇင်းတိုက်တွေကို ဝတ္ထုသွားပို့မယ်ဆို ဝင်းလွင်နဲ့ ငါတောင် ကဗျာတွေအများကြီးရေးထားတယ်"

မနေ့ညက လက်ဖက်ရည်ဆိုင်မှာ ချိန်းထားခဲ့သည်ကိုခုမှ အမှတ်ရသည်။ အစီအစဉ်ကိုလည်း သူကပင်စတင်ခဲ့ခြင်းဖြစ်၏။

"သွားမယ်လေ၊ ဝင်းလွင်ကော"

"တံတားထိပ်မှာစောင့်နေတယ်၊ ခြောက်ထောက်သံစူးလို့လား ဘာလားကွာ၊ ခြေထောက်မှာ ပတ်တီးကြီးနဲ့"

"ဟင်...ဒါဖြင့် ဒီကောင်လိုက်နိုင်ပါ့မလား"

"လိုက်မှာကိုယ့်လူ၊ သူ့ကဗျာပါတဲ့ မဂ္ဂဇင်းမှာ စာမူခကို ဒီကောင်က ကိုယ်တိုင်ထုတ်ချင်သေးတာ၊ ကဗျာနဲ့ပတ်သက်လို့ကတော့ သံအဆိပ်တက်ခံပြီးတောင် အသေခံမယ့်ကောင်"

မှုးက နှာခေါင်းကို ဆတ်ခနဲရှုံ့၏။

အဲဒါကို နန္ဒာ လှမ်းမြင်သည်။

"ဘာရှုံ့တာလဲဟာ"

"အိုး...ကိုယ့်ဘာသာကိုယ် ရှုံ့တာ ဘာဖြစ်လဲ"

"ကြည့်လို့ မလှဘူး"

"ဘာပြောတယ်"

"မဟုတ်ပါဘူး၊ မှုးမျက်နှာလှလှလေးနဲ့ ခုလို နှာခေါင်းကြီးရှုံ့လိုက်တာ မလှဘူးလို့ ပြောတာပါ"

"ပါးအရိုက်ခံရမယ်"

သူ ကြားဝင်ရတော့၏။

"ဟာ... မှုးကလဲ ကိုယ့်သူငယ်ချင်းတွေကို အဲသလို မပြောရဘူးလေ"

မှုးမျက်နှာမှုံ့ကုပ်နေ၏။

နန္ဒာက မှုးကို မဝံ့မရဲကလေးကြည့်ပြီး ...

"တို့ကိုရန်သူလို မဆက်ဆံပါနဲ့မှုးရာ၊ ထက်မင်းပိုင်လိုပဲ မောင်ချင်းနှမလိုဆက်ဆံပါဟာ"

"ဝေးသေးတယ်"

"ဘယ်လောက် ဝေးသေးလို့လဲဟာ"





နန္ဒာက ခပ်နောက်နောက် ...

မှုးက သူ့ကိုမျက်လုံးကြီးပြူးပြီး ကြည့်နေသည်ကိုပင် အရယ်အပြုံးက မပျက်။

"နောက်တာပါမှုးရာ၊ စိတ်မဆိုးပါနဲ့ တို့က ခင်လို့မင်လို့စတာပါ"

"မစနဲ့၊ ထို့က ယူတို့ကို မခင်ဘူး၊ မမင်ဘူး"

"ဘယ်လိုမှကို ညှိနှိုင်းလို့ မရပါလား"

အခြေအနေကသူ စကားဝင်မှဖြစ်တော့မည်ကိုသိလိုက်၏။

"တဲ ... မင်း ဝင်းလွင်နဲ့စောင့်နေလေ၊ ငါလိုက်လာခဲ့မယ်၊ မှုးကို ကျောင်းထဲထိလိုက်ပို့လိုက်ဦးမယ်"

"ဟ... ကျောင်းက လေးငါးလှမ်းလှမ်းလိုက်ရင် ကျောင်းဝင်းထဲ ရောက်မယ့်ဟာကို"

မှုးက နန္ဒာကို ထပ်မံ၍ မျက်စောင်းထိုး၏။ သူ မှုးလက်ကို ဆွဲပြီး ကျောင်းထဲ ဝင်ခဲ့သည်။

"ဘယ်လိုဟာတွေမှန်း မသိဘူး"

"ကဗျာဆရာတွေပါမှုးရဲ့၊ တက္ကသိုလ်ရဲ့နာမည်ရ ကဗျာဆရာတွေပါ"

"ပေါကြောင်ကြောင်နဲ့"

"မပေါ်ကြောင်ပါဘူး မှုံရာ"

"ကဗျာဆရာလို့ ဆိုတာကိုက- ပေါကြောင်ကြောင်ဖြစ်နေပြီ"

ဒါကတော့ အသားလွတ်ကြီး ဆော်ထည့်တာပါပဲ။

ဖြစ်နိုင်ပါတယ်လေ။ မှုံက ကဗျာမှ မဖတ်တာ၊ ကဗျာဆရာမမှ မဟုတ်တာ၊ ကဗျာကိုမှ မမြတ်နိုးတတ်တာ၊ ဒါကို အပြစ်ကြီးတစ်ခုလို ပြောနေရင်တော့ လေထပ်ကုန်ရုံပဲ ရှိသည်။ ဒါပေမယ့် သွေးတိုးစမ်းသဘောတော့ မေးမိသေး၏။

"ကျောင်းမဂ္ဂဇင်းနဲ့လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ သူတို့ရဲ့ ကဗျာတွေ ရှေ့တန်းစာမျက်နှာမှာ ပါကြတာ မှုံ ဖတ်ဖူးမှာပါ"

"ဟင်အင်း...မဖတ်ဖူးပါဘူး။ မဂ္ဂဇင်းဖတ်ရင် မှုံက ကာတွန်းရယ်၊ ဗေဒင်ရယ်၊ ရုပ်ရှင်ရယ်၊ အဲဒါတွေပဲ ဖတ်တယ်"

ကောင်းပါလေ့။

မှုံလို မိန်းကလေးမျိုး မြန်မာနိုင်ငံမှာ တစ်ရာမှာတစ်ယောက်သာရှိရင် ကဗျာဆရာတွေ ရင်ကွဲပက်လက်ဖြစ်ကုန်လောက်၏။





"ငါ့ဝတ္ထုတွေကော ဖတ်လား"

သည်အမေးကို မရဲတရဲလေး မေးမိပါသည်။

မေးပြီး မှုံမျက်နှာကို မသိမသာ အကဲခတ်ကြည့်တော့ မဆိုးပါဘူး။

မှုံမျက်နှာ ပျော့ပျောင်းလာသည်။ တက္ကသိုလ်စတက်သည့်နှစ်ကတည်းက သူ့ဝတ္ထုတွေ အားသွန်ခွန်စိုက် ရေးဖြစ်ခဲ့သည်ကို မှုံ သိသည်။

"ကိုပိုင့်ဝတ္ထုတွေတော့ဖတ်တာပေါ့၊ ကိုပိုင့်ဝတ္ထုတွေမှာ ပါဝင်တဲ့လူငယ်တွေရဲ့အချစ်၊ မာန၊ သတ္တိအားလုံး အားကျဂုဏ်ယူဖို့ကောင်းတယ်ကိုပိုင်"

ပင့်တာလား မြှောက်တာလားတော့မသိ။

ဘာပဲဖြစ်ဖြစ်သည်စကားတွေအပေါ်မှာတော့ သူသိပ်ကျေနပ်သွားသည်။ နက်ဖြန် မှုံကို ရှမ်းခေါက်ဆွဲဆိုင် ခေါ်သွားပြီး ခေါက်ဆွဲသုံးပွဲလောက်ဝယ်ကျွေးမယ်ဟု စိတ်ကူး၏။

"တကယ်ပြောလားမှုံ၊ နင်ငါ့ကိုပင့်တာတော့ မဟုတ်ဘူးနော်"

အမှန်အားဖြင့်သည်အမေးကို မေးနေဖို့ကို မလို။ စိတ်မှာ မလုံလို့သာ မေးလိုက်ရခြင်း ဖြစ်သည်။

မှုံ့အပြောမှာ ရင်ကလေးတိုလည်း တော့လိုက်ချင်ပါသေး၏။ ထော်ကြာမှုံ့စိတ်ထဲက 'ကိုပိုင်က ငပေါကြီးတော့၊ မြှောက်ပြောတာကို အဟုတ်ယုံတယ်' ဟုပြောနေလျှင် သူသေပြီ။

"ဘာမှ ပင့်မြှောက်နေစရာ မလိုဘူး ကိုပိုင်၊ မှုံ့အစက ဝတ္ထုဖတ်တာဝါသနာပါတယ်မဟုတ်ဘူး၊ ကိုပိုင့်ဝတ္ထု တိုလေးတွေ ဖတ်ပြီး ဝါသနာပါလာတာ"

ကဲ... ဘာပြောနေဖို့လိုပါသေးသလဲ။

သူ့တစ်ကိုယ်လုံး လေမှာ မြှောက်တက်သွားလေပြီလားလို့ တောင်ထင်လိုက်မိပါသည်။

တစ်ခါမှ မကြားခဲ့ရဖူးသောစကား။

မှုံ့ ငါ့ကို အထင်တကြီးရှိပါလားဟု တွေးပြီး ဝမ်းသာမိရသေး၏။

"ကိုပိုင်"

"ပြောပါမှုံ့ရဲ၊ ငါ့ဝတ္ထုတွေကောင်းလို့ကောင်းတယ်ပြောတာကို မှုံ့ဘာမှ ရှက်ရွံ့နေစရာမလိုဘူး"

"မဟုတ်ဘူး"

"ဝတ္ထုတွေလည်းရေးပေါ့ကိုပိုင်ရယ်၊ ဒါပေမယ့် ကျောင်းချိန်ကိုတော့ အပျက်မခံပါနဲ့"





ဘုတာကြီးက ပြန်ဆိုက်လာ၏။

စောစောက ပျော်ရသောအပျော်ကလေးပင် တို့လို့ တန်းလန်း ဖြစ်သွားရသည်။ မှုံ့ကို အခန်းရှေ့ပို့ပေးပြီး လှည့်ထွက်မည်အပြုမှာ...

"ဂန်ချာတို့နဲ့ မတွဲပါနဲ့ကိုပိုင်"

"ဘယ်က ဂန်ချာလဲ"

မျက်ခုံးနှစ်ဖက်ကို ပင့်ပြီး တအံ့တသြနှင့်မေးမိ၏။

"စောစောက ကဗျာဆရာဆိုတဲ့ ပုဂ္ဂိုလ်ကြီးလေ"

"နန္ဒာပါ မှုံ့ရဲ၊ ဂန်ချာမဟုတ်ပါဘူး"

"အိုး ... နန္ဒာလား ဂန်ချာလားဆိုတာ မှုံ့မသိဘူး၊ သူနဲ့ စာသင်ချိန်ပျက်ပြီး အပြင်ထွက်တာတော့ မှုံ့မကြိုက်ဘူး"

မှုံ့ ဘာလို့ သူ့ကို ပိုင်စိုးပိုင်နင်းနေရသည်ကို သူစဉ်းစားလို့ကိုမရ။

"မှုံ့ကလဲကွာ"

"ဘာ မှုံ့ကလဲကွာလဲ"

"ငါ့အတွက် ပါရမီဖြည့်ဘက်ဖြစ်အောင် ကြိုးစားစမ်းပါ"

သူ သည်စကားကို ဘာလို့ပြောမိပါလိမ့်။

သည်စကားအပေါ်မှာ မှုးတွေဝေငြိမ်သက်သွားသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

သူလှည့်ထွက်ခဲ့ပြီး ခြေလှမ်းလေးငါးလှမ်းအရောက်တွင် မှုးကို လှည့်ကြည့်ဖြစ်၏။

မှုး သူ့ကို အခန်းဝမှာ ရပ်လျက်တွေတွေကြီး ငေးကြည့်နေတုန်းပါပဲလေ။

☆ ☆ ☆

## [၁၆]

"မင်းကို ရပ်စောင့်နေရာတာ တို့ခြေထောက်တွေ မှိုတက်တော့မယ် ထက်မင်းပိုင်" ဆိုသည့်စကားကို ဝင်းလွင်က ပြောသည်။

နန္ဒာက...

"ဒီကောင်က မှုးနဲ့တွေ့ရင် သက်ရှိလောကကြီး တစ်ခုလုံးကို မေ့ပစ်လိုက်တာက"

"မင်းကို ငါမေးစမ်းပါရစေ ထက်မင်းပိုင်"

"ဘာမေးမှာလဲ"

"မှန်မှန်ဖြေဖို့တော့ လိုတယ်"

မြကြိုးမြင့်ချောစာပေ

"မင်းတို့ကို ငါ ဘယ်တုန်းက လိမ်ဘူးလို့လဲ၊ လိမ်ညာ ပြောတဲ့အလုပ်ကို သူများတွေလုပ်ရင်လည်း မုန်းတယ်၊ ငါ ကိုယ်တိုင်လည်း မလုပ်ဘူး"

"ကျေနပ်ဖွယ်စကားပဲ၊ ကဲ… ငါမေးမယ် မင်းနဲ့မှူး ချစ်နေကြလား"

"ဘယ်လို ချစ်တာကို ပြောတာလဲ"

"ဟော့ကောင် အူကြောင်ကြောင် လုပ်မနေနဲ့၊ ချစ်နေကြလားလို့ မေးတာက သမီးရည်းစားလိုမေးတာ"

သူ့ရင် သိမ့်သိမ့်ကလေးခုန်သွား၏။

သမီးရည်းစားအချစ်ဆိုသည်ကို သူ့စိမ်းတစ်ရုံထံမှ ပထမဆုံး ကြားရခြင်းလည်း ဖြစ်သည်။

သူခပ်တွေတွေလေးလုပ်နေတော့ …

"ဖြေလေကွာ၊ ငါ ပြောထားသလို မှန်မှန်ကန်ကန် ပြောဖို့လိုတယ်"

"သမီးရည်းစားလို့တော့ မချစ်ကြပါဘူး"

အဖြေက လျော့တိလျော့ရဲ နိုင်နေသည်ကိုလည်း ကိုယ့်ကိုယ်ကို သိသည်၊ ဒါကလည်း မလိမ်ညာသော အမှန်ကန်ဆုံး စကားပါပဲ။

သူ့ထံက သည် စကားထွက်လာတော့ ဝင်းလွင်နှင့်နန္ဒာက မယုံကြည်စွာဖြင့် သူ့မျက်နှာကိုကြည့်သည်။





"ယုံရခက်ခက်ပဲ ထက်မင်းပိုင်၊ မင်း မလိမ်တတ် မညာတတ်တာကိုလည်းသိတော့ တို့ ဘာဆက်မေးရမှန်းတောင် မသိဘူး"

သူ ငြိမ်နေလိုက်၏။

အဖြေတစ်ကိုလည်း သူဆန်းစစ်မိသည်။ မချစ်ကြပါဘူးဆိုတဲ့ သူ့အဖြစ်သည် နိုင်လုံပါ့မလား။ ပြည့်စုံခြင်းကောရှိပါ့မလား။

"အားလုံးက မင်းနဲ့မှူးကို သတ်မှတ်ထားကြတယ်"

"ဘာသတ်မှတ်ထားတာလဲ"

"ချစ်သူအဆင့်ကိုပေါ့"

"ဒါကတော့ သူတို့နဲ့ မပတ်သက်တဲ့ ကိစ္စပဲ ဝင်းလွင်၊ သူတို့သတ်မှတ်ချက်အပေါ်မှာ မှူးနဲ့ငါ ဘာမှသွားပြီး ပတ်သက်စရာမလိုဘူး"

"ခုအချိန်မှာတော့ မင်းမှူးနဲ့ပတ်သက်ဖို့လိုလာပြီ ထက်မင်းပိုင်"

ဘာစကားလဲ

သူဝင်းလွင်ကို ခပ်စူးစူးကြည့်တော့ ဝင်းလွင်က…

"မှူးကို ဆေးက ကောင်တစ်ကောင် လာကပ်နေတယ်၊ ဒါတွေကို မင်းသိလား"

လှမ်းနေသည့်ခြေလှမ်းက ရုတ်ချည်း တုန့်ဆိုင်းသွား၏၊ နန္ဒာ မျှတ်ခနဲ လှည့်ကြည့်သည်၊

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး မှူးငါ့ကိုဘာမှမပြောဖူးဘူး"

"ဟာ...ဒါပြောကောင်းတဲ့ စကားမှ မဟုတ်ဘဲကွ၊ မင်းနဲ့မှူး နှလုံးသားပတ်သက်မှု မရှိရင်တော့ အဲဒီကောင်နဲ့ ပတ်သက်မှာ အသေချာပဲ၊ ဟိုတစ်နေ့က ရထားလမ်းဘေးက လက်ဖက်ရည်ဆိုင်မှာ အဲဒီကောင်ကို မှူးနဲ့ အတူ တွေ့ခဲ့သေးတယ်"

လုံးဝ မျှော်လင့်မထားသော အကြောင်းအရာတစ်ခုတရင်ကို လာထိသည်။

သည်အကြောင်းရာတွေနဲ့ပတ်သက်ပြီး မှူးသူ့ကို ပြောမပြတာကိုက ရင်မှာ တင်းကျပ်စွာ ခံစားလာရ၏၊

"နာမည်သိလား"

"နေဦး၊ ဒီတစ်ခါတွေ့ရင် ခင်ဗျားနာမည် ဘယ်သူလဲလို့ ငါ မေးကြည့်ထားလိုက်မယ်"

ဝင်းလွင်က အတည်လို နောက်သလို ပြောသည်၊

သူ့အတွေးတွေဝေ့နေဆဲမှာပင် ဝင်းလွင်ကထပ်ပြီး ...





"မင်း မှူးအပေါ်မှာ နှလုံးသားအခြေခံလေးတွေ ရှိခဲ့ရင်ပေါ့ကွာ၊ လက်နှေးပါးစပ်နှေးနေလို့တော့ မဖြစ်ဘူး၊ ခုခေတ်မှာ ဆေးထိုးအပ်တွေက သိပ်ချွန်တာ၊ စာပေလောကမှာလည်း ကြည့်၊ ဆေးထိုးအပ်တွေ ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ဝင်နေတာ၊ တကယ်ရေးမရေးတော့ ငါလည်း မသိဘူး"

ဆေးထိုးအပ်တွေ စာတကယ် ရေးတာမရေးတာ သူ့ပြဿနာ မဟုတ်။ သူ့ပြဿနာက မှူးနဲ့ပတ်သက်လာသည့် ပြဿနာ ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်နေရတာကိုလည်း ကိုယ့်ဘာသာ ကိုယ်သိ၏။

"ငါ မှူးကိုမေးမယ်"

"ဘာမေးမှာလဲ"

"အဲဒီကောင်နဲ့ဖြစ်နေသလားလို့ပေါ့ကွ"

"အိုး ... ဒီကိစ္စကို မင်းဘာမှမေးနေစရာမလိုဘူး ထက်မင်းပိုင်၊ မင်းမှူးကို ချစ်မချစ် မင်းကိုယ်မင်းပြန်မေး၊ ချစ်တယ်ဆိုရင်တော့ မင်းမှူးကိုဖွင့်ပြောလိုက်ပေါ့"

"ဟိုကောင့်ကို ချစ်ထားနှင့်ရင်ဘယ်လုပ်မလဲ"

သူ့စကားကို ဝင်းလွင်ရော နန္ဒာပါ ရယ်ကြ၏၊ သူ့နည်းနည်းတော့ ရှက်သွားရသည်။

"မင်းဟာလေ အချစ်ဝတ္ထုတွေရေးပြီး အချစ်နဲ့ပတ်သက်လာရင် တကာယ့်ကို မပွင့်လင်းတဲ့ကောင်ပဲ၊ ငါတို့ကတော့ မှူးကို ညီမလေးလို့ သူငယ်ချင်းမလို ချစ်နေရှာတာပဲလို့ထင်နေတာ၊ သူများခူးတော့မယ်ဆိုမှ မရှုနိုင်မကယ်နိုင်နဲ့ မင်းပုံက သနားစရာမကောင်းတဲ့အပြင် ဖနောင့်နဲ့တောင်ထပေါက်ပစ်ဖို့ကောင်းတယ်"

သူငြိမ်နေရပြန်၏။

အတန်ကြာမှ နန္ဒာက...

"မှူးက လွတ်လပ်နေသူပဲကွာ၊ အချစ်ကိုတင်ပြနိုင်တဲ့ အခွင့်အရေး မင်းမှာ ရှိပါတယ်၊ ဒါပေမယ့် ဟိုကောင့်ကိုအချစ်တွေ ပုံပေးပြီးပြီဆိုရင်တော့ မင်းမောပြီ"

မောပြီတဲ့လား၊

သည်စကားအပေါ်မှာ သူ ဘာလို့ အရှုံးခံစားသွားရတာလဲ။ နောက်ကြောင်းပြန်လှည့်ပြီး မှူးထံပြေးသွားချင်စိတ်တွေ တဖွားဖွားပေါ်သည်။





မဖြစ်သေးပါဘူး။

သူ ပင့်သက်ကို ဖွဖွချရင်းနှင့်ပင် ကားမှတ်တိုင်သို့ ရောက်လာခဲ့ကြသည်။

☆ ☆ ☆

မဂ္ဂဇင်းအသစ်ဆိုတော့လည်း အယ်ဒီတာအသစ်ဆိုသည့် ပုဂ္ဂိုလ်နှင့်က ပတ်သက်ခဲ့ဖူးခြင်း မရှိ။ မဂ္ဂဇင်းဂျာနယ်တွေ မှိုလိုပေါက်သလို၊ အယ်ဒီတာဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း ပေါမှပေါပါပဲ။

နောက်ပြီး ...

အထူး ပြုဝိသေသတွေကလည်း အမျိုးမျိုး။

ဂုဏ်ထူးဆောင်စာတည်းတဲ့။ စာတည်းမှူးချုပ်တဲ့။ ထားပါ၊ ဒါတွေက သူတို့အတွက် ပြဿနာမဟုတ်ပါဘူး။ သူတို့အတွက် အရေးကြီးလှသည့်ကိစ္စရပ်လည်း မဟုတ်ပါဘူး။ သူတို့အတွက် အဓိက လိုအပ်ချက်က ဆက်ဆံရေးပြေပြစ်ဖို့နဲ့ အယ်ဒီတာချုပ်ဆိုတဲ့အရည်အချင်းရှိဖို့ပါပဲ။

ခုတော့ ...

သည်မဂ္ဂဇင်းအသစ်တွင် အယ်ဒီတာဆိုတဲ့ ပုဂ္ဂိုလ်နဲ့ပတ်သက်ပြီး လမ်းပေါ်ရောက်မှ ဒေါသတွေကို အထိန်းအချုပ်မဲ့ လွှတ်ပေးလိုက်ရသည်။

"ကြီးကျယ်လိုက်တာကွာ၊ သူတို့ ပိုက်နက်မှာ ဒေါသတွေ မကြီးထွားချင်လို့ စိတ်ကို အရမ်း ချုပ်တည်းပစ်လိုက်ရတယ်"

နန္ဒာက လက်ညှိုးနှင့်လက်မကြားတွင် ညှပ်ကိုင်ထားသော ဆေးပေါ့လိပ်တိုကို လမ်းမပေါ် အားနှင့်မာန်နှင့်ပစ်ပေါက်လိုက်၏။

သူကတော့မျက်စိထဲတွင် မဟာပညာရှိပုံပေါက်နေသော အယ်ဒီတာကြီး၏မျက်နှာကို ပြေးမြင်ပြီး စိတ်ထဲမှနေ၍ မျက်ခွက်ကြီးကို လက်သီးနှင့်အားလုံးနှစ်ဆယ်လောက်ဆင့်ထိုးနေမိ၏။

"အနုပညာနဲ့ဆက်နွယ်ပြီး အလုပ်လုပ်နေကြတာပဲကွာ၊ စာပေသမားဆိုရင် ပေါက်စနလေးပဲဖြစ်ဖြစ်၊ အကောင်ကလောင်ကြီးပဲဖြစ်ဖြစ် တလေးတစား တော့ ဆက်ဆံရမှာပေါ့၊ ခုတော့ကွာ၊ မပြောချင်သလို မဆိုချင်သလိုနဲ့၊ တို့နောက်က ဝင်လာတဲ့ ထမီပေါင်ကွဲ ငတိမကျတော့ စကားတွေပြောလိုက်တာ ရွှန်းရွှန်းတိုဝေနေတာပဲ၊ တကယ့် ဂန္ဓဝင်နှာဘူးကြီး"





"အဲဒီငတိမက ဘယ်သူလဲ"

နန္ဒာက သူ့ကိုမျက်လုံးကြီးဝင့်ကြည့်ပြီး ...

"မင်း မသိဘူးလား"

"ဟောအေး ..."

"ငတုံး...နေရာတကာမှာ ဟိုစပ်စပ် ဒီစပ်စပ် လျှောက်ပါတဲ့ ငတိမလေ၊ သူ့အကြောင်းတွေ မဂ္ဂဇင်းသတင်းကဏ္ဍမှာ ဓါတ်ပုံနဲ့ ပါချင်လွန်းလို့ အယ်ဒီတာဆိုတဲ့ ငတိတွေကို အိမ်ခေါ်ပြီး ထမင်းဖိတ်ကျွေးရ၊ ရွှေတောင်ခေါက်ဆွဲလုပ်ကျွေးရနဲ့ သူ့ရုံးလခတစ်လစာတက်တက်ပြောင်လို့ မေထက်ပြောင်လို့ နာမည်ကြီးနေတဲ့ ငတိမလေ"

"အား...သိပြီ...သိပြီ"

"အေး...သိရင် ရင်ထဲမှာပဲ ထားလိုက်တော့"

ပြောပြီးနန္ဒာက ဟက်ခနဲရယ်၏။

"အဲဒီငတိမက လုံးချင်းတွေတော့ ထွက်သားပဲ၊ ဈေးတန်းမှာ မလိုက်ပေမယ့် မဂ္ဂဇင်းတွေမှာတော့ သူ့အကြောင်း သူ့သတင်းက လစဉ်လိုပဲ"

သူစိတ်ဝင်တစားနှင့်ပြောတော့ဝင်းလွင်က...

"စာဖတ်ပရိသတ် လက်ခံတာ လက်မခံတာ ဘေးဖယ်ထား၊ မဂ္ဂဇင်းသတင်းမှာ ပါဖို့အတွက် အလျှရက်ရောဖို့ပဲ လိုတယ် ကိုယ့်လူ"

သူရယ်နေဆဲမှာ နန္ဒာက စောစောကအယ်ဒီတာကြီးနှင့် ပတ်သက်ပြီး ဒေါသကြီးနေပြန်၏။

"ကဗျာတွေ ထားခဲ့မိတာ နောင်တ ရတယ်ကွာ၊ မင်းက ထားခဲ့ဖို့ မျက်ရိပ်ပြလို့သာ ငါ့ကဗျာတွေကို သူ့ စားပွဲပေါ် တင်ခဲ့တာ ဝင်းလွင်၊ နို့မို့ရင် အဲဒီမသာကြီး ရှေ့မှာ ငါ့ကဗျာတွေကို ဆွဲဆုပ်ပစ်တယ်၊ ရန်ကုန်မြို့ကြီးမှာ စာပေအရည်သွေးကို ကြည့်ပြီး သုံးသပ်ဆုံးဖြတ်တဲ့ အဆင့်တန်းရှိရှိ မဂ္ဂဇင်းတွေ အများကြီးပါကွာ၊ ဒီမယ် ဝင်းလွင်၊ ဒီလမ်းထဲမှာ ချိုင့်တွေဝှမ်းတွေ ဘာလို့ဖြစ်ရတာလဲသိလား"

"လမ်းပျက်နေလို့ပေါ့"

"ငတုံး မသေမချင်း မှတ်ထား၊ အဖိခံအနှိမ်ခံ ကဗျာသမား၊ စာသမားတွေရဲ့ ဖနောင့်ဒဏ်တွေကွ သိလား၊ အဲဒီ စာသမားတွေက ဖနောင့်နဲ့ပေါက်ခဲ့လို့ ချိုင့်တွေ ဖြစ်နေတာ"

ဟုတ်လောက်သည်။





သည်လမ်းသည်မြေမှာ စာသမားတွေရဲ့ 'တက်' ခေါက်သံ ဘယ်လောက် ညံခဲ့ပြီးပြီလဲ။

ရွှေဘုံသာလမ်းဘက် လျှောက်ခဲ့ကြသည်။

ပင်ပန်းနွမ်းနယ်နေသည့်အချိန်မှာ လက်ဖက်ရည်ကောင်းကောင်းတစ်ခွက်တော့ သူ သောက်ချင်နေသည်။

စာပေလောကရဲ့အမောတွေကို သူတို့ ခုမှ ဖြတ်သန်းခဲ့ကြတာမှ မဟုတ်ဘဲ။ သည်လို ဝေဒနာတွေကို ခုမှခံစားရတာမှ မဟုတ်ဘဲ။

လက်ဖက်ရည်ဆိုင်ရောက်တော့ ထိုင်ခုံကလေးတွေ ကိုယ်စီဆွဲပြီး ထိုင်မည်အပြုမှာ...

"ဟာ... အာကာကြီး"

"အေး...မင်းတို့ကိုတွေ့လို့ သည်ဘက် ကူးလာတာ"

ပြောပြီး ခုံပုလေးတစ်လုံးကို ဆွဲယူထိုင်သည်။

"မျက်နှာကြီးက တစ်လောကလုံးနဲ့ရန်ဖြစ်ထားတဲ့ မျက်နှာကြီးပါလား အာကာရ"

"တောက်"

စကားသံအရင်ထွက်ပေါ် မလာဘဲ တောက်ခေါက်သံက ခပ်ပြင်းပြင်းထွက်ပေါ်လာ၏။ အာကာ့မျက်နှာကို သူတို့အားလုံး ကြည့်လိုက်ကြသည်။

"ငါ ဒေါသဖြစ်လွန်းလို့ပါကွာ"

"အင်း...ဒီနေ့အပေါင်းအသင်းတွေအားလုံး ဒေါသကို ရင်မှာပိုက်ထားကြပါလား၊ ကဲ... ဒေါသတွေပြေသွားအောင် လက်ဖက်ရည်ချိုချိုလေး တစ်ခွက်လောက်သောက်လိုက်ကွာ ပြီးမှ ဒေါသဆက်ဖြစ်"

ပြောပြီး သူက အာကာ့အတွက်ပါ လက်ဖက်ရည်မှာပေးသည်။ လေးယောက်သားမျက်နှာချင်းဆိုင်ထိုင်ရင်း အတွေးကိုယ်စီရှိနေကြသေး၏။

အတန်ကြာမှ သူက သတိတရဖြင့် အာကာကို...

"ဒီလ မာန်မဂ္ဂဇင်းမှာ မင်းဝတ္ထုပါလာတယ်ဆို၊ စာအုပ်ဆိုင်မှာ လှန်ကြည့်သေးတယ် မတွေ့ဘူး"

"အဲဒီအတွက် ဒေါသဖြစ်လာရတာကွ"

ပြောပြီး အာကာက သူ့နှာသီးဖျားတွင် သီးနေသော ချွေးစကို လက်နှင့်သပ်ချလိုက်၏။

"ဘယ်လိုဖြစ်ရတာလဲ၊ ကွန်ပြူတာတောင်စီပြီးပြီဆို"

"အေးလေ၊ အားလုံးစီစဉ်ပြီးကာမှ နာမည်ကျော်ပုဂ္ဂိုလ်ကြီးရောက်လာပြီး သူ့ဝတ္ထု ဒီလပါမှဖြစ်မယ်၊ မဖြစ်မနေ ထည့်ပါလုပ်တာနဲ့ ကိုရွှေအယ်ဒီတာကြီးက ငါ့ဝတ္ထုကို ချန်ထားခဲ့တယ်ကွာ"





"ဟာ... မျက်နှာလိုက်လှချည်လား"

"အဲဒါကို ငါ ဒေါသကြီးလာတာပေါ့ကွ၊ ဒါပေမယ့် တစ်ခုတော့ ဖြေလိုက်မိပါတယ်ကွာ၊ ငါတို့က နာမည်ကြီးမှမဟုတ်ပဲကိုး"

နာမည်ကြီးမှ မဟုတ်ဘဲကိုတဲ့။

သည်စကားက သူ့နှလုံးသားကို နက်နက်ရှိုင်းရှိုင်း ထိထွင်းဖောက်ဝင်ပါသည်။

သူငယ်ချင်းတွေနှင့် လမ်းခွဲပြီး သူ အိမ်ပြန်ခဲ့၏။

ညနေနှောင်းစအချိန်မှာ မှူးရောက်လာပြီး လမ်းလျှောက်ရအောင်ဟု သူ့ကိုခေါ်သည်။

သူနှင့်မှူးလမ်းလျှောက်ထွက်တော့ ခပ်ငိုင်ငိုင်ဖြစ်နေသည့် သူ့ကိုကြည့်ပြီးမှူးက...

"ကိုပိုင်ဘာဖြစ်နေတာလဲ"

"လောကြီးမှာ နာမည်ကြီးမှ နာမည်ကျော်မှ အရာဝင်တာနော် မှူး"

သူ့စကားကို မှူး နားမလည်ပါချေ။

☆ ☆ ☆

## [၁၇]

အချစ်ဆိုသည့်အဖြစ်က ရယ်စရာလည်း ကောင်း၏။

သည်ရယ်စရာကောင်းတာကိုပဲ မမျှော်လင့်မှုများ ဖြစ်ခဲ့ရသည်။ သည်မမျှော်လင့်မှုများဝယ် သူနှင့်မျှုံးအတွက် ပတ်သက်စရာ ဘဝတစ်ခု ဖြစ်ပေါ်လာရလေသည်။

မနေ့က ဝင်းလွင်ပြောသည့် ဆေးတက္ကသိုလ်ပုဂ္ဂိုလ်အကြောင်းကို တစ်နေ့လုံး မေ့မေ့လျော့လျော့ရှိခဲ့သည်။

သည်နေ့မျှုံးနှင့်အတူ ကျောင်းလာရင်း ရထားလမ်းဘေးက လက်ဖက်ရည်ဆိုင်လေးကိုမြင်တော့မှ ဆေးကဆိုသည့်ငတိ အကြောင်း ခေါင်းထဲကို ဝင်လာရတော့၏။





"ဒီနေ့ ကျောင်းမတက်နဲ့တော့မျှုံး"

"ဟင်...ကျောင်းရောက်မှ ဘယ်လိုဖြစ်ရတာလဲ"

"မျှုံးကို စကားပြောချင်လို့"

"စကားပြောတာပဲ ကိုပိုင်ရယ်၊ အခန်းထဲမှာထိုင်ပြောလည်းရတယ်၊ ကျောင်းဝင်းထဲက စကားပင်အောက်မှာ ထိုင်ပြောလည်း ရတယ်၊ နောက်ဆုံး ကျောင်းရှေ့က သောက်နေကျလက်ဖက်ရည်ဆိုင်မှာ ထိုင်ပြောလည်း ရတာပဲဟာ"

"မဖြစ်ဘူး"

"ဘာ မဖြစ်တာလဲ"

"ပြောမယ့်စကားက ကတိုက်ကရိုက်ပြောလို့လည်း မရဘူး၊ လူရှုပ်ရှုပ် အသံရှုပ်ရှုပ်ကြားမှာလည်း ပြောလို့မဖြစ်ဘူး၊ တိတ်ဆိတ်ငြိမ်သက်နေတဲ့ နေရာမှာ ပြောမှ ဖြစ်မှာ"

"ဟုတ်ရဲ့လား၊ ကိုပိုင်ရယ်"

"ဘာကို ဟုတ်ရဲ့လားတာလဲ"

သူ့မျက်နှာ မှုန်သလိုဖြစ်သွားတော့ မျှုံး ငြိမ်သွားသည်။ မျှုံးက သူ့လက်မှာ ပတ်ထားသည့်နာရီကို ငုံ့အကြည့်မှာ သူ့အချိန်ကို အကုန်မခံနိုင်တော့။

မြင်ကွင်းမှာ ရုတ်ခြည်းပေါ်လာသည့် အငှားကားတစ်စီးကို လပ်ရပ်တားလိုက်သည်။

ဘယ်သွားမည်လဲ။

ဆုံးဖြတ်ချက်က တစ်ပါတည်းပါသည်။

ကားကို အင်းလျားဘက် မောင်းခိုင်း၏။ ဘွဲ့နှင်းသဘင်ခန်းမနောက်ဘက်မှာ ကားကိုရပ်ခိုင်းပြီး ကျသင့်ငွေရှင်းသည်။

သူနှင့်မှူး အင်းလျားဘက်လျှောက်ခဲ့ကြ၏။

အတူလျှောက်ရင်း သရက်ပင်ကြီးအောက်တော့မှူး၏ ခြေလှမ်းတုံ့သွားသည်။

"မှူးကို ဘယ်နေရာခေါ်လာတာလဲ ကိုပိုင်"

"အင်းလျားလေ"

"အင်းလျားကတော့ သိတာပေါ့၊ ဟိုမှာကြည့်ပါဦး ရှက်လိုက်တာ"

သစ်ရိပ်အောက်မှာ ကောင်လေးနှင့်ကောင်မလေးကို လက်ညှိုးထိုးပြသည်။ ကောင်လေးက ကောင်မလေး၏ပါးကို ဖွဖွကလေး နမ်းနေ၏။ ကောင်မလေးက မရုန်း။ လှပသောဆန်းကြည်အချစ်မြင်ကွင်းလေးတစ်ခုသာ ဖြစ်သည်။

"ဒါတွေက သဘာဝပါမှူး"





မှူးထံက အသံထွက်မလာ။

သူ့ကိုကြည့်သည့်အကြည့်တွေကတော့ ငြိမ်သက်ခြင်းမရှိ။

ကန်စပ်နားက ထိုင်ခုံကလေးရှိရာသို့ မှူးကို သူခေါ်လာသည်။ အရိပ်ကောင်းသဖြင့် နေရာကအေးချမ်းငြိမ်သက်နေ၏။

ထိုင်ခုံတန်းလေးမှာ နှစ်ယောက်အတူထိုင်တော့ မှူးက ပြောသည်။

"ရင်ထဲမှာတစ်မျိုးကြီး ဖြစ်နေတယ်ကိုပိုင်"

"မှူးရင်ထဲက တစ်မျိုးကြီးဆိုတာ ဘာမှ မယ်မယ်ရရရှိတာမဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာဖြစ်နေတဲ့ တစ်မျိုးကြီး အစိုင်အခဲကြီး ဖြစ်နေတယ်မှူး"

သူ့စကားကိုမှူးကအံ့တသြရှိနေ၏။

မျက်လုံးကလေးကလည်း ပြူးစက်နေသည်။

ကိစ္စမရှိ။

ခုချိန်မှာ မျက်လုံးပြူးတာ မပြူးတာကို သုံးသပ်နေဖို့ မလို၊ သူက မှူးဘက်သို့ ကိုယ်နှင့်မျက်နှာကိုလှည့်လိုက်ပြီး ...

"ဆေးကကောင်ဆိုတာ ဘယ်သူလဲ"

သူ၏ ရုတ်တရက်အမေးစကားကြောင့် မှူး၏ မျက်လုံး ပိုမိုပြူးဝိုင်းသွားသည်။

"ဘယ်ကဆေးကကောင်လဲ ကိုပိုင်"

"အိပ်ချင်ယောင်ဆောင်မနေနဲ့ မှူး၊ အမ်စီကကောင်နဲ့ မှူး တွဲနေတယ်"

"ဘာလဲ လက်တွဲတာလား"

"လက်တွဲတာလား၊ ဘာတွဲတာလည်းတော့ မသိဘူး၊ မှူး အဲဒီကောင်နဲ့ဖြစ်နေတယ်"

"ဘယ်သူပြောလဲ"

မှူးအသံကစောစောကလို မပျော့ပျောင်း။

ဘယ်သူပြောလဲဆိုသည့်စကားကိုတော့ သူဖြေရန် အတော် ခက်လှသည်။ ဝင်းလွင်နှင့်နန္ဒာပြောတာဆိုလို့ကတော့ ငတိနှစ်ကောင်၏ နောင်ရေး စိတ်မအေးဖွယ်ဖြစ်မည်။

သူက မျက်နှာကို ခပ်မှုန်မှုန်လုပ်ထားလိုက်ပြီး…

"ကိုယ်မေးတာကိုဖြေပါ၊ အဲဒီကောင်ဘယ်သူလဲ"

"တင်မောင်ကျော်"

"ဘာ…ချဉ်ပေါင်ကြော်၊ နာမည်ကြီးက ဘယ်လိုကြီးလဲဟ"

"တင်မောင်ကျော်၊ ချဉ်ပေါင်ကြော် မဟုတ်ဘူး"

မှူးကအော်၏။





တစ်ခါမှ သူ့ကို သည်လို မအော်ဖူးပါဘူး။

"မှူး ကိုယ့်ကို မအော်ပါနဲ့"

"ကိုပိုင်သိရဲ့သားနဲ့ ဘာလို့ချဉ်ပေါင်ကြော်လို့ပြောလဲ"

"ဪ… မှူးက အဲဒီကောင်အတွက် နာတတ်နေတယ်ပေါ့ ဟုတ်လား"

သူ့အသံထန်သွား၏။

"မနာဘူး"

သူမျက်လုံးကို ဝင့်ကြည့်လိုက်သည်။

"မနာရင် မခံချင်စိတ်ဖြစ်စရာအကြောင်း ဘာမှမရှိဘူး"

"ဘယ်သူက မခံချင်ဖြစ်နေလို့လဲ"

"အော်ပြန်ပြီ"

"အော်တယ်… အော်တယ်"

သည်တစ်ခါ အော်ရုံနှင့်မပြီး၊ လက်က ပါလာသည်။ ဆွဲဆိတ်သဖြင့် သူ့လက်မောင်းကြောတွေ ပြတ်တောက်ပြီဟုပင် တင်လိုက်မိ၏။

"ဒီကိစ္စတွေနဲ့ပတ်သက်ပြီး မှူးက စပြောတာ မဟုတ်ဘူး၊ ကိုပိုင်က စပြောတာ"

"နေပါဦး၊ ဒီချဉ်ပေါင်ကြော်နဲ့ ကာရန်တူနေတဲ့ကောင်က မှူးနဲ့ဘယ်လိုပတ်သက်လာရတာလဲ၊ မှူးက လက်ဖက်ရည်ဆိုင်မှာ အဲဒီကောင်နဲ့ဘာလို့ လိုက်ထိုင်ရတာလဲ"

"လက်ဖက်ရည်ဆိုင်လိုက်ထိုင်တာမဟုတ်ဘူး၊ လူမှုရေးအရ လက်ဖက်ရည်လိုက်တိုက်တာ"

"အဲဒါကို ကိုယ်မကျေမနပ် ဖြစ်နေတာမှူး"

သူ့ စကားကြောင့် မှူးတွေခနဲဖြစ်သွားသည်။ သူ့စကားအပေါ်မှာ မှူးတွေးချင်သလို တွေးတော့။

"ပြောပြမယ်ကိုပိုင်"

"ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ"

မှူးကပင့်သက်ကို အသာချပြီးမှ ...

"သူ ... သူက မှူးကိုချစ်တယ်လို့ပြောတယ်"

"ဘာ"

သူ့ဘာဆိုသည့်အသံကြီးက အတော်ကျယ်လောင်သွားသည် ထင်၏၊ မလှမ်းမကမ်းက ခုံတန်းမှာ ထိုင်နေသည့် ကောင်လေးနှင့်ကောင်မလေးက သူတို့ကို အထိတ်တလန့် လှမ်းကြည့်သည်။





"အော်လိုက်တာ ကိုပိုင်ရယ်"

"ဒေါသ သိပ်ကြီးနေပြီ"

"ဘာမှ ဒေါသကြီးစရာမလိုဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မှူးက သူ့ကိုမချစ်ပါဘူး"

"မချစ်ဘဲနဲ့လက်ဖက်ရည်ဆိုင်ကို ဘာလို့လိုက်သွားရတာလဲ"

"လူမှုရေးပါလို့ ပြောထားတာပဲဟာ"

"ဒါဖြင့် နင့်ကို လူမရှိတဲ့ တိုက်ခန်းတစ်ခန်းထဲခေါ်ပြီး ထမင်းဖိတ်ကျွေးရင် လူမှုရေးအရ လိုက်စားမှာလား"

ဒေါသဖြင့် နင်ဆိုသည့်အသုံးနှုန်းကို သူသုံးလိုက်သည်။ သူ့စကားကြောင့် မှူး ရှူးရှူးရှားရှားဖြစ်လာ၏။

"ကိုပိုင် မမိုက်ရိုင်းနဲ့"

"သဘောကိုပြောတာ၊ မိုက်ရိုင်းတာမဟုတ်ဘူး"

"ဘာဖြစ်လို့ ဒေါသကြီးနေရတာလဲ"

အံ့ဩစရာပါပဲ။

မထင်မှတ်နိုင်လောက်အောင် မှူးအသံက ရုတ်ချည်း နူးညံ့သွားသည်။ သူမအကြည့်တွေကလည်း တောက်ပြောင်နေသလိုပါပဲ။

သူထံက အသံမထွက်တော့မှုးက...

"ကိုပိုင် မကြိုက်ရင် သူလာရင် လက်ဖတ်ရည် သိုတ် မတိုက်ဘူးပေါ့၊ သူကအတင်းခေါ်ရင်လည်း မလိုက် ဘူးပေါ့"

မှုးကို သူဘယ်လိုဒေါသ ဖြစ်ရမှန်းပင် မသိတော့၊

"နေပါဦး ကိုပိုင်ကဘာဖြစ်နေရတာလဲ"

သူ ဖျတ်ခနဲ ဖြစ်သွားပြီး...

"အူတိုနေတာဟ"

သူမျက်နှာကို စူးစိုက်ကြည့်ပြီး မှုး၏မျက်တောင်ကော့ကြီး များ တဖျတ်ဖျတ်ပုတ်ခတ်သည်။

"အူက ဘာဖြစ်လို့ တိုရတာလဲဟင်"

"နင့်ကိုချစ်လို့"

"အို ..."

ကဲ...သည်လိုနဲ့ သူနှင့်မှုး ချစ်သူဖြစ်သွားကြသည်။ လက်ချောင်းလေးများ ဆုပ်ကိုင်တာကို ဘေးဖယ်ထားလိုက်၊ ပါးကလေးနမ်းကိုပင် မှုးက ရှန်းကန်ခြင်းမပြုတော့ပေ။

☆ ☆ ☆



[၁၈]

"ဒုက္ခပါပဲ ကိုပိုင်"

သူမ၏ ဒုက္ခဆိုတာကြီးကြောင့် လှမ်းနေသည့်ခြေလှမ်းပင် တုန့်ဆိုင်းသွားသည်။

မျက်နှာကို လှည့်ကြည့်တော့ မျက်နှာက မသက်မသာ။ သည် မသက်မသာ မျက်နှာပေးမျိုးကို သူမှုးထံမှာ တစ်ခါမှမမြင်ဖူးပါဘူး။ လမ်းသုံးဆယ်ထဲမှာ ဖတ်စရာစာအုပ်တွင် ဝင်မွှေဦးမည့် အစီအစဉ်ပင် လျော့တိလျော့ရဲဖြစ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ"

"ဗိုက်ထဲက နာလာတယ် ကိုပိုင်"

"အချဉ်ထုပ်တွေ နင်းကန် စားတာကိုး၊ ဗိုက်နာရင် ဟိုရှေ့က ဗာဒံပင်အောက်မှာ ငြိမ်ငြိမ်ကလေးထိုင် နေလိုက်ပျောက်သွားမှာပါ"

"အဲသလို ဗိုက်နာတာမဟုတ်ဘူး"

"ဟ....ဘယ်လိုပုံသဏ္ဍာန်နဲ့နာရတာလဲ"

"ဟို ...ဟို ရေအိမ်တက်ချင်လို့ ကိုပိုင်ရဲ့"

ပြဿနာပါပဲ။

လမ်းထွက်တုန်းက သည်လို ဖြစ်တတ်တဲ့ သဘာဝတွေကို သူ လုံးဝ ထည့်မစဉ်းစား။ မှူးကလည်း တစ်ခါမှသည်လို မပြောခဲ့ဖူးပါဘူး။

"ရေအိမ်တက်ချင်တာက အပေါ့လား၊ အလေးလား"

"စိတ်ညစ်လိုက်တာနော်၊ ဗိုက်နာပါတယ်ဆိုမှ အပေါ့ ဖြစ်နိုင်တော့မလား ကိုပိုင်ရဲ့"

စိတ်က အတော်ကို ပျက်သွားသည်။

ကျောင်းက မထွက်ခင်ကတည်းက အရာခပ်သိမ်းကို ပြီးစီးအောင် လုပ်မလာ။ ကျောင်းရှေ့က ဆိုင်မှာ နန်းကြီးစားတုန်းကလည်း သက်တောင့်သက်သာပါပဲ။





"နည်းနည်းလေးအောင့်ထားလို့မဖြစ်ဘူးလား၊ စာအုပ်လေးတစ်အုပ်နှစ်အုပ် ဝယ်ရုံပဲ"

"ဟာ... မဖြစ်ဘူး၊ မဖြစ်ဘူး"

မှူးမျက်နှာရဲရဲကလေး ဖြစ်နေ၏။

ရှက်လို့တော့ ဟုတ်မည်မထင်။

သူနှင့်မှူး ဆက်ဆံရေးကအခြားချစ်သူရည်းစားတွေလို မပွင့်မလင်း ရှိကြသည်မဟုတ်။

ငယ်သူငယ်ချင်းဘဝက ချစ်သူဖြစ်လာကြတဲ့ သူတွေဆိုတော့ စကားလုံးတွေကို ရဲရဲတင်းတင်းသုံးတတ်ကြသည်။

"ကျောင်းမှာတုန်းကတော့ ကိစ္စကို ဘယ်တော့မှပြီး ပြတ်အောင်မလုပ်ဘူး၊ ဒီမလာခင် အိမ်သာဝင်သေး တယ်မို့လား၊ အဲဒီတုန်းက မပါခဲ့ဘူးလား"

"အိုး ..."

မှူးက နှုတ်ခမ်းကလေးကို စူထား၏။

သူမအခြေအနေကိုကြည့်ပြီး စာအုပ်ရှာမည့်အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

သူစာအုပ်ရှာလျှင် အနည်းဆုံး နာရီဝက်ကြာသည်ပဲထား၊ သည်နာရီဝက်အပေါ်မှာ မှူးသည် ဘယ်လိုမှ ချုပ်တီးထားနိုင်လိမ့်မည် မဟုတ်။ ခုပင် မှူးမျက်နှာမှာ ဇောချွေးတွေပျံ့စပြုနေပြီ။

ရှုံ့မဲ့မဲ့လေးဖြစ်နေသည်ကို ကြည့်ပြီ ခုမှသနားစိတ်ကလေး ဝင်လာရသည်။

အိမ်သာကို အနီးအနားမှာ စဉ်းစားကြည့်သော်လည်း မလွယ်။

ဗိုလ်ချုပ်လမ်းမကို ဖြတ်ကူးပြီး ဗိုလ်ချုပ်ဈေးအိမ်သာကို ပြေးခြင်းက အဆင်ပြေဆုံးဖြစ်တော့မည်။

"လာ...လာ မှုူး၊ ဗိုလ်ချုပ်ဈေးအိမ်သာမှာတက်၊ ဗိုက်က အရမ်း နာနေပြီလား"

"အင်း ..."

"လမ်းသွားရင်းတော့ မဟားဒယားမလုပ်နဲ့နော်၊ မှုူးအရွယ်ကြီးနဲ့လမ်းဘေးမြောင်းမှာ ထိုင်လို့ကောင်းတဲ့ အရွယ်မဟုတ်ဘူး"

"အယုတ်တမာကြီးနော်"

သူ ရယ်သော်လည်း မှုူးကလိုက်မရယ်ပါ။ လမ်းမကို ကပျာကယာဖြတ်ကူးကြသည်။ ဖြတ်ကူးရင်း လှည့်ကြည့်ရသေး၏။

"ထိန်းထားနော်၊ ရောက်တော့မှာ"

အရှေ့ဘက်တန်းကို ဖြတ်သည်။





ရေအိမ်နားသို့ ရောက်တော့သူက . . .

"သွား...သွား...မှုူး ကိုယ်ပိုက်ဆံပေးထားလိုက်မယ်"

မှုူး ဣန္ဒြေပင်မဆည်နိုင်။

ခြေလှမ်းသွက်သွက်ကလေးဖြင့် အိမ်သာထဲ တန်းဝင်သွားသည်။

သို့သော်လည်း ချက်ချင်းဆိုသလိုပင် မှုူးပြန်ထွက်လာ၏။

"မြန်လှချည်လား"

"ကိစ္စမပြီးသေးဘူး ကိုပိုင်ရဲ့၊ အထဲမှာ ကိုယ်လိုလူတွေက တန်းစီနေတာပဲ"

"ဟေ..."

"ဟေ...မနေနဲ့၊ အရမ်း ဗိုက်နာနေပြီ"

ခေါင်း အတော်ခဲသွားရသည့်ကိစ္စ။

သို့သော်လည်း အသိတစ်ခုက ခေါင်းထဲသို့ လက်ခနဲတိုးဝင်လာ၏။

အရှေ့ဘက်တန်းအိမ်သာ လူပြည့်နေလျှင် အနောက်ဘက်တန်းမှာ ရှိသေးသည်။ သူ မှုူးလက်ကိုဆွဲပြီး အနောက်ဘက်တန်းသို့ ပြေးရပြန်၏။

"ကဲ...ဘာမှမစဉ်းစားမနေနဲ့ တန်းသာဝင် နှစ်ယောက်ဆုံနေရင်လည်း အားနာနေစရာမလိုဘူး၊ လုသာတက်"

မှူးအိမ်သာထဲ အပြေးကလေး ဝင်သွား၏။

သူ့အိတ်ထဲမှ နှစ်ဆယ်တန်တစ်ရွက်နှင့် ဆယ်တန်တစ်ရွက်ကို ထုတ်ပြီး ငွေလက်ခံနေရာမှာ ပေးလိုက်၏။

ရန်ကုန်မြို့ကြီးမှာ ငွေသုံးဆယ်မရှိဘဲနဲ့တော့ ဘယ်လိုမှ အိမ်သာ တက်လို့မရ။

ငွေသုံးဆယ်မပါဘဲနှင့်လည်း ဗိုလ်ချုပ်ဈေးမှာ ဗိုက်နာလို့ မရပါ။

သည်တစ်ခါတော့ စိတ်ချလက်ချ ဖြစ်လောက်ပါပြီ။

မှူး အိမ်သာထဲက ချက်ချင်း ပြန်ထွက်လာခြင်းမရှိ။

နာရီကိုကြည့်ပြီး သူ အချိန်ကို မှတ်ထားသည်။

ဆယ့်ငါးမိနစ်လောက်ကြာမှ မှူးထွက်လာ၏။

မှူးမျက်နှာက စောစောကလို ငှက်ပျောသီးပုပ် လှည်းတက်နင်းထားသည့်ရုပ်မျိုးမဟုတ်တော့။

သူ့ ကိုကြည့်ပြီး မှူးကရယ်ကျဲကျဲ လုပ်သေး၏။

"ဗိုက်က အူရမ်းနာတာ"





"အဆင်ပြေသွားပြီမို့လား"

"တစ်ကိုယ်လုံးပေါ့ပါးသွားတာပဲ"

ကဲ ...သည်စကားတွေက...

ငယ်သူငယ်ချင်းလည်းဖြစ်၊ ငယ်ချစ်လည်းဖြစ်လို့ တော်တော့သည်။

နို့မို့ ဘယ်လောက် ရှက်ဖို့ကောင်းတဲ့ ကိစ္စရပ်တွေလဲ။

"သွားမယ်လေ ကိုပိုင်"

"ခဏလေး ရပ်နေပါဦး"

"ဘာဖြစ်လို့လဲ"

"လမ်းကျမှ ဗိုက်က နာလာရင် မလွယ်ဘူး၊ ခုရပ်နေတုန်း ဗိုက်ထဲက ရစ်တစ်တစ်ကလေးဖြစ်ရင် ပြန်ဝင်လို့ လွယ်တယ်"

"ဟယ်... ကိုပိုင်ကလဲ"

သည်တစ်ခါတော့ မှူးကဦးဆောင်ပြီး သူ့လက်ကို ဆွဲခေါ်သည်။

လေတစ်ချက်ပေ့လာ၏။

သူက မှူးနားကို ကပ်ပြီးနှာခေါင်းကလေး ရှုံ့ကြည့်သည်။

"သင်းနေတာပဲ"

"ရေမွှေးနံ့လား၊ အကောင်းစားပဲသုံးတာ"

"မဟုတ်ဘူး၊ အိမ်သာနံ့သင်းနေတာကိုပြောတာ"

ခုမှပဲ မှုန့်မျက်နှာ ရှက်ရဲရဲကလေးဖြစ်တော့၏၊ သူကတော့ ခပ်ကျယ်ကျယ်ကလေးရယ်ပစ်လိုက်ပါသည်။

☆ ☆ ☆

[၁၉]

ကိုကိုကြီးနှင့်မမကြိုင်လှိုင်သင်းတို့၏ မင်္ဂလာပွဲကို ပိုက်ဆံတတ်နိုင်တဲ့သူတွေ ဂုဏ်ယူဝင့်ကြွားချင်တဲ့ အကျင့်စရိုက်အတိုင်း ဆိဒ်ုးနားဟိုတယ်မှာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကျင်းပလိုက်ကြသည်။

ညဘက်အင်ကြွင်းမြိုင်၏ညှဉ့်ခန်းမှာ ကိုကိုကြီး သူ့သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စကားပြောနေကြစဉ် မမသူ့အခန်းထဲသို့ ရောက်လာသည်။

သူက စာရေးစားပွဲမှ ထပြီး 'ထိုင်မမ'ဟုပြောပြီး ဆိုဖာတစ်နိုင်ငံကောင်းထိုင်ခုံကလေးကို ထိုးပေး၏။

မမက တည်တည်ငြိမ်ငြိမ်မျက်နှာထားနှင့် ထိုင်ခုံမှာ ဝင်ထိုင်ပြီး 'ကိုပိုင်' ဟု သူ့ကို ညင်သာစွာ ခေါ်သည်။

သူ မမမျက်နှာကို လှမ်းကြည့်လိုက်၏။

"ကိုပိုင် လိမ်လိမ်မာမာနေပါနော်၊ ဖေဖေတို့မေမေတို့ စိတ်မချမ်းမသာဖြစ်အောင် ကိုပိုင်မလုပ်ပါနဲ့ကွယ်"

သည်စကားကတော့ ထူးခြားဆန်းပြားသည့် စကားမဟုတ်။ ပြောပေါင်းများ၍ ကြားဘူးပေါင်းလည်း များခဲ့ပါပြီ။

သည်အခြေအနေမှာ မမပြောသမျှကို သူငြိမ်သက်စွာ နားထောင်နေရမည်ကိုတော့ သူ့အသိစိတ်က ဆုံးမထားသည်။

မကြာခင်သော နာရီပိုင်းအတွင်းမှာ မင်္ဂလာစံအိမ်သို့ပြောင်းရွှေ့ကြတော့မည့်မမသည် သူ့အတွက်ကြောင့် စိတ်အနှောင့်အယှက်တစ်ခုခု မဖြစ်ပေါ်ခြင်းက အကောင်းဆုံး မင်္ဂလာတစ်ခုလည်း မည်ပါ၏။

သည်ည မမနှင့်ကိုကိုကြီးသည် နှစ်ဘက်မိဘများကို ဦးချကန်တော့မည်။

ဦးချကန်တော့ပြီးသည်နှင့် နှစ်ဘက်သော မိဘက အမွေလက်ဖွဲ့အဖြစ်ပေးအပ်သည့် အင်းလျားမြိုင်လမ်းရှိခြံနှင့်တိုက်သို့ ပြောင်းရွှေ့နေထိုင်ကြမည်။ သည်အစီစဉ်တွေကို သူ သိပြီးသား။





"ဖေဖေဆိုရင် ကိုပိုင်နဲ့ပတ်သက်ပြီး မျှော်လင့်ချက်တွေ အများကြီး ထားတယ်၊ ကိုပိုင့်ကို ဖေဖေက တင်းကျပ်တဲ့စည်းကမ်းတွေထားပေမယ့် ကိုပိုင်နဲ့ပတ်သက်ရင် ပိုင်ဆိုင်မှုကြီးကြီးမားမားတွေ ဖေဖေ ထားရှာပါတယ်"

သူ့ခေါင်းဆတ်ခနဲအမော့မှာ မမက ...

"ခုနေတဲ့ခြံနဲ့တိုက်ကို ကိုပိုင့်နာမည်နဲ့ လွှဲပြောင်းထားတယ်ဆိုတာ ကိုပိုင်သိရဲ့လား"

"အဲဒါတွေကို ကျွန်တော် စိတ်မဝင်စားဘူး"

မမမျက်နှာ ကွက်ခနဲ ပျက်သည်။

တကယ်ဆိုသည်စကားကို သူမကိုမပြောသင့်ပါ။ မမပြောသမျှ အလိုက်အထိုက်နားထောင်သင့်သည်။

"စိတ်ဝင်စားတာ မဝင်စားတာက ကိုပိုင့်အပိုင်းပဲ၊ မမကတော့ မိဘရဲ့မေတ္တာတရားတွေကို မင်းသိအောင် ပြောရမှာပဲ"

သူ့မျက်နှာ ခပ်မှုန်မှုန်ကလေးဖြစ်သွားတော့ မမက ပင့်သက်ကို ဖွဖွချသည်။ ပြီး မမအကြည့်က နံရံမှာသူရေးထားသည့် စာတန်းဆီသို့ ရောက်သွား၏။

"စီးပွားရေးနှင့်စံစားမှုတို့သည် စာပေသမားတို့နှင့် လုံး သက်ဆိုင်ခြင်း မရှိသောအရာဖြစ်သည်"

(အိပ်ချ်ဂျီဝဲလ်)

မမက ပြုံးလိုက်၏။

ပြီးတော့မှ ...

"ဖေဖေနဲ့မေမေမေတ္တာကို ကိုပိုင်နားလည်နိုင်ပါတယ် ကွာ၊ မမရဲ့အရိပ်အောက်က လွတ်လို့ ငါနေချင်သလို နေမယ်၊ သွားချင်သလိုသွားမယ်ဆိုတဲ့ စိတ်ရိုင်းတွေ တော့ မဝင်ပါနဲ့၊ မမတို့စည်းကမ်းတင်းကျပ်ခဲ့သမျှ ဟာ မင်းဘဝ တိုးတက်လှပဖို့ပဲ"

သူငြိမ်သက်စွာ နာထောင်နေလိုက်၏။

"မမမှာချင်တာက ဖေဖေနဲ့မေမေအသက်ကြီးပြီ လေ၊ ဒီတော့ ဖေဖေနဲ့မေမေကို ကိုပိုင်စောင့် ရှောက်ပါ၊ ဂရုစိုက်ပါ၊ မမလည်း နေတိုင်းဆိုသလို ရောက်နေမှာပါပဲ"

သူ ခေါင်းကို ညိတ်ပြသည်။

မမကသွားခါနီးမှာ သူ့နဖူးကို ကြင်ကြင်နာနာနမ်းသွား၏၊ သူ့ရင်မှာ လှိုက်လှိုက်မောမောဖြစ်ခဲ့ရပါ၏။





မမကို တွေတွေကလေးကြည့်တော့ မမမျက်ဝန်းမှာ မျက် ရည်ရိပ်တွေ ရှိနေသည်။

ဩော်... ဘဝအသစ်မှာ မမ ပျော်ပါစေ။

မမတို့ လင်မယား ကိုယ်စိတ်နှစ်ပါးငြိမ်းချမ်း အေးမြကြပါ စေ။

☆ ☆ ☆

## [၂၀]

လက်ဖက်ရည်ဆိုင်ရောက်တော့ ထောင့်စားပွဲမှာ နန္ဒာကို တစ်ယောက်တည်း တွေ့သည်။

နန္ဒာ ကဗျာတွေ ကုန်းရေးနေ၏။

သူ အနားလာရပ်သည်ကိုပင် မသိ။

ခုံကို အသာဆွဲပြီး ဝင်ထိုင်မှ နန္ဒာခေါင်းကို မော့လာသည်။

သူ မျက်မှောင်ကြုတ်လိုက်၏။

"မျက်နှာလည်း မကောင်းပါလား"

"ပျော်စရာ မရှိပါဘူး သူငယ်ချင်းရာ"

"ဘယ်လို"





စကားကို သူနားမလည်။

နန္ဒာ၏ အကြည့်ငေးတွေ လမ်းမဘက် ပြေးထွက်သည်။

"အိမ်က လာတာလား"

နန္ဒာ့ အမေးကို သူကခေါင်းညိတ်ပြသည်။

"ဝင်းလွင် မလာသေးဘူး"

"ဝင်းလွင်လာတာ မလာတာက ပြဿနာမဟုတ်ဘူး နန္ဒာ၊ မင်းဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့ ကျောင်းမှာ မင်းကို ငါရှာသေးတယ်"

"ငါ ကျောင်းထွက်လိုက်ပြီ ထက်မင်းပိုင်"

"ဘာကွ"

သူအသံကျယ်သွားသည်။

သူ၏ နားမလည်နိုင်သောအကြည့်တွေ နန္ဒာ့ မျက်နှာပေးမှာ ပြန့်နေ၏။

"ကျောင်းထွက်လိုက်ပြီ"

"ဘယ်လို ဖြစ်ကုန်ကြတာလဲကွာ"

"တို့မိသားစုဘဝကို မင်းသိပါတယ်"

သူ မသိဘဲ နေမလား။

ပေါင်းသင်းလာသည့် ဝါသနာတူ သူငယ်ချင်းတွေ၊

နန္ဒာ ဘဝက အဖမဲ့ဘဝ၊

နန္ဒာ ခုနစ်တန်းအောင်သည့်နှစ်မှာ နန္ဒာ့အဖေ ကွယ်လွန်ခဲ့သည်။ နန္ဒာ့အမေက ဖတဆိုးသားလေးအတွက် အံကိုကြိတ် ဈေး ဗန်းခေါင်းတင်ပြီး နန္ဒာ ပညာရေး အညွန့်မကျိုးအောင် ကျားကန် သည်။

သည်ချို့ငဲ့သော သူငယ်ချင်း၏ ဘဝကို သူတို့စာနာခဲ့ကြပါ၏။

"ငါ အလယ်တန်းကျောင်းသားဘဝကတည်းက ရုန်းကန်လာခဲ့ရတဲ့ဒဏ်တွေ ခု အမေ အလူးအလဲ ခံနေရတယ် ထက်မင်းပိုင်၊ အိပ်ယာမှာ လဲတဲ့ အချိန်ထိ ငါ့ပညာရေးအတွက် အမေအံကို တင်းတင်းကြိတ်တယ်၊ အမေ့မှာ မာန်နဲ့မာနသာ ရှိတော့တယ်၊ မရုန်းနိုင်တော့ဘူးဆိုတာ ငါ သိတယ်လေ၊ အမေ့ကို ခွင့်ပန်ပြီး ငါ ကျောင်းထွက်ဖို့ ဆုံးဖြတ်တာ"

"ဒါဖြင့် ဘာလုပ်မလဲ"

"လမ်းဘေးမှာ စာအုပ်အဟောင်းရောင်းမယ်၊ အမေ့ကို အနားယူခိုင်းတော့မယ်"

ရင်မှာ မွန်းသလို ခံစားရသည်။





သောက်ဖြစ်သည့် လက်ဖက်ရည်တစ်ခွက်၏အရသာကို ပင် စိတ်မှာ ခံစားမှုမရှိသလို ဖြစ်သွားသည်။

သူငယ်ချင်းတွေထဲမှာ သူ့ဘဝ မပူမပင် ရှိရသော်လည်း သူငယ်ချင်း၏ ဘဝတစ်ခုကို ထူထောင်ပေးဖို့အတွက်ကတော့ သူလည်း လက်ဝေခံမျှသာရှိသေး၏။

မိဘအရိပ်အောက်မှာနေပြီး သူ့ဘာကိုမှ လုပ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့်မရှိသေးသည့် အခြေနေ။

"မလွယ်ပါလား နန္ဒာရာ"

"နွမ်းပါးချို့ငဲ့သူတွေရဲ့ ဘဝက ဘယ်မှာ လွယ်လွယ်ကူကူ ရှိနိုင်မှာလဲ ထက်မင်းပိုင်၊ ဘဝကို ငါရင်ဆိုင်ရဲပါတယ်၊ ဆယ်တန်းအောင်တဲ့နေ့မှာ ကျွန်တော် အလုပ်ထွက်လုပ်မယ်ဆိုတဲ့ စကားကို အမေ့ကို ငါ ပြောခဲ့တာပဲဟာ၊ အမေ ခေါင်းခါခဲ့တယ်၊ လူတွေ အထင်ကြီးတဲ့ ဘွဲ့တစ်ခုကို ငါ့ကို ရစေချင်တယ်၊ ငါ့ဘဝ ပင်ပန်းမှာကို အမေ စိုးရိမ်တယ်ပေါ့ကွာ"

ညလေအေးက ဆိုင်ထဲသို့ ခပ်ဝေ့ဝေ့ကလေး ဝင်လာ၏။ နန္ဒာက အိတ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်ယူပြီး မီးညှိဖွာသည်။

"ကျောင်းမပြီးခင် တက်ကျိုးရတယ်ကွာ"

သူ ထိခိုက်ကြေကွဲစွာပြောတော့...

"ဘဝမုန်တိုင်းက သဘာဝမုန်တိုင်းလို အချိန်ရာသီ ရွေးမနေဘူးလေ၊ တို့လို နွမ်းပါးတဲ့သူတွေ အနားမှာ မုန်တိုင်းဟာ အဆင်သင့် ဖြစ်နေခဲ့တာပဲ၊ ငါတစ်ခုပဲ ဝမ်းနည်းခဲ့ပါတယ်"

စကားကိုရပ်ပြီး ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထ အောင်ဖွာသည်။

"ဝမ်းနည်းရတာ အမေ့ဆန္ဒအတိုင်း မဖြစ်ရတော့တာ ကိုပါ"

"ငါစိတ်မကောင်းပါဘူး နန္ဒာ၊ ဝင်းလွင်သိရင် စိတ်ထိခိုက်သွားမှာ အမှန်ပဲ"

"စိတ်မကောင်းဖြစ်မနေပါနဲ့ သူငယ်ချင်းရာ၊ ဘဝကို လက်ပိုက်ပြီးကြည့်နေလို့ရတာမှ မဟုတ်တာ၊ ဘဝ နဲ့ချအတာပါ ဘဝသေတာ မဟုတ်ပါဘူး"

စာပေသမားတို့၏ သတ္တိအတိုင်း မျက်နှာမှာ မာနအရောင် တွေကတော့ ဝင်းလက်နေ၏။ ဝင်းလွင် ရောက်လာတော့ သူက ပင် စတင်ပြီး နန္ဒာ့အခြေ အနေကို ပြောပြသည်၊

"ဟာ... ဒီလိုကြီး လက်လွှတ်စပယ်လုပ်လို့ မဖြစ်သေးဘူး"





သူနှင့်နန္ဒာ ဝင်းလွင်ကို လှမ်းကြည့်၏။

"မင်း အဝေးသင်က ဖြေကွာ၊ ငါနဲ့ထက်မင်းပိုင် မင်းကို ကူညီမယ်"

"ဟာ... ဝင်းလွင်ပြောမှ ငါသတိရတယ်ကွာ၊ ဟုတ်တယ် မင်း အဝေးသင်တက်၊ စာရွက်စာတမ်းကြေးတွေနဲ့ပတ်သက်လို့တော့ မင်းဘာမှ နောက်ဆံမတင်းနဲ့၊ အဲဒီကိစ္စတွေကို ငါနဲ့ဝင်းလွင် တာဝန်ယူမယ်"

နန္ဒာ ငြိမ်သက်နေ၏။

အတန်ကြာတော့မှ ...

"ငါ့အတွက် မင်းတို့မှာ ဝန်တစ်ခုဖြစ်နေလိမ့်မယ်"

"အဲဒါ အထူးပြုပြီး ပြောနေဖို့မလိုတဲ့ စကားကွာ၊ တို့တွေက ငယ်သူငယ်ချင်းတွေပဲ၊ ရဲဘော်ရဲဘက် စိတ်ဆိုတာကို ဒီနေရာမှာမှမပြရင် ဘယ်နေရာမှာ သွားပြရမှာလဲ"

ငြိမ်သက်နေရာမှ ပြန်လည် လှုပ်ရှားလာကြ၏။ ဝင်းလွင်က စကားလမ်းကြောင်း ပြောင်းချင်ဟန်ဖြင့်...

"မမကြိုင်လှိုင်သင်းတို့က မင်းတို့နဲ့အတူ နေမှာလား"

အဆက်အစပ် မရှိဘဲ မေးသည်။

"မနေဘူး၊ အင်းလျားမြိုင်လမ်းမှာ အခမ္ဘရထားတဲ့ တိုက်ကိုပြောင်းသွားကြပြီ"

"အင်း. . . ဒေါက်တာကိုကိုကြီးနဲ့ ဒေါက်တာကြိုင် လှိုင်သင်း နေနဲ့လရွှေနဲ့မြပါပဲ ထက်မင်းပိုင်၊ လက်ရှိ အခြေအနေမှာတော့ မင်းဘက်က ပါသွားပြီ"

"လောကကြီးမှာ တစ်ဖက်သတ်နဲ့ တစ်ဘက်စောင်း နင်းဆိုတာ အမြဲ ဖြစ်မနေပါဘူးလေ"

"ငါ ပြောတဲ့စကားနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ ခု ကိုကိုကြီး ငါ့အစ်မပါသွားပြီ မကြာမီ သူ့ညီမလည်း ငါ့ဆီပြန်ပါရမှာပေါ့"

"မယုံနိုင်စရာပါဘဲ"

"လုပ်မနေနဲ့ ငါနဲ့မှူးက ချစ်နေကြတာ"

တေဇာ့နှစ်ကောင် ရယ်၏။

ခြောက်သွေ့နေသော စကားဝိုင်းက စိုစိုပြည်ပြည်ဖြစ်လာသည်။

"မင်းနဲ့သက်မှူးခင် ချစ်ပုံချစ်နည်းလေးကိုပြောကွာ၊ တို့နားထောင်ချင်တယ်"

"ချစ်ပုံချစ်နည်းကို ဘေးဖယ်ထား၊ ဖြစ်ပုံဖြစ်နည်း လေးကို ငါ မင်းတို့ကို ပြောဖို့ရှိနေတယ်"





စကားကိုအစချီပြီး...

ဗိုလ်ချုပ်ဈေးမှာ သူနှင့်မှူး ဖြစ်ပုံဖြစ်နည်းလေးတွေ ပြောပြတော့ တေဇာ့နှစ်ကောင်ခွက်ထိုးခွက်လန်ကို ရယ်ပါတော့၏။

"အဲဒီတုန်းက ငါတကယ်ကို မရယ်နိုင်တာကွာ၊ သူ့အတွက် အိမ်သာရှာပေးနေရတာနဲ့ကို အချိန်ကတစ်ဝက်လောက်ကုန်သွားတာ"

"မင်းတို့ဟာကလဲ ဖီလင်အောက်လိုက်တာ၊ တကယ်ဆို ဗိုလ်ချုပ်ဈေးထဲမှာ လက်ကလေးချိတ်ပြီး နေရမယ့်ဟာ"

"အေးလေ... သူက အိမ်သာ အရမ်း တက်ချင်နေတာ ငါ ဘာတတ်နိုင်မှာလဲ၊ ဒါတောင် ဝင်ဝင်ချင်း အိမ်သာမှာ အမျိုးသမီးတွေတန်းစီနေလို့ တခြားနေရာ ပြေးရသေးအေးယ်"

"အိမ်သာထဲမှာ အကြာကြီးလား"

"ဆယ့်ငါးမိနစ်လောက်တော့ ကြာမယ်ကွ၊ မှူးက ငါ့ကို အားနာလို့လား မသိဘူး၊ စိမ်ပြေနပြေမထိုင်ပါဘူး"

"ရေမှ ကိုင်ခဲ့ရဲ့လားကွာ"

ဝင်းလွင်က တွေးတွေးဆဆနှင့် မေး၏။

ဒီကောင်ပြောမှ သူဇဝေဇဝါ ဖြစ်ရပြန်သည်။

"ကိုင်ခဲ့မှာပါ"

"မင်းမြင်လို့လား"

"မှူး အဲသလောက် မညစ်ပတ်ပါဘူးကွ၊ ရေအိမ်က သုံးဆယ်တောင်ပေးတက်ရတာ အဆင့်မီပါတယ်"

"ကျောင်းမှာတွေ့ရင်တော့ နောက်ရမယ်"

"ဟာ… ဟောကောင် ဝင်းလွင်၊ မင်းသွားမလုပ်နဲ့ နော်၊ မှူးက တစ်ခါတလေသိမ်မိုက်ရိုင်းတာ"

"မှူးက စိတ်ရင်းကောင်းပါတယ်"

ယင်း စကားကို နန္ဒာက ဝင်ပြောသည်။

အပြင်ဘက်တွင် ဝါးရွက်များကို လေတိုးသည့်တရှဲရှဲ အသံများကိုကြားရသည်။ ဝင်းလွင်က ရေနွေးကြမ်းကို ငှဲ့ရင်း…

"တစ်ခါတည်း နှစ်မင်္ဂလာ လုပ်လိုက်ဖို့ကောင်းတာ"

"ငါလုပ်ချင်တာပေါ့ကွာ၊ လူကြီးတွေက လုပ်မပေးလို့"

"အားပါး ထက်မင်းပိုင်ကို ခုမှနှာဘူးမှန်း ငါသိတယ်"

"ဟာ… အေလေး၊ ငါက အကောင်းပြောနေတယ် မှလို့"





ပျော်စရာ စကားတွေဆိုဖြစ်ကြ၏။ အမောကို မတွေးချင်။ တွေ့ကြုံလာမှ ရင်ဆိုင်ကြရတာက တစ်ပိုင်း။

ရယ်စရာတွေ ပြောရင်းမှအကြောင်းကိစ္စတစ်ခုကို ဝင်းလွင်က သတိရဟန်ဖြင့်…

"ပွင့်သစ်မဂ္ဂဇင်းမှာ မင်းကဗျာပါလာတယ် နန္ဒာ၊ ကြုံတာနဲ့ စာမူခနဲ့စာအုပ် ငါထုတ်လာတယ်"

"ပျော်စရာကြီးကွာ၊ မဂ္ဂဇင်းမှာ ကဗျာပါတယ်ဆိုတာနဲ့ ဘဝအမောတွေ ပြေသွားပြီ"

နန္ဒာက ဝင်းလွင်ကမ်းပေးသည့် စာအုပ်ကို လှမ်းယူ၍ လှန်လှောဖတ်ပြီး သူ့ကိုလှမ်းပေး၏။

ကဗျာခေါင်းစဉ်က တေမိကိုကိုရဲ့ အတ္ထုပ္ပတ္တိ။

ချစ်ဆိုသည့် ကောင်မလေးကို ကိုယ်စားပြုပြီး ရေးထားသည့်ကဗျာ။

ကွန်ပျူတာတက္ကသိုလ်က 'ချစ်' ကို နန္ဒာက သိပ်ချစ်သည်။ သို့သော်လည်း ချစ်၏အသိုင်းအဝိုင်းကို နန္ဒာ ကြောက်သည်။ ကဗျာ၏ တတိယအပိုဒ်ကို သူသဘောကျ၍ အသံထွက်ဖတ်ဖြစ်လိုက်၏။

*"မချစ်ရဲသော်လည်း*
*ရစ်ဝဲပျော် သူ့အရိပ်တွေက*
*တို့စိတ်ကို ဝင်နှိပ်စက်ပါခဲ့*
*အိပ်မက်မှာ စိမ်းရှပ်မြင်တိုင်း*
*လိမ်းသုတ်ဆင် မျက်ရည်ဝိုင်းတယ်လို့*
*စိတ်ရှိုင်းတွေနဲ့ ရှောင်ခွာသူ*
*လျှောင်လာ သူတို့ မသက်ညာလည်း*
*(ချစ်ရယ်... ကိုကို့ဘဝက)*
*အဆောင်မပါသူမို့ မျက်နှာမွဲ"*

ကဗျာဖတ်ပြီး သူနန္ဒာ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။

နန္ဒက ဆေးပေါ့လိပ်ကို ခပ်ကြွမ်းကြွမ်းဖွာနေ၏။

☆ ☆ ☆

## [၂၁]

မျက်နှာကို မမြင်ရခင် တက်ခေါက်သံ ပြင်းပြင်းကို ကြားရသည်။

ညည့်ခန်းသို့ ထွက်ရန်ပြင်ဆင်နေသော သူ့ခြေလှမ်းများ တုန့်ဆိုင်းသွားရ၏။

"တက္ကသိုလ်ဆိုတာ အတန်းမှန်မှန်တက်၊ စာမှန်မှန် ကျက်ရင် အောင်တာပဲကွ၊ ခုအသုံးမကျလို့ကျတာ၊ ဟော့... ကြိုင်၊ မင်းသားကိုခေါ်စမ်း၊ ဒီကောင်နဲ့ ငါ ဒီနေ့အပြတ်ရှင်းမယ်"

ပြဿနာကတော့ စပြီထင်၏။

ရင်တထိတ်ထိတ် ရှိခိုက်မှာပင် သူ့ထံလာသည့် မေ‌ေ ခြေသံကို ကြားရသည်။ အခန်းဝမှာ သူနှင့်မေမေ တန်းတိုး၏၊

"သား မင်းကို မင်းဖေဖေ ခေါ်နေတယ်"

ကြားထားသည့် စကားအတွက် ဘာကိစ္စရှိလို့လဲ မေမေ့ဆီ သည့်စကားကို အထူးပြု မေးနေဖို့ပင် မလိုတော့။ သည်ကိစ္စနှင့် ပတ်သက်ပြီးတော့လည်း သူ ညကတည်းက ကြိုတင်စဉ်းစား ဆုံးဖြတ်ထားပြီး ဖြစ်သည်။

စိတ်ကို အငြိမ်သက်ဆုံးထားပြီး ဧည့်ခန်းသို့ထွက်ခဲ့၏။ သူ့ကိုမြင်သည်နှင့် ဖေဖေ့မျက်နှာ သာမန်ထက်ပို၍ ခက်ထန်သွားသည်။

"ဘယ်လိုလဲကွ စာရေးဆရာကြီးရဲ့"

ဖေဖေသူ့ကို စတင်၍ တိုက်ခိုက်ပြီ။

သူ ဖေဖေ့ရှေ့မှာ ငြိမ်သက်စွာအရပ်မှာ...

"ဝတ္ထုတွေ အရေးကောင်းလို့ ခုတော့ စာမေးပွဲကျပြီ မဟုတ်လားကွ"

သူ မဖြေ။ ခေါင်းကို ငုံ့ထားလိုက်၏။





"ဒီမယ် ထက်မင်းပိုင်၊ မင်းလုပ်ရပ်တွေ တစ်ခုမှ မဟုတ်တော့ဘူး၊ မတောက်တစ်ခေါက် စာတွေရေးပြီးမင်းကိုယ်မင်း ဟုတ်လှပြီလို့ အောင်မေ့နေ သလားကွ"

သည်စကားတွေအပေါ် သူဘယ်လိုမှ ချေပရန်မလိုဟု ကိုယ့်ကိုယ်ကို ဆုံးဖြတ်သည်။

မေမေက ဖေဖေ့နံဘေးမှာ ဝင်ထိုင်ပြီး သူ့ကိုကြည့်နေ၏။

"ရှေ့ဆက်ပြီး ဒီပုံစံ ဒီအချိုးမျိုးနေလို့တော့ မရဘူး ထက်မင်းပိုင်၊ ငါ့အရိပ်က မလွတ်သေးသမျှတော့ ငါ ချမှတ်ထားတဲ့ စည်းမျဉ်းပေါ်မှာ မင်းတိတိကျကျ ရပ်ရမယ်၊ အေး ငါချမှတ်ထားတဲ့ စည်းမျဉ်းဆိုတာ ကလည်း ငါ့အတွက်မဟုတ်ဘူး၊ မင်းအတွက်လုပ်နေ ရတာ"

သူ ခေါင်းကို ငုံ့ထားမြဲ။

ဖေဖေ ပြောသမျှစကားကို နားထောင်ရုံမှအပ သူ့မှာ စောဒက တက်ခွင့်လည်းမရှိချေ။

"ဟေ့ကောင် ငါပြောနေတာ မင်းကြားရဲ့လား"

သူ ဖေဖေ့မျက်နှာကို မော့ကြည့်ပြီး...

"ကြားပါတယ် ဖေဖေ"

"အေး... ပိုပြီးကြားအောင် ထပ်နားထောင်၊ မင်းကို ငါထပ်မေးမယ်၊ ကျောင်းပညာရေးကို စွန့်မလား၊ ဒီဘာမဟုတ် ညာမဟုတ်တဲ့ ဝတ္ထုရေးတဲ့အလုပ်ကို မင်းစွန့်မလား"

သည်စကားအပေါ်မှာ ဆုံးဖြတ်ချက်တစ်ခုကို သူချရတော့မည်ကို စိတ်က သိလိုက်၏။

သူဖေဖေ့ကို ခပ်ငေးငေးလေးအကြည့်မှာ...

"ဖြေလေကွာ၊ လူဆိုတာ အလုပ်နှစ်ခုကို တစ်ပြိုင်တည်းလုပ်လို့မရဘူးကွ၊ မင်းစာဆက်သင်မလား၊ ရှုးကြောင်ကြောင် စာရေးတဲ့အလုပ်ကို ဆက်လုပ်မလား"

သူ တုံ့ဆိုင်းနေ၍မရတော့။

"ကျွန်တော် စာရေးဆရာဖြစ်အောင်သာ ကြိုးစားတော့မယ် ဖေဖေ၊ ကျောင်းစာမှာ စိတ်မဝင်စားတော့ဘူး"

"ဘာကွ"

ဒေါသသံကြီးက ဟိန်းထွက်လာ၏။





စူးရဲနေသည့် ဖေဖေ့မျက်လုံး အကြည့်တွေကို သူ ရင်မဆိုင် ချင်တော့။ ခေါင်းကို ငုံ့ပစ်လိုက်သည်။

"သဘောကျတယ်ကွ၊ မင်းကဒီလိုပြတ်သားမှတော့ ငါကလည်း ပြတ်သားရမှာပေါ့၊ ဒီတော့ စာရှူး၊ ပေရှူး အလုပ်ကို သဘောမကျတဲ့ ငါတို့က စာရှူး ပေရှူး အလုပ်ကို သဘောကျတဲ့ မင်းကို အလိုမရှိဘူး၊ တို့ အရိပ်က ထွက်ပြီး ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် ရေးခရတဲ့ ခြောက်ပြားတစ်ပဲနဲ့ပဲ မင်းဘဝကိုတည်ဆောက်တော့ ထက်မင်းပိုင်၊ မင်း ငါ ပြောတာကို သဘောပေါက်တယ်မို့လား"

မာနကို ထိပါးသော်လည်း မိဘကို ဦးထိပ်မှာထားပါသည်။ အိမ်ကနှင်ချပြီ ဆိုသည့်အသိကလည်း ဦးနှောက်ဆီသို့ ဝင်ရောက်လာ၏။

သူ မေမေ့မျက်နှာကို လှမ်းကြည့်တော့ မေမေက ငြိမ်သက်စွာဖြင့် သူ့ကို ကြည့်နေသည်။

သူ ဖေဖေနှင့်မေမေကို ကျောခိုင်းပြီး အိပ်ခန်းသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သည်။ ပြီး ဝတ်စုံသုံးလေးစုံကို ဆွဲအိတ်ထဲ ထိုးသွင်း၏။

အပြင်ပြန်ထွက်ပြီး ဖေဖေနှင့်မေမေကို ဦးချကန်တော့ရန် ပြင်ဆင်ဆဲဝယ်...

"တို့ကို ကန်တော့မလို့လား မလိုပါဘူးကွာ၊ မိဘ သဘောကျနှစ်မြို့က်တဲ့ အလုပ်ကို မလုပ်တဲ့ကောင် က၊ မိဘကို စိတ်ဆင်းရဲအောင်ပြုမူ ဖန်တီးနေတဲ့ ကောင်က မိဘကို ထိုင်ကန်တော့နေစရာမလိုပါဘူး ကွ"

ပြောချင်တာ ပြောတော့။

ဦးသုံးကြိမ်ချပြီး တိုက်ထဲမှ ထွက်ခဲ့သည်။

ခြံဝအရောက်တွင် ခြံထဲသို့ဝင်လာသော လော်ရယ်အမျိုး စား အဖြူရောင်ကားကြီးကို တွေ့သည်။

ကားပေါ်တွင် မမတို့ လင်မယား၊

"ကိုပိုင်ဘယ်သွားမလို့လဲ"

"ဘဝသစ်ကို မမ"

ပြောပြီး လမ်းမပေါ်သို့ လှည့်ထွက်ခဲ့သည်။

သူ ရင်ကို ကော့ထားလိုက်၏၊

စာပေသမား တစ်ယောက်ရဲ့ မာနတွေက ခုမှပီပြင်လာ သည်ဟု သူထင်လိုက်သည်။

☆ ☆ ☆





နံဘေးသို့ ညင်သာစွာထိုးရပ်လာသည့်ကား...

သူ လှည့်ကြည့်လိုက်သည်။

မမကြိုင်လှိုင်သင်းနှင့်ကိုကိုကြီး။

သူခြေအစုံကို တန့်အရပ်မှာ မမ ကားပေါ်မှာ ကသောက မျော ဆင်းလာသည်။

"ကိုပိုင်ရယ် မိုက်လိုက်တာ ငါ့မောင်ရယ်"

သူမမကို စောင်းငဲ့ကြည့်သည်။

အကျိုးအကြောင်းနှင့် အနေအထားကို မမသိသွားပြီထင် ၏၊

"ဖေဖေကဒေါသဖြစ်လို့ ပြောတာပဲ ကိုပိုင်ရယ်၊ ဒီ လောက်တောင်မှပဲ ကိုယ့်ကိုမွေးတဲ့ မိဘအပေါ်မှာ မာန ထားရသလား"

သူ စကားကို ဘာမှပြန်မပြော။

"ကားပေါ်တက်စမ်း၊ မင်းအိမ်ကိုပြန်ရမယ်"

သူ ခေါင်းကို ခါယမ်းသည်။

မမက သူ့လက်မောင်းကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်၏။

"မပြန်ဘူး မမ၊ ကျွန်တော် ဆုံးဖြတ်ချက်ချပြီးပြီ"

"မမစကားကို မင်း နားမထောင်ဘူးလားကိုပိုင်"

"ကျွန်တော် မမကို တောင်းပန်ပါတယ်၊ ကျွန်တော့် လမ်း ကျွန်တော်သွားပါရစေ၊ မမတို့လမ်းကို မမတို့ ဆက်သွားပါ"

သူက ဆုပ်ကိုင်ထားသည့် မမလက်ကို ဖြည်လိုက်၏။

"အိမ်ကိုမပြန်ချင်ရင် မင်းမမတို့ တိုက်မှာ လိုက်နေရ မယ် မင်းဘယ်ကိုမှ မသွားရဘူး"

"ကျွန်တော် မမကို တောင်းပန်ပါတယ်၊ ကျွန်တော့် ဘဝကို ကျွန်တော့် အစွမ်းအစနဲ့ ရှုန်းပါရစေ၊ အမေမွေ ခေါ်ဖို့ကိုလည်း မမ မကြိုးစားပါနဲ့၊ မမစကားကို ကျွန်တော် ဆန့်ကျင်ဖို့ ဆုံးဖြတ်ပြီးပြီ"

မမ မျက်လုံးမှ မျက်ရည်များ ဝဲရမ်လာ၏။

ကိုကိုကြီးကတော့ သူ့ကို အငေးသားကြည့်နေသည်။

သူ မမတို့ လင်မယားကို ကျောခိုင်းလိုက်၏။

ခြေအလှမ်းမှာ မမ၏ရှိုက်သံသဲ့သဲ့ကို ကြားရသည်။

သူ အားလုံးကို စိမ်ခေါ်ဖြစ်ပြီ။

☆ ☆ ☆



# [၂၂]

သူပင့်သက်ကို မှုတ်ထုတ်တော့ ကြမ်းခင်းမှာ ခြေပစ်လက် ပစ်ထိုက်နေသည့် နန္ဒာက သူ့ကိုကြည့်ပြီး…

"အားမငယ်နဲ့ သူငယ်ချင်းရာ၊ တို့အိမ်မှာ မင်းတစ် သက်လုံးနေနိုင်တယ်၊ မင်းတို့အိမ်လို ရွှေအိမ်ရွှေနန်း တော့ မဟုတ်ဘူးပေါ့ကွာ၊ အမေ့ရဲ့နွေးထွေးတဲ့ မေတ္တာကိုလည်း မင်းခံယူရမှာပါ"

နန္ဒာ့အမေ အမေစည်ကလည်း …

"စိတ်ဆိုးနေတဲ့ အချိန်မို့ လူကလေးကို နှင်ချတာနေမှာ ပါကွယ်၊ မိဘဆိုတာ ဒေါသထွက်တုန်း စိတ်ဆိုးတုန်းခဏပါ၊ အမေစည်တို့အိမ်မှာ သားပြောသလို လူကလေးတစ်သက်လုံးပဲနေနေ ရတယ်၊ အမေစည်တို့စားရသလို လူကလေး စားရမယ်၊ သားရဲ့သူငယ်ချင်းမှန်သမျှ အမေစည်ရဲ့သားသမီးတွေပဲ"

နှလုံးသည်းပွတ်ထိ တိုးနစ်ဝင်သည့် စကားအတွက် အမေစည်ကို လေးစားစွာကြည့်ပြီး...

"ကျွန်တော်လည်း ဘဝကို ရုန်းကန်မှာပါ အမေ၊ ကျွန်တော့်မှာ ရေးထားတဲ့ လုံးချင်းဝတ္ထုတွေ သုံးလေးပုဒ်ရှိတယ်၊ ထုတ်ဝေတဲ့ တိုက်တွေနဲ့ ဆက်သွယ်ပြီး စာပေလောကထဲကို ခြေစုံပစ်ဝင်မယ်၊ နပ်မှန်အောင် စားဖို့အတွက်တော့ နန္ဒာနဲ့အတူ စာအုပ်အဟောင်း ရောင်းမယ်"

"ကောင်းတယ် သူငယ်ချင်း၊ လမ်းဘေးမှာ စာအုပ်ရောင်းပေမယ့် အထင်တော့မသေးနဲ့၊ ထမင်းကောင်းကောင်း စားလို့ရတယ်ကွာ၊ တစ်ခုတော့ရှိတယ်..."

စကားကို ရပ်ထားတော့ သူက...

"ဘာတစ်ခုလဲ နန္ဒာ"





"လမ်းဘေးမှာ ထိုင်ရောင်းရလို့ မင်းရှက်များနေမလား ဆိုတာပဲ"

"ဟား... ဟား... မင်းက ငါ့ကို သူဌေးသားဆိုပြီး လျှော့တွက်တာပဲ၊ ငါ့ရွှေအိမ်ရွှေနန်းကို ခွာလာတာ ယုံကြည်ချက်နဲ့ပါ နန္ဒာရ၊ ရုပ်ရှင်ထဲက မင်းသားတွေလို စတန့်ထွင်ပြီ အိမ်ကဆင်းလာတာ မဟုတ်ဘူး"

နန္ဒာက သူ့ပခုံးကို ခပ်ကြမ်းကြမ်းကလေးပုတ်ပြီး ကြမ်းပေါ်မှာချထားသည့် သူ့ဆွဲအိတ်ကိုလှမ်းယူ၏။

"တို့နှစ်ယောက်အတူတူအိပ်ကြတာပေါ့၊ ငါ့အခန်းလေးက ကျဉ်းပေမယ့် ကဗျာဆန်တယ်"

အမှန်ပါပဲ။

အခန်းကျဉ်းလေး၏နံရံမှာ သူ့အချစ်ရပ်ဝန်း ကဗျာများ၏ ပန်းချီပုံတွေကို မှန်ဘောင်နှင့်ချိတ်ဆွဲထားသည်။ အခန်းကျဉ်းသော်လည်း သူတို့နှစ်ယောက်အတွက် ချောင်ချောင်ချိချိ နေလောက်ပါ၏။

"အိတ်က လေးလှချည်လား"

"ငါ့အဝတ်အစားတွေ ထည့်လာတာ၊ ရေးပြီးသား စာမူတွေလည်း ပါတယ်၊ လုံးချင်းထုတ်တဲ့ တိုက်တွေနဲ့ဆက်ရမှာပဲ"

"လွယ်ပါ့မလား ထက်မင်းပိုင်၊ တော်တော့ကို အနစ်နာခံရလိမ့်မယ် ထင်တယ်"

ဒီစကားအပေါ်မှာ သူ နားမလည်။

နန္ဒာ့ မျက်နှာကိုလှမ်းအကြည့်မှာ...

"စာပေသမား ထုတ်ဝေသူနဲ့တွေ့ရင်တော့ အဆင်ချောသွားမှာပေါ့လေ"

စကားမှာ အင်အားမရှိ။

နန္ဒာက စကားကို ရှေ့မဆက်တော့။ သူကလည်း သည်စကား၏ အကြောင်းရင်းကို မမေး။

"စီးကရက် သောက်မလား၊ ငါ့အိတ်ထဲမှာ တစ်လိပ်ရှိတယ်"

"ရပါတယ်"

"နေပါဦး မင်းဆင်းလာတော့ မင်းအဘွားကြီးက မတားဘူးလား"

"မေမေက ဖေဖေ့စကားကို ဆန့်ကျင်ရဲတာမှ မဟုတ်တာ၊ ပြီးတော့ မေမေလည်း ငါ့ကို စိတ်ဆိုးနေပုံရတယ်၊ စာမေးပွဲကျတာကတော့ ဆန်းကျယ်တဲ့ကိစ္စမှ မဟုတ်ဘဲကွာ၊ ငါမှ မဖြေနိုင်တဲ့ဟာ"





လေအေးက ထရံကြို ထရံကြားမှ တိုးဝှေ့ဝင်လာ၏။ ညဉ့်က မနက်သေး။

သူနှင့်နန္ဒာ လက်ဖက်ရည်ဆိုင်ဘက် ထွက်လာခဲ့သည်။ လမ်းမှာ အကျိုးအကြောင်း အားလုံးကို သူက နန္ဒာ့ကိုပြောပြ၏။

"မင်း အားလုံးကို စိန်ခေါ်လိုက်တာပဲ"

"ဟုတ်တယ်၊ စိန်ခေါ်ပြီးရင် အနိုင်ရမှဖြစ်မယ် နန္ဒာ၊ ငါကလည်း ငါ့ကိုယ်ငါ ယုံကြည်နေပါတယ်"

ဆိုင်အပြင်ဘက် ခုံပုလေးမှာ ဝင်ထိုင်လိုက်ကြသည်။ ညလေအေးမှာ ဆိတ်ဖလူးပန်းနံ့များ ရောပါလာ၏။ သူက လက်ဖက်ရည်နှစ်ခွက်မှာလိုက်သည်။

"မရမ်းကားနဲ့လေ၊ ချွေတာမှပေါ့"

"ငါ့မှာ ငွေသုံးသောင်းပါပါတယ်၊ လက်ဖက်ရည်နှစ်ခွက်သောက်လို့ ဘဝပျက်မသွားပါဘူး"

"ဒါနဲ့ မင်းအိမ်က ဆင်းလာတာ မှူးသိလား"

"ခုလောက်ဆို သိပြီပေါ့"

"မှူးကတော့ မင်းကို လိုက်ရှာမှာပဲ ထက်မင်းပိုင်"

အသေချာဆုံးစကား။

ညနေဘက်တွင် မှုန်းသည် အင်ကြင်းမြိုင်သို့ရောက်လာမည်။ ဖေဖေ မေမေနှင့်တွေ့မည်။

ဖေဖေက မှုန်းကို သူ မလိမ္မာတာတွေကို ပြောပြမည်။

မီဘစကားနားမထောင်လို့ ဒီကောင့်ကို အိမ်ကနှင်ချလိုက်တယ်ဟုဆိုမည်။

ထိုသည့်အခါ မှုန်း၏ မျက်လုံးအိမ်မှ မျက်ရည်ဥကလေးများ လိမ့်ဆင်းလာမှာကတော့ အသေချာပါပဲ။

အို...ဘာတတ်နိုင်မှာလဲလေ။

☆ ☆ ☆

[၂၇]

နံနက်စောစောစီးစီးမှာ ဝင်းလွင်နှင့်အတူ မှုန်းရောက်လာသည်။ မှုန်းသည် အကျိုးအကြောင်းကို ဝင်းလွင်အား ပြောပြပြီး ဝင်းလွင်၏အကူညီနှင့် နန္ဒာ့အိမ်သို့ လိုက်လာသည်ကို သူသိလိုက်၏။

သူ့ကိုမြင်သည်နှင့် မှုန်းက...

"ဖြစ်မှဖြစ်ရလေ ကိုပိုင်ရယ်"

သူ့ရင်ခွင် ခေါင်းထိုးဝင်သည်။

ရှိုက်သံများ ပွင့်ထွက်ကာ ငိုရင်း သူမျက်နှာကို မော့ကြည့်၏။ ပါးပြင်တစ်ခုလုံး မျက်ရည်များနှင့်စိုစွတ်နေသည်။

"ငါလည်း မနက်ဘက် မှုံးရောက်လာမှသိတာ၊ ငါ အရမ်း အံ့ဩသွားတာ၊ မှုံးကိုခေါ်ပြီး နန္ဒာ့အိမ်ကိုသာ လာရတယ် မင်း ရှိမှရှိပါ့မလားလို့ ရင်တထိတ်ထိတ်ပဲ"

"ငါ့မှာ ဒီအပေါင်းအသင်းတွေကလွဲလို့ ဘယ်အပေါင်းအသင်းများ ရှိသေးလို့လဲ"

"အဲဒါကို စဉ်းစားမိပြီး မှုံးကိုခေါ်လာတာ"

သူက မှုံး၏ ဆံစလေးများကို အသာသပ်တင်ပြီး...

"မငိုပါနဲ့မှုံးရယ်၊ ကိုယ်မှုံးနဲ့ဝေးတဲ့ အရပ်ဒေသကို ရောက်နေတာမှ မဟုတ်တာ၊ မှုံးနဲ့ ကိုယ် အချိန်မရွေး တွေ့နိုင်ကြတာပဲ"

"ရင်ထဲမှာ မကောင်းဘူး ကိုပိုင်"

သူ အသာငြိမ်နေလိုက်၏။

"အိပ်မက်မက်သလို ခံစားနေရတယ်"

သူက မှုံးမျက်နှာကို ငုံ့ကြည့်ပြီးပြုံးသည်။

"ကိုပိုင် ပြုံးနိုင်သေးတယ်နော်"





"မပြုံးလို့ ထိုင်ငိုနေရမှာလား မှုံးရဲ့၊ ဘဝကို စိတ်ကူးယဉ်နေလို့ မရတော့ဘူးဆိုတာလဲ ကိုယ်သဘောပေါက်ပါတယ်"

"ကိုပိုင်ဘာလုပ်မယ် စဉ်းစားထားလဲဟင်"

"ကိုယ် စာတွေ ရေးမှာပေါ့ မှုံးရဲ့၊ စာရေးဆရာဖြစ်ချင်လို့ အိမ်ပေါ်က ဆင်းလာတဲ့ဟာ"

မှုံး မျက်နှာ မသာမယာဖြစ်သွား၏။

သူက စကားဆက်မဆိုတော့ဘဲ အဝတ်အစားလဲပြီး မှုံးနဲ့အတူ အိမ်ပေါ်မှ ဆင်းခဲ့သည်။ ဝင်းလွင်နှင့်နန္ဒာလည်း လိုက်ပါလာ၏။

လမ်းထိပ်ရောက်တော့ နန္ဒာက...

"ငါနဲ့ဝင်းလွင် လက်ဖက်ရည်ဆိုင်မှာပဲရှိမယ်၊ မင်းတို့ အေးအေးဆေးဆေး သွားကြ"

သူနှင့်မှုံး ဘုရားဘက်သို့ လျှောက်ခဲ့၏။

"အန်တီကြိုင် မျက်နှာ မကောင်းဘူး ကိုပိုင်"

သူ ရှည်လျားသော ဦးဝိစာရလမ်းမကြီးကို ငေးမောကြည့်နေလိုက်သည်။

"အန်ကယ်က ကိုပိုင့်ကို အရမ်းစိတ်ဆိုးနေတယ်၊

တစ်လတိတိ စောင့်ကြည့်လို့မှ အမြင်မှန်မရဘဲ အိမ်ပြန်မလာရင် သတင်းစာမှာ အမွေပြတ်ကြော်ငြာထည့်မယ်လို့ ပြောတယ်”

“ကိုယ်ကလည်း ပြန်ထည့်မယ်၊ မိဘအဖြစ်က စွန့်လွှတ်လိုက်တယ်ဆိုတာ”

“ကိုပိုင် ငရဲအုံတွေ ကြီးမယ်လေ၊ အဲသလိုမပြောရဘူး”

သူရယ်နေလိုက်၏။ ဒါကို မှူးက...

“ကိုပိုင် အရမ်းပျော်နေတာပဲလားဟင်”

သည်စကားအပေါ်မှာ သူဘာမှ တုန့်ပြန်ခြင်းမပြု။ ပန်းခြံရှေ့မှလျှောက်ရင်း အဝါရောင်ပန်းပွင့်လေး တစ်ပွင့်ကို လှမ်းခူးလိုက်၏။

“သားသမီးဆိုတာ မိဘရဲ့ အရုပ်လေးတွေပါမှူး၊ ရိုက်လဲခံကြရတာပါပဲ၊ စွန့်ပစ်လဲခံကြရတာပါပဲ”

“သားသမီးဆိုးလို့ မိဘတွေစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကြရတာကိုလည်း ထည့်ပြောပါ ကိုပိုင်”

“ကိုယ် မဆိုးပါဘူး”

“အဟုတ်”





“မှူး သုံးသပ်လေ၊ ကိုယ် လောင်းကစားလုပ်သလား၊ အရက်သောက်သလား၊ မူးယစ်ဆေးစွဲသလား၊ မိဘပစ္စည်း ခိုးဝှက်ပြီးသုံးဖြုန်းသလား၊ ဒါတွေကို မှူး သိတာပဲ၊ ကိုယ်ဝါသနာပါတာကိုတော့ ခွင့်ပြုသင့်ပါတယ်”

“ကိုပိုင်ရဲ့ အဲဒီဝါသနာကြီးကြောင့် စာမေးပွဲတွေ ကျတယ်လို့ အန်ကယ်က ယုံကြည်နေတယ်လေ၊ ကိုပိုင်သာ စာမေးပွဲတွေ တစ်နှစ်တစ်တန်း မှန်မှန် အောင်ရင် ဒီလိုပြဿနာတွေပေါ်လာမှာတောင် မဟုတ်ဘူး”

“အချိန်တန်ရင် ဘွဲ့တစ်ခုတော့ရမှာပဲ”

“မရေရာတဲ့ အချိန်ဆိုတာကို အန်ကယ်တို့က မစောင့်ချင်ဘူးလေ”

“မစောင့်နိုင်လည်း မတတ်နိုင်ဘူးကွာ”

“ကြည့်... သူ ဘယ်တော့မှ စိတ်မရှည်ဘူး”

သူ စိတ်ကို ပြန်ထိန်းသိမ်း လိုက်သည်။

နှုတ်ကို ပိတ်ထားလိုက်ပြီး ဘုရားပေါ်သို့ အနောက်မုခ်မှတက်ခဲ့ကြသည်။

စက်လှေခါးပေါ်တက်တော့ သူက မှုး၏လက်မောင်းကို ဆုပ်ကိုင်ထားသည်။ သည်လို ကြင်နာခြင်းအပေါ်မှာ မှုးကျေနပ်နေသည်ကိုလည်း သူ သိ၏။

"အန်ကယ်က ကိုပိုင့်ကိုအိမ်ကနှင်ချလိုက်တယ်ပြောတုန်းကလေ၊ မှုး ဟန်တောင်မဆောင်နိုင်တော့ဘူး၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကို ကျတာ"

"ကိုယ့်ကို သနားလို့ပေါ့"

"အင်း... အဲဒါ အဖြစ်နိုင်ဆုံးပါပဲ ကိုပိုင်၊ အဲဒါနဲ့ မှုးလည်း ဝင်းလွင်ဆီကို အပြေးကလေး သွားတာ၊ ကိုပိုင်အိမ်က ဆင်းသွားတယ်လို့ ပြောတော့ ဝင်းလွင်အူကြောင်ကြောင် ဖြစ်သွားသေးတယ်၊ ပြီးမှ ဒါဆိုနန္ဒာ့အိမ်မှာ ထက်မင်းပိုင်ရှိမှာပဲဆိုပြီး လိုက်ခဲ့ကြတာ"

ရင်ပြင်ပေါ်ရောက်တော့ သတိတရနှင့်မှုးက ပန်းဝယ်သည်။ ဖယောင်းတိုင်နှင့်အမွှေးတိုင်ကလည်း ပါသေး၏။

"ပေဒင်မေးဖူးတယ်၊ ကိုပိုင် ဂြိုဟ်စီးဂြိုဟ်နင်းတွေ အရမ်း ညံ့နေတယ်တဲ့"

"သွားစမ်းပါ"





"ဘာ သွားစမ်းပါလဲ၊ လူကို ဘုရားပေါ်မှာ လာအော်မနေနဲ့"

"မဟုတ်ပါဘူး မှုးကအပိုအလုပ်တွေ သိပ်လုပ်တာပဲ၊ ကိုယ်ကနတ်တွေ ပေဒင်တွေကို လုံးဝ မယုံဘူး၊ ပေဒင်ဆရာရှေ့မှာ ကြုံ့ကြုံ့ကလေးထိုင်နေတဲ့ လူကိုတွေ့ရင် သိပ်အထင်သေးတယ်"

"ပေဒင်ဆရာ အလိမ်အညာတွေကို မယုံရင်နေလေ၊ ပေဒင် ပညာကိုတော့ ကိုပိုင် ယုံရမယ်၊ ခု မှုးက တကယ်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်နဲ့ကြည့်ထားတာ"

အင်မတန်ကိုမှ စိတ်ပျက်ဖွယ် ကောင်းလွန်းသောစကား။ သူ ဘာမှမပြောတော့ဘဲ ငြိမ်နေတော့...

"ကိုပိုင့် မွေးနံထောင့်မှာ ပန်းလှူရမယ်၊ ဆီမီးသက်စေ့ပူဇော်ရမယ်၊ ရေသက်စေ့လှူရမယ်"

"ကိုယ် ဘာနေ့သားလဲဆိုတာ မှုးသိလို့လား"

မျက်စောင်းကြီး ဝင့်ကျလာ၏။

"မိန်းမသားတွေရဲ့အချစ်မှာ ချစ်သူကို ချစ်တယ်လို့ အဖြေပေးရုံနဲ့ကိစ္စ မပြတ်ပါဘူးနော်၊ ချစ်သူရဲ့မွေးနေ့ မွေးရက်၊ ကိုယ်ကျင့်စိတ်ဓာတ်၊ ဝါသနာ ယုံကြည်

ချက် အားလုံးကို သိထားရတာပါနော်၊ ကိုပိုင် စနေသားဆိုတာ မှုး ငယ်ငယ်ကတည်းကတည်းက သိတယ်"

ရင်မှာ ကြည်ကြည်နူးနူးလေးတော့ ဖြစ်သွားရသည်။ မှုးသူ့ကို ဂရုတစိုက်ရှိပါလားဆိုတာခုမှ ပိုသိရ၏။

စနေထောင့်မှာ ပန်းလှူပြီး မှုးကိုယ်တိုင် သူ့အတွက် မီးကို သက်စေ့ပူဇော်ပေးသည်။ ရေကို သက်စေ့လှူပေးသည်။

မှုးနှင့်အတူ ဘုရားကို ဦးချကန်တော့မည်ပြုတော့ ...

"ခဏလေးနဲ့ မပြီးရဘူးနော်"

"ဟာ... ဦးသုံးကြိမ်ချရင်ပြီးတာပဲဟာ"

"ဘယ်ဟုတ်မလဲ၊ ဘုရားစာတွေရွတ်ရမှာပေါ့"

"ပြဿနာပါလား မှုးရာ၊ ကိုယ်က ဘာဘုရားစာမှ ရတာမဟုတ်ဘူး"

"စိတ်ညစ်ဖို့ သိပ်ကောင်းတာပဲ၊ ဒါဖြင့်ဘုရားရှိခိုးပြီး ဆုတောင်း"

"အဲဒါတော့ ဖြစ်တယ်"

သူက အကျအန စောင့်ကြောင့်ထိုင်ပြီး...





"မှုးဆိုသလို ကျွန်တော့်ချစ်သူနှင့်အိုအောင်မင်းအောင် ချစ်ရပါစေ၊ ဘဝအဆက်ဆက်မှာလည်း ချစ်သူ ချစ်ဦး ဖြစ်ရပါစေ"

"ဟာ... ဘယ်လိုဖြစ်နေတာလဲ ကိုပိုင်"

"ဘာလဲဟ ဆုတောင်းနေတာ အရှိန်ပျက်တယ်"

"အဲဒါ အဓိက မဟုတ်ဘူးကိုပိုင်၊ ကိုပိုင့်ဘဝမှာ မကောင်းသောဘေး၊ မကောင်းသောရန်၊ မကောင်းသောဒဏ်တွေနဲ့ ကင်းဝေးဖို့ ဆုတောင်းခိုင်းတာ၊ ခု ကိုပိုင် ကံနိမ့်နေတယ်"

ကံက ဘယ်လိုနိမ့်သွားရပြန်သည် မသိ။

ဘာပဲဖြစ်ဖြစ် မှုး၏ ဂရုတစိုက်ရှိမှုများအပေါ် သူကျေနပ်ပီတိဖြစ်သည်ကတော့ အမှန်။

"အိုအောင်မင်းအောင်ချစ်ဖို့ ဘဝဆက်တိုင်းဆက်တိုင်း ချစ်ဖို့ဆိုတာ ခု ဆုတောင်းနေစရာမလိုဘူး၊ တစ်ယောက်နဲ့တစ်ယောက် သစ္စာတရားခိုင်မြဲရင် ယုံကြည်မှုအပြည့်အဝရှိရင် အချစ်ဆိုတာ တည်တံ့ခိုင်မြဲနေမှာပါ၊ မှုးဘက်ကိုတော့ ယုံကြည်စိတ်ချပါ

ကိုပိုင်၊ မိန်းမကောင်း မိန်းမမြတ်ပန်းပန်ရင် တစ်ပွင့်သာ ပန်ပါတယ်"

"ကိုယ့်ဘက်ကလည်း မှုံရဲ့စိတ်သဘောထားအတိုင်းပါပဲ၊ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုတာလည်း တစ်သက်မှာ တစ်ခါပဲ တည်ပါတယ်"

"ယုံမယ်နော်"

"ယုံပါ"

"ဘုရားရှေ့မှာ ညာမပြောရဘူး"

"မှုံကို ညာခဲ့ဖူးတာ ရှိသလား"

ပန်းပွင့်ကလေး များထက်လှသော အပြုံးကို မှုံပြုံးသည်။ မှုံ ဘုရားရှိခိုးတော့ သူပါမှုံနှင့်အတူ လိုက်ပြီးရှိခိုးရသေး၏။

မှုံမပြီးမချင်း ကိုပိုင် မပြီးရဘူးဆိုသည့် စကားကြောင့် လက်အုပ်ကြီးချီထားရတာ အနည်းငယ် ကသိကအောက် ဖြစ်ရသည်ကလွဲပြီး ဘာမှတော့ပြဿနာမရှိပါ။

မှုံဦးချတော့မှ မှုံနှင့်ပြိုင်တူ ဦးလိုက်ချပြီး ဘုရားရှိခိုးခြင်းအမှုကို ပြီးစီးလိုက်ရသည်။

ပြီးတော့မှုံက ပြောသေး၏။





"ပန်းလှူခိုင်းတာက ကိုပိုင်ရဲ့ အောင်မြင်မှုဂုဏ်သတင်းတွေပန်းကဲ့သို့ မွှေးပြန့်ကြိုင်လှိုင်ပါစေ၊ ရေလှူတဲ့သဘောက ကိုပိုင့်ဘဝ အေးချမ်းပါစေ၊ ဆီးမီးလှူခိုင်းတာက ကိုပိုင်ဘုန်းမီး နေလတောက်ပပါစေဆိုတဲ့ သဘောရည်ရွယ်ချက်တွေနဲ့ပါ"

သူ မှုံကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေခဲ့မိပါသည်။

☆ ☆ ☆

## [၂၄]

"ပြန်ပြောစမ်းပါဦးဗျာ၊ အသေချာပြန်ပြောစမ်းပါဦး၊ ခင်ဗျား ပြောတာကို ကျွန်တော် နားမလည်သဘော မပေါက်လို့ပါ ဦးလှိုင်ဝေ"

သူ့ မျက်နှာကို ဦးလှိုင်ဝေက စူးခနဲကြည့်သည်။

သည့်နောက် စီးကရက်တစ်လိပ်ကို ဘူးထဲမှ ဟန်ပါပါ နှင့် ထုတ်ယူပြီး အေးဆေးသော အမူရာနှင့်မီးညှိသည်။

"ကိုယ်ပြောတာ ရှင်းရှင်းကလေးပါ၊ နားရှုပ်စရာ အကြောင်းတစ်ခုမှ မပါပါဘူး"





"မဟုတ်ဘူးလေ၊ ကျွန်တော်က ဦးလှိုင်ဝေတို့ တိုက်ကထွက်တဲ့ စာရေးဆရာမအတွက် ငါးအုပ်ကို တာဝန်ယူရေးပေးရမယ်ဆိုတဲ့ စကားကိုနားမရှင်းတာပါ"

"ဩော်... ကိုထက်မင်းပိုင်ရယ်၊ ကဲ... ခင်ဗျားနားလည်အောင် ကိုယ်ရှင်းရှင်းပြောပြမယ်၊ ကိုယ့်တိုက်က ထွက်နေတဲ့ စာရေးဆရာမတွေက တစ်နှစ်ကို နှစ်အုပ်လောက်ပဲ ရေးအားရှိကြတာ၊ ဒီတော့ လုပ်ငန်းအရ တွက်ချေ မကိုက်ဘူး ပေါ့ဗျာ၊ အဲဒီမှာ ကိုယ်နဲ့ စာရေးဆရာမနဲ့ ညှိရတယ်၊ သူလည်း ငွေတွေ အများကြီးရမယ်၊ ရှုပ်စရာလင်းစရာ အကြောင်းကိစ္စလည်း မပေါ်ပေါက်စေရဘူးဆိုတဲ့ အာမခံချက်တွေ ပေးပြီး 'ရှဲဒိုး' ဝတ္ထုတွေ ကိုယ်ရှာဖွေရတော့တာပဲ"

"ဟင်... ဒါဆိုခင်ဗျားတိုက်ကထွက်တဲ့ ဝတ္ထုတွေက အဲဒီ စာရေးဆရာမတွေ ကိုယ်တိုင်ရေးကြတာ မဟုတ်ဘူးပေါ့"

သူ့စကားကို သဘောကျစွာဖြင့် ဦးလှိုင်ဝေက ခပ်ဟက်ဟက်ကလေး ရယ်၏။

"ကျုပ်တို့ကတော့ ကိုယ်ပိုင်ရေးတွေထင်ပြီး အထင်ကြီးလိုက်ရတာဗျာ၊ ဖတ်ဖြစ်တဲ့ ကိုယ့်ကိုကိုယ်တောင် ပြန်ရှက်တယ်၊ သူတို့တွေ ရှက်မရှက်တော့ မသိဘူးပေါ့ဗျာ"

"အဲဒီထိ စဉ်းစားမနေနဲ့လေ၊ စဉ်းစားဖို့လည်း မလိုအပ်ပါဘူး၊ ကိုယ် စာအုပ်ထုတ်ဝေရေးကို အမျော်လုပ်နေတာမှမဟုတ်တာ၊ မြတ်ဖို့စွန်းဖို့ အမြတ်ကြီးကြီးရဖို့ လုပ်နေတာပဲ၊ စာပေယုံကြည်ချက်နဲ့ အရှုံးခံပြီး ထုတ်ပေးနေတဲ့ စာအုပ်တိုက်ကို ခင်ဗျားလက်ညှိုး ထိုးပြဗျာ၊ ပြနိုင်ခဲ့ရင်တောင် အဲဒီလူတွေဟာ မြတ် မယ်ထင်လို့ လုပ်ကြတဲ့လူတွေ၊ ခွက်ခွက်လန်အောင် ရှုံးတော့မှ ကျုပ်တို့က စာပေ ယုံကြည်ချက်နဲ့ လုပ်တာ၊ ရှုံးမယ်မှန်းသိလျက်နဲ့ လုပ်တာဆိုပြီး သိက္ခာဆယ် စွတ်အော်နေတာ၊ စီးပွားရေးသမားတွေဗျာ၊ မြတ်မယ်ထင်လို့ လုပ်ကြတာချည်းပဲ"

ထုတ်ဝေသူ တစ်ယောက်ရဲ့ စကားတွေကို နားထောင်ရင်း ရင်မှာ မောကြပ်နေရ၏။ မကွယ်မဝှက် ပြောဝံ့သည့် ဦးလှိုင်ဝေကိုတော့ စိတ်က ချီးကျူးမိသဖွယ်မှာ အမှန်ပါပဲ။





"ကိုယ်ကရဲဒိုးဝတ္ထုတွေကို ဘယ်က ရှာဝယ်ရှာဝယ်ရတယ်၊ ကိုထက်မင်းပိုင်ကိုပါ ထုတ်ပေးမယ်ဆိုတာက မျှတတဲ့စိတ်၊ လေးစားတဲ့စိတ်ပါ ကိုထက်မင်းပိုင်ရဲ့ အရည်အချင်းကိုလည်း မဂ္ဂဇင်းတွေရဲ့ဝတ္ထုတို၊ ဝတ္ထုရှည်တွေဖတ်ပြီး နားလည်သဘောပေါက်ထားတယ်လေ၊ တင်ရင် တက်မယ်ဆိုတာလည်း သိတယ်၊ ဒါပေမယ့် ကိုယ့်အတွက်အကျိုးပြုဖို့ကလည်း အစိကလိုအပ်တယ်မို့လား၊ ဒါကြောင့်ကိုယ့်တိုက်က စာရေးဆရာမတွေအတွက် ရေးပေးနိုင်မလားဆိုတာ ပွင့်ပွင့်လင်းလင်းမေးရတာ"

"မရေးပေးနိုင်ဘူးဗျာ"

သူ့အသံ မာဆတ်သွား၏။

"မရေးပေးနိုင်ဘူးဆိုရင်လည်း အလုပ်လုပ်ဖို့ အဆင်မပြေတော့ဘူးပေါ့ဗျာ၊ ဒါနဲ့ ကိုနန္ဒာက ကိုယ့်ရဲ့ ကျင့်သုံးမှု သဘောထားကို ကိုထက်မင်းပိုင်ကို ကြိုပြီးပြော မထားဘူးလား"

နန္ဒာက ဦးလှိုင်ဝေကို မျက်နှာငယ်လေးနှင့် လှမ်းကြည့်ပြီး ...

"အဲဒီ အတိုင်းအတာထိတော့ ပြောပြမထားဘူး ဦးလှိုင်ဝေ၊ ဦးလှိုင်ဝေကလည်း တွေ့ဆုံချင်တယ်ဆို တာနဲ့ ခေါ်တာလာ"

"အင်း... ခက်တယ် ကိုနန္ဒာ၊ သဘောတရားမသိဘဲ နဲ့တော့ ဘယ်လိုလုပ်ပြီး အလုပ်သုပ်သို့ရမှာလဲ"

"သဘောတရားဆိုတာ ဘာလဲ ဦးလှိုင်ဝေ"

သူ ကြားဖြတ်မေးသည်။

ဦးလှိုင်ဝေက စီးကရက်ဘူးကို သူတို့ရှေ့တွန်းပို့ပေးရင်း...

"သဘောတရားတို့ဆိုတာ စောစောက ကိုယ်ပြောခဲ့ တဲ့ စကားပဲပေါ့ ကိုထက်မင်းပိုင်၊ ကိုယ့်တိုက်က ရောင်းတန်းဝင်နေတဲ့ စာရေးဆရာမတွေအတွက် လက်ကောင်းကောင်း လိုတယ်လေ"

"အဲဒီ မိန်းမတွေကို စာရေးဆရာမ၊ စာရေးဆရာမလို့ တပ်တပ်ပြီး မပြောစမ်းပါနဲ့ဗျာ၊ အဲဒီမိန်းမတွေမှာ အရှက်တရား မရှိကြဘူးလား"

"အဲဒါ ကိုယ့်အလုပ် မဟုတ်ဘူးလေ၊ သူတို့အလုပ်ပဲ၊ ကိုယ်က သူတို့ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားတို့ မရှက်ကြဘူးလားဆိုတဲ့ အမေးစကားကိုလည်း မေး





နေစရာ မလိုဘူ သူတို့ အရှက်နည်းလေ ကိုယ် ပိုက်ဆံတွေ အများကြီးရလေပဲ"

ဦးလှိုင်ဝေကတော့ ရိုးသားစွာပြောသည်။

"ရှိစေ၊ စက်ဆုပ်စရာပါပဲဗျာ၊ လာ...နန္ဒာ သွားမယ်၊ ငါ့ အသည်းနှလုံးကိုတော့ သူများတွေ နာမည်ကြီးဖို့ ကြီးပွားချမ်းသာဖို့အတွက်တော့ ထုတ်မပေးနိုင်ဘူး"

သူနှင့်နန္ဒာ 'လှိုင်ဝေ' စာပေတိုက်ပေါ်မှ ဆင်းခဲ့ကြ၏။

လမ်းပေါ်ရောက်တော့...

"သိပ်ခံပြင်းဖို့ ကောင်းတာပဲကွာ"

နန္ဒာ ဘာမှပြန်မပြော။

ပန်းဆိုးတန်း စာအုပ်ဆိုင်ပြန်ရောက်တော့ ဝင်းလွင်က အဆင်ပြေတယ်မို့လားဟု မေးသည်။

"အဆင်ပြေဖို့နေနေသာသာ ပေါက်ကွဲမှုကြီးဖြစ်ပြီး လူချင်း ထမချဖြစ်ကြတာ ကံကောင်းတယ် ဝင်းလွင်၊ ဘယ့်နှယ်ကွာ၊ ငါ့ လုံးချင်းထွက်ဖို့အတွက် သူ့တိုက် ကရှိုဒိုးမတွေအတွက် အလည့်ကျ ရေးပေးရမယ်တဲ့"

သူ အသံကျယ်သွား၏။

ဆိုင်နှီးနားချင်း ဘဝတူများက ဝိုင်းရယ်ကြသည်။

တစ်ဆိုင်ကျော်မှ ကိုငွေထွန်းက သူ့ ဒီဂရီမျက်မှန်နက်ကြီးကို လက်နှင့်ပင့်ပြီး…

"လုံးချင်းလောက ဗရုတ်သုက္ခ ဖြစ်နေပြီ ကိုထက်မင်းပိုင်၊ တကယ့် စာရေးသမား၊ စာပေသမားတွေ လုံးချင်းလောကမှာ တိမ်ကောပျောက်ကွယ်ကုန်ပြီ"

"မဟုတ်သေးပါဘူးဗျာ"

"ဟုတ်ပါတယ်ဗျာ၊ ခုတောင် ခင်ဗျားလက်တွေ့ တွေ့ရပြီပဲဟာ"

ဆေးပေါ့လိပ်ကို တစ်ချက်ဖွာရှိုက်ပြီး ကိုငွေထွန်းက ဆက်ပြောသည်။

"လုံးချင်းလောကကို စာရေးဆရာ အတုအယောင်တွေ ဝင်လာတယ်ဗျာ၊ ကလောင် အမျိုးမျိုးခွဲပြီး ရှဲဒိုးတွေ လိုက်ဝယ်တယ်၊ သူတို့က စာပေစိတ်နဲ့ မဟုတ်ဘူး၊ စီးပွားရေး ပုံသဏ္ဌာန်အကွက်ချပြီး ဝင်လာကြတာ၊ စာပေလောကအတွက် မကောင်းတဲ့လက္ခဏာရပ်တွေပေါ့ဗျာ"

ဘာ တတ်နိုင်မှာလဲ။





ပန်းဆိုးတန်းလမ်းပေါ်မှာ ညနေ၏ လေနုအေးသည် သူ့ရင်မှာအပူငွေ့၊ ဒေါသငွေ့များကို သယ်ဆောင်ယူသွားနိုင် စွမ်းမရှိ။

ဪ… စာပေပန်းခင်းကြီးကိုသော်လည်းသည် ပန်းခင်းကြီးမှာ သဘာဝပန်းပွင့်ကလေးတွေ ဂုဏ်မတင့်ဘဲ အဆင်းရနံ့ကင်းမဲ့သည့် စက္ကူပန်းများသာ မင်းမူနေသည့်ပန်းခင်းကြီးပါလား။

သူတို့တွေကို ဘယ်လိုသော လက်နက်မျိုးနဲ့ တိုက်ခိုက်ချေဖျက်ရပါမည်နည်း။

☆ ☆ ☆

[၂၅]

"အံ့သြဖို့ ကောင်းလိုက်တာ ကိုပိုင်ရယ်"

"ဦးလှိုင်ဝေပြောတော့ ကိုယ်လည်း အရမ်းကို အံ့အားသင့်သွားတာ၊ ပြီးတော့ တော်တော့်ကို ရွံရှာ သွားတယ်"

"ဦးလှိုင်ဝေကိုလား"

"ဦးလှိုင်ဝေကို ရွံရှာတာ မဟုတ်ပါဘူး၊ သူက စီးပွားရေးသမား၊ စီးပွားရေးတွက်ပဲ တွက်မှာပေ့ါ၊ ရွံရှာတာက ကိုယ့်ကိုကိုယ် စာရေးဆရာမလို့ အော်နေတဲ့ ငတိမတွေကိုပါ"





"မှူး ကတော့ အထင်ကြီးမိလိုက်တာ၊ ဒီစာရေးဆရာမဝတ္ထုတွေ ထွက်သမျှ ရုပ်ရှင်၊ ဗွီဒီယိုရိုက်ရတယ်ဆိုပြီး တကယ့်ကို ချီးကျူးနေတာ၊ နောက်ပြီး ရေးအားလည်း အရမ်းကောင်းလိုက်တာပေ့ါ၊ ကလောင်တောင်ခွဲထားရတယ်ပေ့ါ။ ခု ကိုပိုင်ပြောမှ ရှဲဒိုးကြီးမှန်း သိတော့တယ်"

မှူး မျက်နှာမှာ အံ့အားသင့်ဟန်တွေ အပြည့်။

သူနှင့် ဦးလှိုင်ဝေအကြောင်း မှူးကို ပြောပြရင်း အမည်ခံငတိမတွေ အကြောင်းလည်း ရောက်သွားရသည်။

"ဒီလူပြောသလိုတော့ ကိုယ့်အသည်းနှလုံးကို ဘယ်ထုတ်ပေးနိုင်မလဲ မှူးရယ်၊ သူ့ဝတ္ထု သူ့စာမူဟာ စာရေးဆရာတစ်ယောက်ရဲ့ အသည်းနှလုံးပါ၊ အသည်းနှလုံးကိုဖြုတ်ပြီး စတေးရမယ့်အလုပ်ကို ကိုယ့်ကစ်သက် မလုပ်ဘူး"

"ကိုပိုင် ဝမ်းနည်းနေလား"

သူက မဖြေ။

မှူးက ဖယောင်းပိုက် ကလေးမှတဆင့် အချိုရည်ကို ခပ်မျှင်းမျှင်းလေး ဆုတ်ယူလိုက်၏။

'လပြည့်ဝန်း' ကိုလ်းဂါးခင်း၏ အရိပ်ကောင်းသော သစ်ပင်အောက်မှာ သူနှင့်မျှ ထိုင်ကြပါသည်။

"ဝမ်းမနည်းဘူး မျှ၊ ဒါပေမယ့် အရမ်းခံပြင်းတယ်၊ တကယ့်စာရေးသမားတွေမှာ အစွန့်လွှတ်ခံ၊ အဆင်းရဲခံပြီး စာတွေရေးလိုက်ရတာ၊ အောင်မြင်မှု မရခင်မှာ ဒုက္ခအမျိုးမျိုးကို ခါးစည်းခံခဲ့ရတယ်၊ အင်း... သူတို့ကျ အောင်မြင်ဖို့အတွက် လွယ်လိုက်ကြတာ၊ ကံတရားကိုပဲ ယိုးမယ်ဖွဲ့ရမလို ဖြစ်နေပြီ"

မျှက ငြိမ်သက်စွာဖြင့် သူ့ကို ခပ်ဝေဝေလေး ကြည့်သည်။

"ကံတရားကလည်း အံ့သြလောက်ပါတယ်၊ ကိုယ်နဲ့ မကြာခင်ကမှ သိကျွမ်းခင်မင်တဲ့ ကိုမင်းနိုင်အကြောင်း ပြောချင်တာပါ၊ လုံးချင်းတွေ ရေးအားကောင်းတာမှ တစ်လကို တစ်အုပ်ပြီးတယ်၊ ထွက်သမျှ ဝတ္ထုတွေ အရမ်း အောင်မြင်တယ်၊ ရောင်းတန်း ဝင်တယ်၊ ဒါပေမယ့် သူ ခပ်စုတ်စုတ် အိမ်ကလေးနဲ့ နေရတယ် မျှ၊ သူတို့မိသားစု ထမင်းဝိုင်းဖွဲ့စားနေချိန် ကိုယ်ရောက်သွားတော့ မျက်ရည်တောင်ဝဲမိတယ်"

"ဘာဖြစ်လို့လဲ ကိုပိုင်"





"ငပိဖျော်ရည်တစ်ခွက်ဟာ သူတို့မိသားစု ခြောက်ယောက်စာရဲ့ ဟင်းလျာပဲ မျှ"

"ဟင်... ဒါနဲ့ သူ့ဝတ္ထုတွေ အရမ်းအောင်မြင်တယ် ရောင်းတန်းဝင်တယ်ဆို"

"ဟုတ်တယ်လေ၊ ဒါပေမယ့် သူ့ဝတ္ထုတွေက သူ့နာမည်နဲ့ထွက်ရတာ မဟုတ်ဘူး၊ နာမည်ကြီးနေတဲ့ စာရေးဆရာမတစ်ယောက်ရဲ့ နာမည်နဲ့ ထွက်လာတာ"

"ဟယ်..."

"မျှ အံ့သြနေလား၊ ဒီထက် အံ့သြရတာ ပြောပြမယ်၊ စာပေတိုက်တစ်တိုက်က ကိုမင်းနိုင်ရဲ့ အရည်အသွေးကို သဘောကျပြီး ကိုမင်းနိုင်အမည်နဲ့ လုံးချင်းစာအုပ်ထုတ်ပေးတယ်၊ ကိုမင်းနိုင် စာအုပ်ဖြန့်တဲ့ နေ့မှာပဲ နာမည် ကြီး စာရေးဆရာမတစ်ယောက်ရဲ့ လုံးချင်းထွက်တယ်၊ အဲဒီစာရေးဆရာမရဲ့ လုံးချင်း အရောင်းသွက်ပြီး ကလက်ဈေးဖြစ်သွားတဲ့အချိန်မှာ ကိုမင်းနိုင်ရဲ့လုံးချင်းကို ဝယ်သူ တစ်ဦးတစ်ယောက်တောင် မရှိဘူး မျှ"

"ဒါကတော့ အဲဒီစာရေးဆရာမရဲ့ ဝတ္ထုကောင်းလို့နေမှာပေါ့ ကိုပိုင်ရယ်"

"ပိုပြီးတော့ ကောင်းမလားမှူးရဲ့၊ အဲဒီစာရေးဆရာမ အမည်နဲ့ထွက်တဲ့ဝတ္ထုက ကိုမင်းနိုင်ရေးပေးတဲ့ ဝတ္ထုပဲ"

"ဟင်..."

"မှူး အံ့သြသွားပြီမို့လား၊ တစ်ခါတစ်လေ စာဖတ်ပရိသတ်ကို ဘယ်လို နားလည်ရမှန်း မသိဘူး"

ပြောပြီး သူ၏အကြည့်ငေးများက သစ်ပင်အုပ်အုပ်ဆီသို့ ရောက်သွားသည်။

လမ်းဘေးတွင် နန္ဒာနှင့်အတူ စာအုပ်အဟောင်းရောင်းမှ ယနေ့ စာပေလောကအကြောင်း စုံစုံစေ့စေ့ သိလာရသည်။

ဝင်းလွင်နှင့်နန္ဒာကတော့ အပုပ်နံ့သင်းနေသော လုံးချင်းလောကသို့ဝင်ရန် ဘယ်လိုမှ ရည်ရွယ်ချက်မရှိကြ။ ကဗျာစာအုပ်ထုတ်ရန်သာ နှစ်ယောက်သား စိုင်းပြင်းနေကြ၏။

မြတ်ဖို့ အတွက်တော့ မဟုတ်။

ယုံကြည်ချက်မှာ အမြတ်အစွန်း ဆိုတာမရှိ။

သူတို့ ကဗျာတစ်ခေတ်ကို ထူထောင်ရန် အားပြုနေချိန်မှာ သူကတော့ လုံးချင်းလောကသို့ ရွက်မရှိလျှင် တက်၊ တက်မရှိလျှင် လက်နှင့်လှော်ခတ်မည်ဟု ဆုံးဖြတ်ထားသူ။ ယခု အခြေအနေမှာတော့ သူလက်ကျိုးရတော့မည့် အခြေအနေ။





"ကိုယ့်ဘဝမှာ စိုးရိမ်တာ တစ်ခုရှိတယ်မှူး"

"ဘာလဲ ကိုပိုင်"

"စာရေးဆရာဖြစ်မလာမှာကို အစိုးရိမ်ဆုံးပဲ"

"ကိုပိုင် ခုစာတွေရေးနေတာပဲဟာ၊ စာရေးရင် စာရေးဆရာပေါ့ ကိုပိုင်ရဲ့"

"မဟုတ်ဘူးမှူး၊ စာရေးဆရာဆိုတာ ကိုယ့်ဘာသာကိုယ် အမည်သတ်မှတ်လို့မရဘူး၊ ပြည်သူ့က အသိမှတ်ပြုမှ စာရေးဆရာဖြစ်တာ အဲဒီလိုအသိအမှတ်ပြုနိုင်ဖို့အတွက် ကိုယ်ရေးတဲ့စာတွေ ပုံနှိပ်စာလုံး အဖြစ်ရောက်ပြီး ပရိသတ်ရဲ့အဆုံးဖြတ်ကလဲ လိုသေးတယ်လေ၊ ယုံကြည်ချက်အတိုင်းဖြစ်မလာရင်တော့၊ ကိုယ့်ကိုကိုယ်သတ်သေပစ်လိုက်မယ် မှူး"

"ကြော်၊ ကိုပိုင်ရယ်"

မှူးက သူ့ လက်ချောင်းလေးများကို ဆုပ်ညှစ်သည်။ သူ့ကိုကြည့်သည့် မှူး၏မျက်လုံးအကြည့်မှာ ဆုံးဖြတ်ချက်တစ်ခုကို သူတွေ့သလိုပါပဲ။

"ကိုပိုင်"

"ကိုပိုင့်ဝတ္ထုတွေကို ထုတ်ပေးမယ့်စာအုပ်တိုက်က မရှိသလောက်ပဲနော်"

"ဟုတ်တယ်မှုံးရယ်၊ သူတို့က ဆွဲလွယ်နပ်လွယ် ရောင်းတန်းတဲ့ စာအုပ်ကို ထုတ်ချင်ကြတာ၊ ဒါက လည်း နည်းလမ်း ကျပါတယ်လေ၊ ကိုယ့်ဆွေ ကိုယ့်မျိုး မဟုတ်ဘဲနဲ့ ဘယ်သူကအရှုံးခံထုတ်မှာလဲ"

"ကိုယ့်အရင်းအနှီးနဲ့ ကိုယ်ထုတ်ရင်ကော"

သူပင့်သက်ကြီးတစ်ချက် ဟူးခနဲမှုတ်ထုတ်ပြီး...

"အကောင်းဆုံးပေါ့၊ ဘယ်သူ့ကိုမှ အောက်မကျို့ရ ဘူးပေါ့၊ ဒါပေမယ့်လေ..."

သူ စကားမဆက်ဘဲနေတော့ မှုံးက...

"ငွေကြေး အခက်အခဲကို ကိုပိုင် ပြောမလို့မို့လား"

သူ နှုတ်ပိတ်ထားလိုက်သည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာလည်း ရောက်ပါ၏၊

"မှုံးက ကိုပိုင့်အတွက် ပါရမီဖြည့်ဘက်ပဲဖြစ်ချင် တယ်"

စကားကို နည်းမလည်နိုင်သေး။

အအေးပုလင်းထဲမှ ဖယောင်းပိုက်ကလေးကိုလှည့် ကစား ရင်းမှုံးကို ခပ်တွေတွေလေးကြည့်နေမိသည်၊

"ဝတ္ထုစာအုပ်တစ်အုပ်ထုတ်ရင် အရင်းအနှီး ဘယ်





လောက်ကုန်ကျမလဲကိုပိုင်"

စာအုပ်တစ်အုပ်၏ကုန်ကျစရိတ်ကို နန္ဒာတွက်ပြထားဖူး၍ သူသိသည်။

"အုပ်ရေပေါ် မူတည်တယ်မှုံး၊ အပြင်အဆင်ကောင်း ကောင်းလုပ်မယ်ဆိုရင်တော့ လေးငါးသိန်းလောက် ကုန်မယ်"

မှုံးထံမှ စကားသံထွက်မလာသေး။

မှုံးက သူကိုင်နေကျ ကတ္တီပါအိတ်အသေးလေးကို ဖွင့် သည်။ တစ်စုံတစ်ခုကို နှိုက်ယူပြီး လက်ထုတ်လိုက်သောအခါ ရွှေဆွဲကြိုးတစ်ကုံး ပါလာ၏။

"ကိုပိုင် ဒါ မှုံးမုန့်ဖိုးရတဲ့ငွေကိုစုပြီးလုပ်ထားတာ၊ နှစ် ကျပ်သားအတိ ရှိတယ်"

သူ့ မှုံးမျက်နှာကို ခပ်ငေးငေးလေးကြည့်သည်။

"ကာလပေါက်ဈေးနဲ့တွက်ရင် ကိုပိုင့်လုံးချင်းစာအုပ် ကို ကောင်းကောင်း ထုတ်နိုင်တယ်၊ မျက်နှာငယ်နဲ့ ဘယ်စာအုပ်တိုက်ကိုမှ လျှောက်မသွားနဲ့တော့"

မှုံး၏ စကားအသံမှာ မာနရှိနေ၏။

မှုံးကသူ့ကို နှစ်ကျပ်သားရွှေကြိုး လှမ်းပေးသော်လည်း

သူကမယူ။

"မဟုတ်တာမှုးရယ်၊ ကိုယ် မယူရက်ပါဘူး"

"မှုးကို ချစ်တယ်ဆို"

"ပြောဖို့ မလိုအပ်တဲ့ စကားပါ"

"ဒါဖြင့် မှုးပေးတာကို လက်ခံပါကိုပိုင်၊ မှုးက ကိုပိုင် ပျော်ဖို့ပါးဖို့၊ ဖြုန်းဖို့ပေးတာမှ မဟုတ်တာ၊ ကိုပိုင့်အ တွက် ပါရမီဖြည့်ဘတ် အနေနဲ့ပေးတာ၊ ကိုပိုင့် အရည်အချင်းတို မှုးသိပါတယ်၊ လောကမှာ ကြိုး စားရင် ဘာမဆို ဖြစ်တယ်ကိုပိုင်"

သူ့ ခန္ဓာကိုယ်တစ်ခုလုံးကို အင်အားများ ပျံ့ဝင်လာသည် သို့ခံစားရ၏။

သူမှုး၏လက်ချောင်းလေးများကို ဆုပ်ညှစ်သည်၊

မှုးဟာ...

သူ့အတွက်...

ချစ်သူဆိုတာထက်

'ရဲဘော်မ' တစ်ယောက်ပါပဲ၊

☆ ☆ ☆



[၂၆]

"အို... ဘာလို့ မေးလဲ ထက်မင်းပိုင်၊ တို့လုပ်ငန်း ကျွမ်းကျင်တယ်ကွာ၊ စာအုပ်တစ်အုပ်ရဲ့အပြင် အ ဆင်ကို နားလည်တယ်ကွာ၊ ရေးပြီး စာမူတွေလည်း အဆင်သင့်ရှိတယ်၊ တို့ရဲ့နားလည်တတ်ကျွမ်းမှုနဲ့ ရပ်တည်နိုင်အောင် ကြိုးစားမယ်ကွာ၊ ဘာဖြစ်လို့ မ အောင်မြင်ရမှာလဲ"

နန္ဒာက တက်ကြွနေ၏။

သူ့ရင်ထဲက အပျော်တွေကိုတော့ စာဖွဲ့ဖို့ပင် မလိုတော့။ ဝင်းလွင်ကလည်း...

"မှူးက မင်းကို တကယ်ချစ်တာပဲကွာ၊ တို့ရှာဖွေနေတဲ့ ရဲဘော်မကို မင်းရထားပြီ ထက်မင်းပိုင်"

"ဟုတ်တယ် ဝင်းလွင်၊ မှူးဟာ ငါ့ကိုချစ်ဖို့အတွက် လူဖြစ်လာမဟုတ်ဘူး၊ ဘဝကို ဖေးမဖို့ လူဖြစ်လာရတဲ့ ရဲဘော်မပဲ၊ ငါ့ကိုမှူးက ဘွဲ့တစ်ခုလောက် အနည်းဆုံးရစေချင်တယ်၊ စိတ်တိုနားငြီးအောင်လည်း တဖွဖွ ဆုံးမတယ်၊ ငါ စွတ်ရွတ်လုပ်တော့လည်း မှူး ဘာမှမပြောတော့ဘူး၊ ဖြစ်ပေါ်နေတဲ့ လက်ရှိ အခြေအနေကို မှူးက လက်တွေ့ကျကျ ရင်ဆိုင်တတ်တယ်"

သည့်နောက် သူတို့ အလုပ် စကားပြောကြသည်။ သူတို့သုံးယောက်၏ စကားဝိုင်းအလယ်တွင် လက်ထဲတွင် လက်ဖက်သုပ်တစ်ပွဲရှိ၏။ ဒီလက်ဖက်သုပ်က အမေ၏ လက်ရာ။

သည်ညကတော့ ဘဝတစ်ခုကို အစပြုကြတော့မည့် ညဟုလည်း ဆိုလို့ရသည်။

ရိုက်နှိပ်မည့်စာအုပ်ရေနှင့် နယ်ကိုယ်စားလှယ်များ စာရင်း။

ရန်ကုန်မှာ ဖြန့်မည့်ပုံသဏ္ဌာန်။

မျက်နှာဖုံးပန်းချီနှင့် သုံးမည့်စက္ကူ အမျိုးအစား။





နန္ဒာ၏ တင်ပြမှုများကို သူတို့ ခေါင်းတညိတ်ညိတ်။ သည်ဒီနေရာမှာ နန္ဒာက အားလုံး ကျွမ်းကျင်သည်။

ညဆယ်နာရီလောက်မှာ သူတို့ လမ်းထိပ်လက်ဖက်ရည်ဆိုင် ထွက်ထိုင်ကြသည်။

"စိတ်ပင်ပန်းစရာ၊ စိတ်များစရာ ကိစ္စတွေကို ငါနဲ့ဝင်းလွင် ရင်ဆိုင်မယ်၊ မင်းက စာကိုသာ စိတ်ဖြောင့်ဖြောင့်ထားရေး၊ ကိုယ်ပိုင်အရည်အချင်းအပြည့်နဲ့ပဲကွာ၊ မင်း ဘာလို့မအောင်မြင်ရမှာလဲ"

သည်စကားအပေါ်မှာ သူ ဝမ်းသာကြည်နူးနေရ၏။ နောက်ပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်နေသည်။

☆ ☆ ☆

[၂၇]

ကြော်ငြာအား ကောင်းကောင်း၊ အပြင်အဆင်ကောင်းကောင်းနှင့် ထွက်ခဲ့သော်လည်း စာရင်းတွင် ငွေတစ်သိန်းကျော်ကျော် ရှုံးသည်။

ပြန်သိမ်းထားသော စာအုပ်အပုံကြီးကို ကြည့်ပြီး သူပင့်သက်ကို မသိမသာချသည်။

နန္ဒာက စာအုပ်များကို ကြိုးနှင့်စည်းရင်း သူ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်၏။

"စိတ်ပျက် လက်ပျက် ဖြစ်သွားသလား ထက်မင်းပိုင်"

"ခံစားရတာပေါ့ကွာ"





"စိတ်ပျက်စရာလည်း မလိုဘူး၊ ခံစားနေစရာလည်း မလိုဘူး၊ ကိုယ့်အရည်အချင်း မရှိလို့ ညံ့လို့ အရှုံးပေါ်တာမှ မဟုတ်ဘဲကွာ၊ လုံးချင်းလောကကို တိုးဝင်တဲ့ စာရေးဆရာ အသစ်တွေ ရင်ဆိုင်ကြုံတွေ့ရတဲ့ ဖြစ်မြဲ ဓမ္မတာပဲဟာကွာ၊ မင်းဝတ္ထု ယနေ့ အောင်မြင်နေပါတယ်ဆိုတဲ့ ဝတ္ထုတွေနဲ့ယှဉ်ပြီး အဖတ်ခံတယ်ကွာ၊ ငွေကြေးအရ ရှုံးပေမယ့် အနုပညာပိုင်းမှာ မင်းမြတ်စွန်းပါတယ် ထက်မင်းပိုင်၊ မင်းဝတ္ထုကို ဖတ်မိတဲ့သူတွေဆီကလည်း ကောင်းတယ် မဆိုးဘူး၊ လူငယ်စရိုက်ဖော်တာ ပီပြင်တယ်ဆိုတဲ့အသံတွေ ထွက်လာတာပဲဟာ"

ဝင်းလွင်ကလည်း ပြောသည်။

"ဟုတ်တယ် ထက်မင်းပိုင်၊ စာအုပ်အငှားဆိုင်တွေမှာ ငါလိုက်စုံစမ်းတယ်၊ အသစ်ဆိုပေမယ့် တန်းမီတယ်တဲ့၊ ဆက်တိုက်သာ ထွက်လိုက်ရင် တက်လာနိုင်တယ်တဲ့"

နန္ဒာက စာအုပ်စည်းတွေကို ရေတွက်ရင်း ...

"ခု လက်ကျန်တွေကို လခွာပြီး အဟောင်းဈေးချမယ်"

"ထိန်းထားမယ်လေ၊ ဘာဖြစ်လို့ ချရမှာလဲ"

"အဲဒါတွေကို မင်းမသိပါဘူး ထက်မင်းပိုင်၊ ထိန်းထားတယ်ဆိုတဲ့ သဘောက နာမည်ကျော်ကြီးတွေကို အထင်တကြီးနဲ့ အုပ်ရေတွေ စွတ်ရိုက်တာ၊ လက်ကျန်များတော့ အဟောင်းဈေးချရင် သိက္ခာကျမယ်၊ အဲဒါတွေကို တွက်ဆပြီး ထိန်းထားတာ၊ မင်းကလူသစ်ပဲ၊ အဟောင်းဈေးမှာ ဈေးနှုန်းသက်သာစွာနဲ့ မင်းစာအုပ်ကို ဝယ်မယ်ကွာ၊ အဲဒီကျ စာဖတ်ပရိသတ်တွေရဲ့ လက်ထဲကို မင်းဝတ္ထုရောက်မယ်၊ မင်းအရည်အချင်းကို အားလုံးသိသွားရင် လှေကားတစ်ထစ်ကို မင်းတက်လိုက်တာနဲ့ အတူတူပဲ၊ ဆိုလိုတာက မင်းကို သတိထားမိပြီး မင်းဝတ္ထုကို စောင့်ဖတ်တော့မယ်"

တွက်ရေးမှာတော့ စက်သူဌေးပါပဲ။

လက်ထဲမှာ ကျန်သည့် ငွေကို သူ ပြန်စဉ်းစားရသည်။

ငွေအား လျော့ပါးသွားသည့်အတွက် နန္ဒာကတော့ မပူနှင့်ဟု ပြောသည်။ ဖလင်နှင့်စက်ကို အကြွေးထားရိုက်ပြီး ခရီးဆက်မည်ဟု ပြော၏။





သူ ကတော့ လက်မခံချင်။

နောက်ဆံငင်မည့် အလုပ်မျိုးနှင့် လူတစ်ယောက်ကို အောက်ကျို့ ပြောရမည့်ကိစ္စကို သူဝန်လေးသည်။

မရောင်းဖြစ်သေးသော လက်မှ ရိုးလက်စ်နာရီလေးကို ငုံ့ကြည့်တော့ နံနက်ဆယ်နာရီတိတိ။

ဝင်းလွင် မင်းကျောင်းမသွားဘူးလားဟု မေးမည်ပြုပြီးမှ သတိကို ချက်ချင်းထိန်းလိုက်ရ၏။

ဝင်းလွင်သည်လည်း စီးပွားရေး အခြေအနေ မခိုင်၍ ကျောင်းက ထွက်ထားသည်မှာ ရက်သတ္တပတ် ပြည့်တော့မည်။ သူတို့နှင့် စာအုပ်အဟောင်းရောင်းရင်း ဘဝကျောင်းကို တက်နေသူ။

"နာရီ တကြည့်ကြည့်နဲ့ ဘယ်သွားစရာရှိလို့လဲ"

နန္ဒာက သူ့ကိုလှမ်းမေးသည်။

"ငါ မှူးဆီ သွားလိုက်ဦးမယ်"

"အင်း... တို့ရဲ့ အရှုံးစာရင်းအတွက် မှူးစိတ်မကောင်း ဖြစ်မှာတော့ အမှန်ပဲ"

"မှူး စိတ်ဓာတ်ကို မင်းတို့ မသိပါဘူး နန္ဒာ၊ မှူးက အလုပ်တစ်ခုလုပ်ရင် မတွေဝေတတ်ဘူး၊ စိတ်ဓာတ် မကျတတ်ဘူး"

"မင်းနဲ့ ကွာတယ်ပေါ့"

သူ ပြုံးလိုက်၏။

အမှန် စကားပါပဲ။

စိတ်မာတတ်ရေးရာမှာ မှုံက သူ့ထက်ကြံ့ခိုင်သေး၏။

ကျောင်းမှာ မှုံကို တွေ့၏။

ရထားလမ်းဘေး လက်ဖက်ရည်ဆိုင်လေးသို့ အတူ လျှောက်ခဲ့ကြ၏။ လက်ဖက်ရည်ဆိုင်ရောက်တော့ သူ မှုံကို စကားမပြောဖြစ်သေး။

မှုံက သူ့ကိုအကဲခတ်သလိုကြည့်ပြီး လက်ဖက်ရည်နှစ်ခွက်လှမ်းမှာသည်။

"ကိုပိုင် မျက်နှာ မကောင်းပါလား"

မှုံက သူ့အရိပ်အခြည်ကို အံ့သလိုကြည့်နေသူ။

"မနေ့က စာအုပ်တွေ ပြန်သိမ်းတယ်"

"ရှုံးမယ်ဆိုတာ မှုံသိထားပြီးပါပြီ"

"ဟင်... မှုံသိနေတယ် ဟုတ်လား၊ ကိုယ် အဲဒီ စကားကို ပြောမထွက်ဖြစ်တာ"

"တစ်ချက်တည်း ခုံရုံနဲ့တော့ ခုနှစ်ပေအမြင့်ကို ဘယ် ရောက်မှာလဲ ကိုပိုင်ရယ်၊ စွန့်ပြီးမှတော့ ကိုပိုင်ရဲ့ရ တော့မယ်"





"တစ်သိန်းကျော်လောက် ရှုံးတယ်မှုံ"

"ကျောင်းမှာ ကိုပိုင့်နာမည်ထွက်တယ်၊ မှုံကိုလာပြီး လက်ဆွဲနှုတ်ဆက်ကြတယ်၊ ငွေကြေးရှုံးပေမယ့် အဲဒီ အောင်မြင်မှု အတွက် မှုံကျေနပ်တယ် ကိုပိုင်"

"ရှုံးတော့ အရမ်းစိတ်မကောင်း ဖြစ်ရတယ်လေ"

"ဩော်... ကိုပိုင်ရယ်၊ စာအုပ်ထုတ်ကတည်းက အရှုံးကို ရင်ဆိုင်ဖို့အသင့်ဖြစ်နေခဲ့တာပဲဟာ၊ ရှေ့ခရီး ကို ဆက်သာဆက် ကိုပိုင်၊ ဆင်ဆိုတာ ဘယ်တော့မှ နောက်ကြောင်းကို လှည့်မကြည့်ဘူး"

သူ မှုံမျက်နှာကို ကြည့်ရန်မဝံ့မရဲ ဖြစ်နေသေး၏။

အဖန်ရေပူပူကို တဖူးဖူးမှုတ်သောက်ရင်း ဆိုရန်ခက်နေသည့်စကားကို မှုံနားလည် သဘောပေါက်သွားသည်ထင်၏။

သူမ၏ အနက်ရောင် ကတ္တီပါအိတ်ကလေးကို ဖွင့်သည်။ ရွှေလက်ကောက်နှစ်ကွင်းဝင်းခနဲ ပေါ်လာ၏။

"ကိုပိုင်လည်း သိသားပဲ၊ မှုံက ဖန်စီကလေးတွေ အမျိုးမျိုးဝတ်တာ၊ ရွှေဝတ်တာ ဝါသနာမပါဘူး၊ မေမေက ဝတ်ခိုင်းရင် အိတ်ထဲထည့်ထားလိုက်တာ ပဲ"

စကားနှင့်တစ်ဆက်တည်း သူ့ကို လက်ကောက်နှစ်ကွင်း လှမ်းပေးသည်။

"တစ်ကွင်းကို ငါးမူးသားရှိတယ်၊ နှစ်ကွင်းမှာ တစ်ကျပ်သားတိတိပဲ၊ အဲဒါကို ရောင်းပြီး အရင်းအနှီး ပြန်လုပ် ကိုပိုင်၊ အထက်ကို တက်ဖို့အတွက် လှေကားရှိမှ၊ လှေကားလှုပ်ဖို့ အတွက်လည်း သစ်ရှိဦးမှ"

"ကိုယ် မှုံကို အားနာနေတယ်၊ အိမ်နီမ်မှာ စံနေရတော့ ကိုယ် အရာရာကို အံကြိတ်နေရတော့တာပဲ၊ အနားမှာ မှုံသာမရှိရင် ကိုယ်လူဖြစ်ရတာ အတော်ကို အဓိပ္ပာယ်မဲ့နေမှာ အမှန်ပါပဲ"

"ဒီစကားအတွက် မှုံ ဝမ်းသာပါတယ် ကိုပိုင်၊ မှုံဟာ ကိုပိုင် အားနာရမယ့်သူလည်း မဟုတ်ပါဘူး၊ ခုကိစ္စတွေမှာ မှုံ ကိုပိုင့်ကို ကူညီတာ မဟုတ်ဘူး၊ ပါရမီဖြည့်ပေးတာ၊ ကိုပိုင် ပြောပြောနေတဲ့ ရဲဘော်မလေ"

ရဲဘော်မ၏ မျက်နှာမှာ အပြုံးတွေဝေနေ၏။

"ကိုပိုင် ကြိုးစားနော်၊ ပတ္တမြားမှန်ရင် ဘယ်တော့မှ နွံမနစ်ဘူး၊ ကိုပိုင့် ဝါသနာယုံကြည်ချက်ကို စိတ်





ဖြောင့်ဖြောင့်ထားပြီး ခရီးဆက်၊ မှုံရဲ့သစ္စာတရားအပေါ်မှာတော့ ကိုပိုင်ဘယ်တော့မှ သံသယမရှိနဲ့၊ မှုံရဲ့ အသိစိတ်တစ်ခုလုံးမှာ ကိုပိုင်ကလွဲလို့ ဘယ်သူမှ မရှိဘူး၊ ရင်ထဲမှာ အချစ်တစ်ခုပဲရှိတယ်၊ အဲဒီအချစ်ကလည်း ကိုပိုင်ပဲ"

ကဲ... ဘယ်လောက် လိမ္မာယဉ်ကျေးတဲ့ ချစ်သူဖြစ်ပါသလဲ၊

သူ မှုံမျက်နှာကို စူးစူးစိုက်စိုက်ကလေး ကြည့်သည်။

မေးကလေးနှစ်ခွနှင့် မှုံ။

မှဲ့နက်ကလေးက နှုတ်ခမ်းအောက်မှာ ကပ်နေသေးသည်။

သည်လိုသော ချစ်သူသည် ...

ပြတ်သားသော...

စိတ်ဓာတ်ခိုင်ကျည်သော...

ရဲရင့်သော အဖော်မှန်း သူသိလိုက်ပါ၏။

☆ ☆ ☆

[၂၈]

ရက်သုံးဆယ်တိတိသာ ခြားပြီး သူ၏ဒုတိယမြောက်လုံးချင်းကို အပြင်အဆင် အားကောင်းကောင်းနှင့် ထုတ်ဝေဖြန့်ချိလိုက်၏။

ဆိုင်တင်သည့်နေ့တွင် သူရင်ဖိုနေရသည်။

နန္ဒာကတော့ မန္တလေး၏ ဖြန့်ချိရေး စာရင်းကိုကြည့်ပြီး မင်းဖြစ်ပြီ ဆိုသည့်စကားကို ရဲဝံ့စွာ ပြော၏။

ရန်ကုန်ဆိုင်တွေ လိုက်ဖြန့်စဉ်က ဝင်းလွင်က သူ့ကို အတည်ပေါက်နှင့် နောက်သည်။





"အမှန်မှာ မင်းစာအုပ်ကို ဖြန့်နေတဲ့အချိန်မှာ ဥရုမင်းကို ပင့်ပြီး ဖယောင်းတိုင်ထွန်း၊ အုန်းပွဲ ငှက်ပျောပွဲတွေ ရှေ့မှာ ဂါထာမန္တာန်တွေ ရွတ်နေရမှာ"

"ဒါဆို စာအုပ်ပြတ်ထွက်သွားရော့လား"

"မသိဘူး၊ လောလောဆယ်တော့ အုန်းပွဲ ငှက်ပျောပွဲဖိုးတွေ ကုန်တာပဲ၊ ဘက်ဆဲလ်လာ တော်တော်များများ အဲဒီလို လုပ်တယ်လို့ ကြားတယ်"

"အရှုံးတွေ"

"သူတို့ကတော့ ထူးတယ် ပြောကြတာပဲကွ"

"တော်စမ်းပါ ဝင်းလွင်ရာ၊ လူဟာ ကိုယ့်အရည်အချင်းကို ကိုယ်သိရမယ်၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိရမယ်၊ ဗုဒ္ဓဘာသာ တစ်ယောက်ပီပီ ကံ၊ ကံ၏အကျိုးကို ငါယုံကြည်ပါတယ်၊ ဒါပေမယ့် ဉာဏ်ကိုအားမကိုးဘဲနဲ့တော့ မရဘူးကွာ"

မိမိကိုယ်မိမိ ယုံကြည်ခြင်းသည် ထက်မြက်သော အစွမ်းအစ တစ်ခုပါပဲ။

အားထုတ်မှု အပေါ်မှာ အကျိုးတရားတစ်ခု ဖြစ်တည်ရမည်ကို သူ ယုံကြည်၏။

သုံးလေးရက် အကြာမှာ နန္ဒာနှင့်ဝင်းလွင်က စာအုပ်ရောင်းတန်း အခြေအနေကို လိုက်လေ့လာသည်။

သူက လက်ဖက်ရည်ဆိုင်မှာ ထိုင်ကျန်နေခဲ့၏။

ပြန်ရောက်လာသောအခါ နန္ဒာနှင့်ဝင်းလွင်မျက်နှာ ဝင်းပနေ၏။ သူ့အတွက် မင်္ဂလာသတင်းပါလာပြီကို အတတ်သိလိုက်သည်။

"ထက်မင်းပိုင် မင်းကမ္ဘာ တစ်ဝက်ကို နင်းထားပြီကွ၊ မင်းဝတ္ထု အရောင်းလိုက်တယ်"

"ဟော့ကောင် တကယ်လား နန္ဒာ၊ ဒီကိစ္စက နောက်တမ်း မကစားရဘူးနော်"

နန္ဒာက သူ့လက်ဝါးကို သူ၏လက်ဝါးနှင့် ဖြန်းခနဲရိုက်လိုက်ပြီး...

"တို့တွေ ငွေကြေးပုံအောပြီး အလုပ်လုပ်နေတာ၊ တို့အမြတ်တနိုးထားတဲ့ လုပ်ငန်းမှာ တို့စကားတွေ ဘယ်တော့မှ ရယ်ပြီး ပေါ့မသွားစေရဘူး"

"ငါ ရင်တွေ ခုန်နေတာအမှန်ပဲကွာ မှူးကို ချစ်တယ် ပြောဖို့ ရည်ရွယ်တုန်းကတောင် ငါဒီလောက် ရင်မခုန်ခဲ့ပါဘူး"





"အဲဒီစကား မှူးကိုသွားပြောရင် မင်းကို ထတီးလိမ့်မယ်"

"အမှန်ပဲ"

ပြောပြီး သူတို့ရယ်ကြ၏။

သူတို့၏ အရယ်တွေက လွတ်လပ် ပေါ့ပါးနေသည်။ အင်အားမျှားနှင့် တည်ရှိနေသည်။

သူက နန္ဒာနှင့် ဝင်းလွင်အတွက် လက်ဖက်ရည်ထပ်မှာ၏။

"တတိယမြောက်စာအုပ်မှာ မင်းစာအုပ် လုံးဝ မြတ်ထွက်သွားစေရမယ်၊ ဆိုင်တွေကို အမြတ်တင်လို့ရပြီဆိုတာလည်း ငါသဘောပေါက်တယ်"

"ကြည့်လုပ်ပါဦး နန္ဒာရာ၊ ဆိုင်တွေက တို့ကို အမြင်ကပ်နေပါဦးမယ်"

သူက စိုးစိုးရိမ်ရိမ်နှင့်ပြောသည်။

နန္ဒာ ကတော့ ယုံကြည်ချက်အပြည့် ရှိနေ၏။

"စာအုပ်ပြတ်ရင် အမြင်ကတ်စရာအကြောင်း ဘာမှမရှိဘူး၊ ဆိုင်ကြီးတွေနဲ့တော့ ငါချင့်ချင့်ချိန်ချိန်လုပ်မှာပါ၊ မင်းဘာမှ စိုးရိမ်မနေနဲ့ ထက်မင်းပိုင်၊ သည်လမ်းကြောင်းမှာ ခြေလှမ်းကို ဘယ်လိုပြောင်းပြီး လျှောက်ရမယ်ဆိုတာ ငါသိပြီးသားပါ"

နန္ဒာက ဖြန့်ချိရေးမှာ ဆရာကြီး။
သူနှင့်ဝင်းလွင် ဆိုရန် စကားမရှိ။
လက်ဖက်ရည်ဆိုင်က ထတော့...
"မင်း စာရေးဆရာ ဖြစ်ပြီ"
ဆိုသည့်စကားကို နန္ဒာက ပြော၏။

သည်စကားသည် သူ့နှလုံးသားကို ပြင်းထန်စွာ ရိုက်ခတ်သွားပါသည်။

☆ ☆ ☆

## [၂၉]

"မှူး ကြံသိပြီးသားပါ ကိုပိုင်ရယ်၊ ကိုပိုင့် လုံးချင်းထွက်မှ မှူးလည်း ရပ်ကွက်ထဲက စာအုပ်အငှားဆိုင်ပေါင်းစုံကို လျှောက်သွားတတ်နေပြီ၊ ကိုပိုင်ရဲ့ အောင်မြင်မှုအသံတွေ နားနဲ့မဆုံအောင် ကြားနေရတာပါပဲ"

မှူးက ဝမ်းသာအားရ ပြောသည်။

"ယနေ့ လူငယ်တွေရဲ့နှလုံးထဲမှာ ထက်မင်းပိုင်ရောက်နေပြီ ကိုပိုင်၊ ကိုပိုင်ရဲ့ ဝတ္ထုထဲက စာသားတွေကို သူတို့အချင်းချင်း ရွတ်ပြနေတာ မှူးနားနဲ့ ဆတ်ဆတ်ကြားတယ်"

သူ့ မျက်နှာမှာတော့ အပြုံးတွေ ဝေနေ၏။

သည်နေ့ မှူးနှင့် အတူသောက်ရသည့် လက်ဖက်ရည်သည် ခါတိုင်းနေ့တွေထက် ပို၍ချိုနေ၏။

"ကိုယ်တို့ ရင်းရကျိုးနပ်ပါတယ်၊ မှူးကိုလည်း အရမ်းကျေးဇူးတင်တာပဲ"

"ကျေးဇူးစကားကို မှူးမကြားချင်ပါဘူး၊ အရင်းအနှီးထုတ်ပေးတာတွေကို ပြန်ပေးဖို့မလိုပါဘူး၊ ကိုပိုင့်ဆန္ဒတွေ ဖြည့်ဆည်းဖို့၊ ကိုပိုင်ဖြစ်ချင်တာတွေ ဖြစ်ရဖို့ မှူး ပါရမီဖြည့်ခဲ့တာ၊ ခုအောင်မြင်တဲ့ တက်သစ်စစာရေးဆရာ တစ်ယောက်ဖြစ်လာပြီ၊ အဲဒီအပေါ်မှာ မှူး ကျေနပ်နေတယ်၊ ဂုဏ်ယူနေတယ်"

ပိုမို၍ လေးစားမြတ်နိုးထိုက်သော စကားတွေ။

ပကတိ ရှင်းသန့်နေသော မှူး၏ မျက်နှာပြင်မှာ ခါတိုင်းထက် ဝင်းလက်နေ၏။

"ကိုယ်တစ်ခု မှားသွားတယ် မှူး"

"ဘာကိုလဲ ကိုပိုင်"

"တကယ်လို့ မှူးရဲ့လက်ဝတ်ရတနာတွေကို အပြတ်မရောင်းဘဲ ပေါင်ထားတော့ အဆင်ပြေတဲ့အခါ ပြန်ရွေးလို့ရတာပေါ့"





"ပေါင်တာ နှံတာ ဝါသနာမပါဘူး၊ ဘာလုပ်လုပ် အပြတ်လုပ်တာ အကောင်းဆုံးပဲ ကိုပိုင်၊ အပြတ်ဖြတ်တယ်ဆိုတာ တွယ်တာမှုမှာ စိတ်ပြတ်တာပေါ့၊ ပေါင်ထားရင် တစ်နေ့ရွေးရမှာပါလားဆိုတဲ့ အသိကက စိတ်ကို အလုပ်ရှုပ်နေပြီ၊ အပြတ်ရှင်းတော့ စိတ်ရှင်းတာပေါ့"

မှူး ပြောသမျှ သူငြိမ်သက်စွာ နားထောင်သည်။

သည့်နောက် စာအုပ်ထုတ်ဝေရေး အခြေအနေ အရပ်ရပ်မှာ မှူးတတ်စွမ်းသမျှ အကြံပေးသည်ကို သူလက်ခံယူပြီး စီးကရက်တစ်ပွဲလှမ်းအမှာ, မှာ မှူးက...

"ပြောရဦးမယ်၊ မနေ့က မမကြိုင်လှိုင်သင်းက မှူးကို မေးတယ်"

သူ နားကို ဆတ်ခနဲ စွင့်လိုက်၏။

ဘာမေးတာလဲဟု မမေးရသေးခင်မှာ မှူးက...

"ကိုပိုင့်ကို တွေ့လားတဲ့၊ ကိုပိုင်က မှူးဆီကိုတော့ လာမှာပါတဲ့၊ ဒီကောင် ခေါင်းသိပ်မာတာပဲတဲ့၊ ခုထိ အမြင်မှန် မရသေးဘူးတဲ့၊ ဖေဖေက စိတ်ကြီးတော့ သူအမြင်မှန် မရမချင်း ပြန်ခေါ်မှာမဟုတ်ဘူးတဲ့၊

ကြာရင် ကိုပိုင့်ဘဝ နစ်မွန်းသွားလိမ့်မယ်တဲ့၊ တကယ်လို့ တွေ့ရင် မှူးကလည်း ဖျောင်းဖျသင့်တယ်တဲ့”

“မှူးက ဘာပြန်ပြောလိုက်လဲ”

“မှူးက ဘာမှပြန်မပြောပါဘူး၊ မမသင်းပြောသမျှ နားထောင်နေလိုက်တာပဲပေါ့”

“မှူးက မမပြောတာ စိတ်ဝင်စားလို့လား”

“မဝင်စားဘူး ကိုပိုင်”

“မဝင်စားရင် ဒီအကြောင်းတွေကို ကိုယ့်ကို ဘာမှ မပြောနဲ့ မှူး၊ တို့ဘဝကို တို့ပိုင်တယ်၊ တို့အနာဂတ်အတွက် တို့မှာ ယုံကြည်ချက်ရှိတယ်၊ ရောင်နီတွေ သမ်းနေပြီ မှူး၊ ဘဝအတွက် အလင်းရောင်တွေကို ကိုယ်တို့ လှမ်းမြင်နေရပြီ”

လက်ဖက်ရည်ဆိုင်က ထခါနီးမှာ သူက လွယ်အိတ်ထဲမှ အထုပ်ကို ဆွဲထုတ်ယူပြီး မှူးကို ပေးသည်။

“ဘာလဲကိုပိုင်”

“ငွေနှစ်သိန်း”

“ဩ... အကြွေးကို ဖွဲ့ဆပ်တဲ့ သဘောပေါ့”

မှူး မျက်နှာထားက ချက်ချင်းဆိုသလို တင်းသွားသည်။

သူက အသံထွက် အော်ရယ်လိုက်ပြီး...





“ကြွေးပြန်ဆပ်တာ မဟုတ်ဘူး မှူးရဲ့၊ လုပ်ငန်းအရ ဘဏ္ဍာရေးမှူးကြီးကို ငွေအပ်တာလေ၊ ကိုယ်တို့ လက်ထဲမှာဆိုရင် လုံခြုံမှု မရှိဘူး၊ ကိုယ်တို့အားလုံး ဆုံးဖြတ်ပြီး မှူး လက်ထဲအပ်တာ”

တင်းနေသည့် မျက်နှာ ပြေလျော့သွားသော်လည်း ငွေကိုမူ လက်ခံမယူသေး။ ငွေအထပ်လိုက်က သူ့လက်ထဲမှာ တို့လို့တန်းလန်း။

“နယ်ကိုယ်စားလှယ်တွေဆီက ငွေတွေဝင်ရင် စာရင်းနဲ့ မှူးကိုအပ်ဦးမှာ၊ ခုလည်း အသုံးစရိတ် ငွေဖယ်ထားပြီးပါပြီ၊ စက္ကူဝယ်တဲ့နေ့ကျ မှူးဆီက ငွေပြန်ထုတ်မှာ”

“တကယ်နော်”

“တကယ်ပါ မှူးရ၊ မပူပါနဲ့၊ ပြန်ယူမှာပါ”

မှူးက ငွေကို လက်ခံယူ၏။

မှူးကို ကျောင်းအဝင်ဝထိ လိုက်ပို့ပြီး သူမြို့ထဲ ပြန်ခဲ့သည်။

☆ ☆ ☆

# [၃၀]

နန္ဒာက သူ့လက်ကို အားပါးတရ ဆုပ်ကိုက်လိုက်သည်။ ဝင်းလွင်က...

"ထက်မင်းပိုင် မင်းတက်ပြီကွာ၊ မင်းအရမ်းအောင်မြင်ပြီ၊ ရောင်းတန်းဝင် စာရေးဆရာအဆင့်ကို မင်းရောက်သွားပြီ သူငယ်ချင်း"

အာလုပ်သံကြီးနှင့် အော်သည်။

သည်စကားတွေက သူ့နားမှာ အကြားချင်ဆုံးသော စကားတွေ။





ကြိုးစားခြင်း၏ အောင်မြင်မှုကို ရရှိချိန်မှာ သူ့တစ်ကိုယ်လုံးလေထဲတွင် လွင့်ပါးမတတ် ပေါ့ပါးလျက်ရှိသည်။

"အဲ့ဒါ အရည်အချင်းကွ၊ အရည်အချင်း"

နန္ဒာက ကုန်းအော်ပြန်၏။

"အရည်အချင်းကိုပဲ ပြောလို့မရသေးဘူး နန္ဒာရ၊ မင်းတို့ လုပ်ငန်းကျွမ်းကျင်မှု၊ ဖြန့်ချိရေး နားလည်မှု၊ စျေးကွက်ကို ထွင်းဖောက်နိုင်မှု၊ မင်းတို့ရဲ့ အရည်အချင်းကိုလည်း ထည့်ပြောပါကွာ"

"ဒါက တစ်ပိုင်းပဲ ထက်မင်းပိုင်၊ အဓိကက မင်းရဲ့အရည်အချင်းပဲကွ၊ မင်းရေးတဲ့ စာတွေညံ့နေရင် မင်းစာအုပ်ကို ရွေးကွပ်ပြီးထုတ်၊ အရောင်းက ဇီးရိုးမှာ ပြမှာပဲ၊ ယနေ့ ပရိသတ်က ဝတ္ထုမျက်နှာဖုံးက ရွေးစာလုံးထက် အတွင်းကစာရေးဆရာရဲ့ အတွေးအခေါ် အရေးအသားကို သုံးသပ်ပြီး ဖတ်တာကွ၊ အောင်မြင်တာနဲ့ လက်ကို မချသွားနဲ့နော်၊ ကိုယ့်ပရိသတ်ကို ပညာမပြနဲ့"

"ဘာလဲ ပညာမပြနဲ့ဆိုတာက..."

"ဒီလိုလေကွာ၊ ပရိသတ် ငါ့ဘက်ပါနေပြီ၊ တစ်အုပ်တစ်လေကို ခပ်ပေါ့ပေါ့ရေးပြီး လွှတ်လိုက်မယ်ဆိုတဲ့ အကြံအစည်တွေတော့ မင်းမဝင်နဲ့"

ဝင်းလွင် ကလည်း ပြောသည်။

"ဟုတ်တယ် ထက်မင်းပိုင်၊ အဲဒါကတော့ အရေးကြီးဆုံးပဲ၊ တချို့ အရမ်းအောင်မြင်တဲ့ စာရေးဆရာတွေ လုပ်တတ်တယ်ကွ၊ ပရိသတ် ငါ့လက်ထဲ ရောက်နေပြီ၊ တစ်အုပ်နှစ်အုပ်ကိုတော့ ဖြစ်သလို လုပ်လိုက်မယ်ဆိုပြီး ပရိသတ်ကို ပမာမခန့်လုပ်ကြတယ်"

"အဲဒီ အတွက်တော့ စိတ်ချ၊ ဝတ္ထုတစ်ပုဒ်ကို စိတ်တိုင်းမကျလို့ကတော့ လွှတ်ကို မလွှတ်ဘူး၊ ငါ့ဝတ္ထုမှာ ငါ့ပရိသတ်အတွက် ထွက်ပေါက်ငယ်တစ်ခု အမြဲရှိရမယ်ကွာ"

သူတို့ စာအုပ်အရောင်းကို ပိတ်ထားကြရသည်။

စာပေတိုက် တစ်ခုတည်ထောင်ဖို့ အရေး ကိစ္စတွေ၊ သူတို့မှာ လုပ်စရာတွေ အများကြီးရှိနေကြပါ၏။

သည်နေ့က သူတို့ဘဝကို ပြောင်းလဲပစ်လိုက်သောနေ့ဟုလည်း သူတို့ ယုံကြည်ထားကြသည်။





မနက်က စာအုပ်ဖြန့်သည်။

နေ့လည်တွင် ရန်ကုန်ဆိုင်တွေမှာ စာအုပ် ပြတ်သွား၏။ သည်သတင်းကို နန္ဒာလာပြောတုန်းက သူနားထင်နားရင်းတွေ ပူထူသွားရသေးသည်။

"အုပ်ရေကို ချိန်ရမယ်၊ ဈေးကစားတာတော့ မဟုတ်ဘူး၊ စာကို မင်းစိတ်ချလက်ချရေး ထက်မင်းပိုင်၊ သရုပ်မှန် စရိုက်မှန် လူငယ်လိုင်းကို ကောင်းကောင်းထိန်းပေတော့၊ လူငယ်ပရိသတ်က မင်းနောက်မှာ ပါနေပြီ၊ ယနေ့ လူငယ်ထုက မင်းကို ဘက်ဆဲလ်လားဖြစ်အောင် လုပ်ပေးလိုက်ပြီ"

ဗိုလ်ချုပ်လမ်းကို ဖြတ်ကူးသည်။

အနောက်ဘက်တန်းမှာ လက်ဖက်ရည် ဝင်သောက်ကြ၏။

"မှူးကတော့ အရမ်းဝမ်းသာမှာပဲ"

"ဟုတ်တယ် နန္ဒာ၊ မှူးဝမ်းသာမှာက ငွေကြေးတွေလိမ့်ဝင်လာလို့ ဝမ်းသာတဲ့ အသာမျိုးမဟုတ်ဘူး၊ ငါ့အောင်မြင်မှုအတွက် သူ အရမ်းဝမ်းသာမှာ"

"ငါကလည်း ဒါကို ပြောတာပါ"

"မှူးကတော့ မင်းအတွက် တကယ့်ကို ရှားပါးပစ္စည်းလေးပဲ ထက်မင်းပိုင်"

သူ ကျေနပ်စွာ ပြုံး၏။

"မှူးလို စိတ်ဓာတ်မျိုးရှိတဲ့မိန်းမ ငါတွေ့ချင်ပါဘိကွာ"

ဝင်းလွင်က ဘာစိတ်ကူးတွေ ပေါက်သွားသည်မသိ။ ယင်းစကားကို လေးလေးတွဲ့တွဲ့ကြီး ပြောသည်။

နန္ဒာက ဝင်းလွင်ကို မျက်လုံး လှန်ကြည့်ပြီး...

"မင်းအတွက် ငါရှာထားတယ် ဝင်းလွင်"

"ဥစ္စာပေါ ရုပ်ချောထဲကလားကွာ"

"ဗိုလ်ချုပ်ဈေးမှာ အလှပြင်ဆိုင်ကြီးရှိတယ် ကိုယ့်လူ"

"ဟေ... မင်းတကယ်ပြောတာနော်"

"ကားကလည်း ခြောက်ခကွေး၊ အဖြူရောင် ကားလှလှကြီး"

"အား... နန္ဒာရာ၊ အပြော နောက်ကျလှချည်လားကွာ"

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

သည်စကားမှာတော့ နန္ဒာ၏အသံအနည်းငယ် တိမ်ဝင်သွား၏။

ဆက်လာမည့် စကားကို ဝင်းလွင်ကော သူပါ နားစွင့်သည်။

နန္ဒာက စကားကို တော်တော်နှင့်ဆက်မလာတော့ ဝင်းလွင်က စိတ်မရှည်စွာဖြင့်...





"ပြောလေကွာ၊ ဘာတစ်ခုရှိတာလဲ"

"သူက သားသမီးရနိုင်တဲ့ အရည်အချင်းမရှိဘူးကွာ"

"အို... ဒါလေးများကွာ ရတယ်၊ ငါခွင့်လွှတ်နိုင်တယ်၊ သားသမီးနောက်ဆံငင်စရာ မရှိဘူးပေါ့ကွ၊ လင်မယားနှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေပါလေ့"

"ဟကောင်ရ ငါ့စကားကို ဆုံးအောင်နားထောင်စမ်းပါဦး၊ သူ သားသမီးမရနိုင်ဘူးဆိုတာက ဂန်ဒူးကြီး ဖြစ်နေလို့ကွ"

"ဟာ... အေပေး၊ ငါက အဟုတ်မှတ်လို့"

သူတို့ ရယ်သံတွေက ဆိုင်အပြင်ဘက် လွင့်ထွက်သည်။ အပျော်နှင့်ဖြစ်ပေါ်လာသည့် အရယ်တွေကို ခံစားရင်း ရွှေ ခရီးကို မျှော်ကြည့်သည်။

ဩော်... ခရီးအတော် ပေါက်နေကြပြီပဲ။

☆ ☆ ☆

[၃၁]

"ဦးလှိုင်ဝေ မင်းကို အရေးတကြီး လိုက်ရှာနေတာ ဘာကိစ္စများရှိလို့လဲ"

"သူ့အကျိုးဖြစ်ထွန်းမယ့် ကိစ္စပါ"

သူ့စကားကို နန္ဒာက မျက်မှောင်ကလေး ကြုတ်၏။

သူက စကားကိုမဆက်ဘဲ ဆိုင်ခန်းများကို ကျော်ဖြတ်သည်။ ထိုင်နေကျ လက်ဖက်ရည်ဆိုင်၏ ထောင့်စွန်းကျကျစားပွဲမှာ ဝင်ထိုင်ပြီး လက်ဖက်ရည်မှာသည်။

"ငါ့ကို သူ့တိုက်လာဖို့ စည်းရုံးနေတာ၊ ကြိုတင်ငွေ သိန်းနှစ်ဆယ်ယူမယ်ဆိုရင်လည်း သူ စွမ်းဆောင်ပေးပါ့မယ်တဲ့"





"အင်း တရားကျဖို့ ကောင်းလိုက်တာကွာ၊ ထို့"

"မနက်ကလည်း မင်းမရှိတုန်း အရေးသစ် စာပေက ငနဲကြီးလာသွားတယ်၊ ကားဝယ်မယ်၊ တိုက်ခန်းဝယ်မယ်ဆိုရင် သူ့ကို သတိရပါတဲ့"

"သူက ကားပွဲစား၊ အိမ်ပွဲစား လုပ်နေလို့လား"

"မဟုတ်ဘူး၊ သူဝယ်ပေးမှာ၊ ဒါပေမယ့် သူနဲ့စာချုပ်ချုပ်ဖို့တော့ လိုတာပေါ့"

"မင်းက ဘာပြန်ပြောလိုက်လဲ"

"ဟာ... တို့အဖွဲ့က လေးယောက်ရှိတယ်မို့လားကွ၊ အဖွဲ့နဲ့ မတိုင်ပင်ဘဲ ငါဘာလို့ သွားပြီး ဆုံးဖြတ်ချက်ချရမှာလဲ"

နန္ဒာ မျက်နှာက မှုန်နေ၏။

သူက စီးကရက်ဘူးကို ချပေးသည်။

နန္ဒာက စီးကရက် သောက်ကျင့်မရှိ၊ ဆေးပေါ့လိပ်ကိုသာ ပါးစပ်က မချွတ်တမ်း သောက်တတ်သည်။

"ထုတ်ဝေသူဆိုတာ အဲဒါပဲ ထက်မင်းပိုင်၊ စာရေးဆရာတစ်ယောက်ကို ငွေကုန်ကြေးကျခံ၊ အနစ်နာခံပြီး တင်ပေးမယ်ဆိုတဲ့ စိတ်ထားမရှိဘူး၊ အဲ... စာရေးဆရာတစ်ယောက်တက်လာပြီး ရောင်းတန်းဝင်

လာပြီဆိုရင် စာရေးဆရာကို ငွေပုံပေးပြီး နဖာကြိုး ထိုးဖို့ ကြံစည်တော့တာ"

သူ နန္ဒာလောက် မတွေးမိချေ။

"သူငယ်ချင်း"

သူ နန္ဒာ့ကို ဆတ်ခနဲ လှည့်ကြည့်၏။

"သူငယ်ချင်း၊ ငါနဲ့ဝင်းလွင် ဘဝကို မင်းသိပါတယ်နော်"

"မင်းဘာတွေ လာပြောနေတာလဲ၊ နန္ဒာ"

စကားအပေါ်မှာ သူ နားလည်ခြင်းမရှိ။

"ငါနဲ့ ဝင်းလွင်ကို မင်းချစ်ခင်တယ်၊ သံယောဇဉ်ကြီးတယ်ဆိုတာကို ငါယုံကြည်ပါတယ်"

"ပြောနေဖို့ မလိုပါဘူးကွာ၊ ငါ့ရင်ထဲမှာ အချစ်ဆုံးချစ်သူကမှူး၊ အခင်ဆုံးသူငယ်ချင်းက မင်းနဲ့ဝင်းလွင်ပဲ၊ ဒါတွေကို မင်းသိပါတယ်"

"ဝမ်းသာပါတယ် သူငယ်ချင်းရာ၊ ဒါဆိုရင် မင်းရဲ့ အောင်မြင်မှုတွေကို သူစိမ်းလက်ထဲ ဘာလို့ထည့်ရမှာလဲ၊ ထက်မင်းပိုင်ရာ၊ တို့သူငယ်ချင်းတွေ မျှဝေခံစားကြရအောင်"

သူ ခုထိ နန္ဒာ့ စကားတွေကို နားမလည်နိုင်သေး။





"ငါပြောတာကို မင်း နားမရှင်းဘူးထင်တယ်"

"မင်းပြောနေတာက အူကြောင်ကြောင်နဲ့၊ ငါဘယ်လို လုပ်နားရှင်းမှာလဲ၊ ငါ့ကို စကားပြောရင် ရှင်းရှင်းပြော၊ အရိပ်တွေ အယောင်တွေ မပြနဲ့၊ မလုပ်နဲ့"

နန္ဒာ့ မျက်နှာမှာ ပြုံးရိပ်ထင်လာ၏။

"သူငယ်ချင်းက အောင်မြင်ပြီလေ၊ ထုတ်ဝေသူတွေက ငွေထုပ်ပိုက်ပြီး လိုက်နေကြပြီ၊ မင်းက စာမူပေးလိုက်ရင် သူတို့က ငွေကို သိန်းနဲ့သန်းနဲ့ချီပေးမယ်၊ ပြီးတော့ ရတဲ့အမြတ်အစွန်းတွေကို သူတို့အိတ်ထဲ ထည့်မယ်"

သူငြိမ်သက်စွာ နားထောင်နေလိုက်၏။

"ဒီတော့ သူတို့အိတ်ထဲကို တို့က ဘာဖြစ်လို့ အထည့်ခံမှာလဲ၊ မင်း မအောင်မြင်ခင်မှာ တို့လုပ်ငန်းကို နားလည်အောင်ကြိုးစား လုပ်ကိုင်ခဲ့ကြတာပဲ၊ ဒီတော့ မင်း အေးအေးချမ်းချမ်းစာရေးပါ၊ ဝင်းလွင်နဲ့ငါက ထုတ်ဝေရေးကို ဖိဖိစီးစီးလုပ်မယ်၊ စာရေးခအတွက် သတ်မှတ်ငွေကို ဘေးဖယ်ပြီး အမြတ်အစွန်းကို ငါနဲ့ ဝင်းလွင်ကိုပါ မျှဝေကျွေးပါ သူငယ်ချင်းရာ"

"ဟာ... ဒါပြောဖို့လိုတဲ့ စကားလားကွ"

"ဩော်... သူငယ်ချင်းရယ်"

နန္ဒာ့ မျက်လုံးမှာ မျက်ရည်တွေ ဝဲနေ၏။

"မင်းစိတ်ဓာတ်ကို ငါအရမ်းလေးစားသွားပြီ ထက်မင်းပိုင်၊ မပြောင်းလဲတဲ့ မင်းစိတ်ဓာတ်ကို ဝင်းလွင်သာသိရင် ဘယ်လောက် ဝမ်းသာရှာမလဲ"

"အဲဒီ အစီအစဉ်ကို မင်းမပြောခင်ကတည်းက ငါနဲ့ မှူး တိုင်ပင်ထားပြီးသားပါ၊ ငါ့စိတ်ထားက ခြသေ့်စိတ်ထားဆိုတာ မင်းနားလည်ပါ နန္ဒာ၊ သူတို့တွေ ပေးမယ့် သိန်းဂဏန်းတွေကို ငါက မက်မောနေရအောင် မမြင်ဖူး၊ မကိုင်ဖူးတဲ့ကောင်မှ မဟုတ်တာကွာ၊ မှူး သာသိရင် ကမ္ဘာကြီး အက်ကွဲလောက်တဲ့ထိ ဟားတိုက် ရယ်မောပစ်လိမ့်မယ်"

နန္ဒာက သူ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။

သွေးမျှင်ကြောတွေမှ တစ်ဆင့် ...

စီးဆင်းလာသည့် အင်အားများကို သူငယ်ချင်းတွေ ယုံကြည်နိုင်ကြပါစေ။

☆ ☆ ☆



# [၃၂]

ကြွတက်လာသော ဒေါသကို သူဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိ။ ချုပ်ထိန်းရန်ကိုလည်း သူ့ဦးနှောက်က လုံးဝ လက်မခံ။

"တောက်..."

သူ တက်ကို ခပ်ပြင်းပြင်း ခေါက်သည်။

လက်ထဲတွင် ဆုပ်ကိုင်ထားသော သတင်းစာကို ကြမ်းတမ်းစွာ လုံးချေပစ်လိုက်၏။

"တို့ ဒီသတင်းကို မပြောဘူး၊ မပြဘူးလို့ စဉ်းစားကြသေးတယ် ထက်မင်းပိုင်၊ ဒါပေမယ့် ဒီအကြောင်းကို မင်းသိမှ ဖြစ်မယ်ဆိုတာကိုလည်း တို့တွေးမိတယ်"

"ရက်စက်တာထက် မိုက်ရိုင်းတာကွာ၊ ငါ့ကို လိမ်တာထက် ငါ့အချစ်ကို စော်ကားသွားတာ ခံအပြင်းဆုံးပဲ၊ ငါနဲ့တွေ့တုန်းက ဒီအကြောင်းတွေကို တစ်ခွန်းဆို တစ်ခွန်းမဟာဘူး၊ အတော်ဟန်ဆောင်ကောင်းတဲ့ မိန်းမ"

"အင်း... တို့လည်း မှူးကို နားမလည်နိုင်အောင် ဖြစ်ရပြီ၊ ဟုတ်မှဟုတ်ရဲ့လား၊ နာမည်ချင်းတူညီတိုက်ဆိုင်နေတာများလားဆိုပြီး သတင်းစာကို အခါခါပြန်ဖတ်ပါတယ်"

မေးကြောကြီးများ ထောင်ထလောင်အောင် သူအံကို တင်းတင်း ကြိတ်ပစ်လိုက်၏။

မှူးနှင့်တင်မောင်ကျော်၏ စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါသော သတင်းစာတချို့ သူ့လက်ထဲတွင် စိစိညက်ညက် ကြေနေသည်။

"သတ်မယ်၊ နှစ်ယောက်စလုံးကို ငါသတ်မယ်"

သူအော်ရင်း ထိုင်ရာမှ ဝုန်းခနဲ ထသောအခါ နန္ဒာနှင့် ဝင်းလွင် မျက်လုံးပြူးသွား၏။

"စိတ်ကို ထိန်းစမ်းပါဦးကွာ၊ အဖြစ်မှန်အားလုံးကို မှူးနဲ့ တွေ့ဆုံပြီး မေးပါဦး"





သူ့အကြည့်တွေ လမ်းမဆီရောက်သည်။

ကျားတစ်ကောင်၏ ရက်စက်ကြမ်းကြုတ်လိုမှုတွေက သူ့ခေါင်းထဲဝင်လာ၏။

ချစ်ခြင်းမေတ္တာဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ။

မှူးကို စချစ်လာကတည်းက အဆုံးရှုံးခံဖို့မှ မဟုတ်တာ။

"ငါ့မှာတော့ ချစ်လိုက်ရတာ၊ မြတ်နိုးလိုက်ရတာ၊ ရဲဘော်မအဖြစ် သတ်မှတ်လိုက်ရတာ၊ အစက တင်မောင်ကျော်နဲ့ ကိစ္စမေးတော့ မဟုတ်ပါဘူးလေး၊ ဘာလေးနဲ့ ခွေးမ တွေ့ရင် မျက်နှာကို ဓားနဲ့မွှန်းမယ်"

"မဟုတ်သေးဘူး ထက်မင်းပိုင်ရာ၊ မှူးကို တွေ့ဆုံပါဦး၊ စိတ်လိုက်မာန်ပါနဲ့တော့ မလုပ်ပါနဲ့ကွာ"

"ခု ငါသွားတွေ့မယ်"

"အဲဒါကောင်းတယ် ထက်မင်းပိုင်၊ ဒါပေမယ့် မင်းတစ်ယောက်တည်းတော့ မသွားရဘူး၊ ငါနဲ့ဝင်းလွင်ပါ လိုက်မယ်"

ဒေါသတွေ ရင်မှာပိုက်ပြီး ကျောင်းကို လိုက်သည်။

ကားပေါ်တွင် ဝင်းလွင်က ဖျောင်းဖြစကားပြော၏။

"ဒီကိစ္စက ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်လို့ရတဲ့ ကိစ္စမဟုတ်ဘူး၊ မှူးကို တွေ့ရင် အတတ်နိုင်ဆုံးတော့

စိတ်ကို လျှော့ထားပါ၊ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောပါ၊ မှူးဆီက ထွက်လာမယ့်စကားကိုလည်း စောင့်ပါ"

"ငါကတော့ သတ်ကို သတ်ချင်နေတာ"

"မင်း မှူးကို သတ်ရက်လို့လား"

"ခုကိစ္စမှာ သူ့ကို အချစ်ကြီးသလို အမျက်လည်းကြီးတယ်၊ ဝင်းလွင်"

"မင်း စာပေသမားတစ်ယောက်ပါ ထက်မင်းပိုင်၊ အောင်မြင်ကျော်ကြားနေတဲ့ စာရေးဆရာဆိုတာလည်း မမေ့ပါနဲ့"

"မဆိုင်ပါဘူးကွာ၊ ဒါ နှလုံးသားပြဿနာပဲ၊ ငါ့ဘက်ကလည်း သစ္စာမယိမ်းယိုင်စေရဘူး၊ ငါ့အပေါ် ဖောက်လွှဲဖောက်ပြန် လုပ်လာရင်လည်း လုံးဝသည်းမခံဘူး"

"ပြဿနာကို ညင်ညင်သာသာ ကိုယ်တွယ်ကွာ၊ လူတောထဲမှာ ပြဿနာဖြစ်ရင် ဟိုးလေးတကျော်ကျော်ဖြစ်သွားလိမ့်မယ်"

သူ ပင့်သက်ချရင်း စိတ်ကိုလည်း တည်ငြိမ်အောင် အတတ်နိုင်ဆုံးထိန်းသည်။





ကျောင်းရှေ့ရောက်လာတော့ ကားရပ်ခိုင်းပြီး ကျသင့်ငွေရှင်းပေးလိုက်၏။

ပထမဆုံး စာသင်ဆောင်များဘက်သွားပြီး မှူးကိုရှာသည်။ မတွေ့တော့ ဒေါသက ပိုသည်းလာ၏။

"သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်ဘက်များ သွားသလားမသိဘူး"

နန္ဒာက သူစိတ်ပြေအောင် စကားကို ခပ်ဖော့ဖော့လေး ပြောသည်။

စားသောက်ဆိုင်များဘက် ရှာသော်လည်း မှူး၏အရိပ်အယောင်ကိုမျှ မမြင်ရ။

သူ့ဒေါသက ပိုဖြစ်လာရပြန်သည်။

"ဟုတ်နေပါပြီ၊ ခွေးမက ငါ့ကို ရှောင်နေပြီ"

"လာပါ၊ ကျောင်းထဲ ပြန်ဝင်ရှာပါဦး"

"တွေ့မလား ဝင်းလွင်၊ တင်မောင်ကျော်နဲ့ အပျော်လိုက်ပြီး ကားတစ်စီးနဲ့ လျှောက်သွားနေမှာပေါ့"

"အထင်နဲ့တော့ ဆုံးဖြတ်ချက်မချပါနဲ့ဦးကွာ၊ မှူးမှာ မင်းအတွက် ပြောစရာစကားတွေ ရှိနေမယ်ဆိုတာ ငါယုံကြည်တယ်"

ကျောင်းထဲပြန်ဝင်ပြီး စာသင်ခန်းများဘက် ပြန်ရှာသည်။

ကော်ရစ်ဒါထောင့်ချိုးကွေ့လေးအရောက်တွင်...

"ဟင်... ကိုထက်မင်းပိုင်"

သူ့ခြေလှမ်းများ တုန့်ရပ်သွားသည်။

ဆတ်ခနဲလှည့်ကြည့်တော့ မှူး၏သူငယ်ချင်း တင်တင်မာကို တွေ့သည်။

"ဟာ... တင်တင်မာ၊ ကျွန်တော် မှူးကို လိုက်ရှာနေတာ"

"မှူး ခွင့်ယူထားတယ် ကိုထက်မင်းပိုင်၊ ဟို... ဒီ ... ဒီနေ့ သတင်းစာထဲမှာလေ..."

"ကျွန်တော် သိပြီးပါပြီ"

"မာတို့တော့ နားမလည်နိုင်တော့ပါဘူးရှင်"

"ကျွန်တော်လည်း အဲသလိုပါပဲဗျာ"

"စိတ်မကောင်းပါဘူး ကိုထက်မင်းပိုင်"

"ဘာတတ်နိုင်တော့မှာလဲဗျာ"

စကားတွေကို ပင်ပန်းကြီးစွာ ပြောနေရသည်။

တင်တင်မာ၏ အကြည့်စူးစူးများကို ရှောင်တိမ်းပြီး ခေါင်းငိုက်စိုက်နှင့် ထွက်လာခဲ့ရ၏။

စိတ်ကို လုံးလုံးကြီးလျှော့ပစ်လိုက်ချိန်ဝယ် ဝေဒနာအရိပ်များ လွှမ်းခြုံလာသည်။



မှူးနှင့်အတူ သွားခဲ့သည့်နေရာတွေ။

ကျောင်းရှေ့က စကားပင်ကြီးအောက်မှာ သူနှင့်မှူး ထိုင်ခဲ့သေးတာပဲ။

နောက်ပြီး ...

ရထားလမ်းဘေးက လက်ဖက်ရည်ဆိုင်ကလေးမှာ လက်ဖက်ရည်တစ်ခွက်တည်းမှာပြီး နှစ်ယောက်အတူ တစ်ငုံစီ သောက်ခဲ့ကြတာ...။

"အရမ်ခံစားရပြီ သူငယ်ချင်းတို့ရာ"

သူ့မျက်နှာကို နန္ဒာနှင့် ဝင်းလွင်တို့က ဝေသီစွာကြည့်သည်။

ဩော်... ဒေါသတွေ ပြေလျော့တော့ ...

အချစ်နဲ့ပတ်သက်တဲ့ သောကသာ ကြီးမားကျယ်ပြန့်လာတာပါပဲလား။

ငါ အရမ်းခံစားနေရပြီ မှူး ...။

☆ ☆ ☆

## [၃၃]

မူးယစ်ဝေသီနေသော်လည်း သတိမလွတ်။

နန္ဒာနှင့် ဝင်းလွင်က စိတ်မသက်မသာနှင့် သူ့ကို တွေတွေကြီး စိုက်ကြည့်နေကြသည်။

သူက သူတို့နှစ်ယောက်၏မျက်နှာကို ဝေ့ကြည့်လိုက်ပြီး ဖန်ခွက်ထဲသို့ အရက်ကို ထပ်ငှဲ့သည်။

"အရက်မူးတော့ကော မင်း မှုကို မေ့ပျောက်လို့ရသလား ထက်မင်းပိုင်"

"မရဘူး"





"မရဘဲနဲ့များကွာ၊ ဘာဖြစ်လို့ သောက်နေရတာလဲ"

သူ နန္ဒာ့ကို ခပ်စူးစူး စိုက်ကြည့်ပစ်လိုက်၏။

"စိတ်ညစ်လို့ကွ"

"အရက်သောက်တော့ စိတ်ညစ်စရာတွေ ပျောက်ရောလား"

"ဟား ... ဟား... ကဗျာဆရာက ငါ့ကိုမေးရိုးမေးစဉ်တွေ လာမေးနေပါလား၊ ငါကလည်း ချစ်သူပစ်လို့ အရက်ကို သောက်ရိုးသောက်စဉ် သောက်တယ်လို့ မင်းထင်နေသလား နန္ဒာ၊ ငါ့ကို အရက်မသောက်စေချင်ရင် တုတ်ကောင်းကောင်းနဲ့ ငါ့ခေါင်းကို ရိုက်ပစ်လိုက်စမ်းပါကွာ၊ ရိုက်လိုက်စမ်းပါ"

"ဘာဆိုင်လို့လဲ သူငယ်ချင်းရာ"

"အေး... မင်းတို့ မရိုက်ဘူးမို့လား၊ မရိုက်တော့ ငါမူးပြီး လဲကျမသွားဘူး၊ ဒီတော့ မူးပြီးလဲကျသွားအောင် ဒီအရက်ကို တစ်ပုလင်းလုံးကုန်အောင် ငါသောက်မယ်၊ သောက်ပြီးရင် ငါ မှောက်သွားလိမ့်မယ်၊ အဲဒီအခါ စိတ်ညစ်တာတွေကော မှုကိုကော ငါမေ့သွားမှာပေါ့ကွ၊ ဝေဒနာကို မခံစားနိုင်တော့လွန်းလို့ မူး

အောင်အရက်သောက်တာ၊ ဘာလဲ အရက်မသောက်ဘဲ အချိုရည်တွေ လျှောက်သောက်နေရမှာလားကွ၊ ဟား... ဟား"

နန္ဒာက ခေါင်းကို ခါယမ်းရင်း သူ့ဆီလျှောက်လာ၏။ သူ့ရှေ့မှ အရက်ပုလင်းကိုဆွဲယူပြီး ပုလင်းထဲမှ အရက်များကို ကြမ်းခင်းပေါ်သို့ သွန်ချလိုက်သည်။

"မင်း... မင်း ဘယ်လို လုပ်လိုက်တာလဲ နန္ဒာ"

"အရက်တွေ သွန်ပစ်နေတာ၊ ရော့ ပုလင်းခွံ၊ မင်း မကျေနပ်ရင် ငါ့ခေါင်းကို ဟက်တက်ကွဲအောင် ရိုက်ချလိုက်စမ်းပါ သူငယ်ချင်း၊ ငါ့ရှေ့မှာ မင်းဘဝပျက်စီးမယ့် လုပ်ရပ်တွေကိုတော့ ငါလက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး"

ဝင်းလွင်ကလည်း...

"ဟုတ်တယ် ထက်မင်းပိုင်၊ တို့က မင်းရဲ့ ရဲဘော် ရဲဘက်တွေပါ။ ရဲဘော်ရဲဘက်ဆိုတာ မကောင်းတဲ့ကိစ္စရပ်မှာတော့ ပြင်းပြင်းထန်ထန် တားဆီးရမှာပဲ၊ ခုဖန်ခွက်ထဲမှာ အရက်တစ်ဝက်နီးပါး ရှိပါသေးတယ် မင်းဆက်သောက်ရင် မင်းကို ငါဆွဲထိုးမယ် ထက်မင်းပိုင်"





သူ ခေါင်းကို ငိုက်ချလိုက်မိသည်။

ပူနွေးသော မျက်ရည်တစ်ခုက ကြမ်းပြင်ပေါ်သို့ ပေါက်ခနဲ ကျလာသည်။

"သူငယ်ချင်းရယ်၊ မင်းရင်ထဲမှာ ဘယ်လောက်ခံစားနေရမယ်ဆိုတာ ကိုယ်ချင်းစာပါတယ်၊ မင်းငိုပစ်လိုက်ပါကွာ၊ မင်းခံစားချက်တွေကို တို့ကို ပြောပြောပြီး ငိုပစ်လိုက်စမ်းပါ၊ မင်းရင်ထဲမှာ ပေါ့ပါးသွားရင် ဖြေလို့ ရလာပါလိမ့်မယ်၊ အရက်သောက်ပြီး မူးလဲရုံနဲ့တော့ မင်းရင်ထဲက အစိုင်အခဲကြီး ကျေပျက်မသွားပါဘူးကွာ"

သူ မျက်လုံးကို ဆုံမှိတ်ထားလိုက်သည်။

အင်အားချိနဲ့စွာဖြင့် ထအရပ်မှာ နန္ဒာက သူ့ကို ဖေးမဆွဲထူထားသည်။

မျက်ရည်စက်ပေါက်တွေ ပါးပြင်ပေါ် လိမ့်အကျမှ အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်သံကို ကြားသည်။

"ဘယ်သူများပါလိမ့်"

ဝင်းလွင်၏ အသံက မပီဝိုးပါး။

တစ်ဆက်တည်းမှာပင် နန္ဒာနှင့်ဝင်းလွင်၏ အသံက ဝမ်းသာအားရ အော်ဟစ်သံများ၊ နားထဲသို့ တိုးဝင်ရောက်လာသည်။

"မှုး... မှုး... မှုး ...လာတယ် ထက်မင်းပိုင်၊ မှုး လာတယ်ကွ"

သူ စုံမှိတ်ထားသော မျက်လုံးကို ကပျာကယာ ဖွင့်လိုက်မိပါသည်။

☆ ☆ ☆

## [၃၄]

မှုးက ရင်ခွင်ထဲ ပြေးဝင်သည်။

သူက မှုး၏ ကိုယ်လုံးလေးကို ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။

"ကိုပိုင်ရယ်၊ အရက်နံ့တွေက လှိုင်နေပါလား၊ ကိုပိုင် အရက်တွေ သောက်ထားတယ်မို့လားဟင်"

"ဒါတွေ မေးမနေပါနဲ့ မှုးရယ်၊ မှုး ကိုယ့်ဆီလာတာ လားဟင်"

"မေးရက်လိုက်တာ ကိုပိုင်ရယ်၊ မှုး ကိုပိုင့်ဆီ မလာလို့ ဘယ်သူ့ဆီ သွားရမှာလဲ"

မြတ်မြတ်ချောစာပေ

"ဒီနေ့ သတင်းစာမှာ တွေ့တယ်လေ"

"မှုံးလည်း ဒီနေ့သတင်းစာမှာ ပါမှသိရတာပါ။ ဒီ အစီအစဉ်အားလုံးကို မှုံး ဘာမှ မသိပါဘူး၊ ဒါ ကြောင့်မို့လည်း ကိုပိုင့်ကို မှုံးဘာမှ မပြောနိုင်ခဲ့တာ ပါ"

ယုံရတော့ ခက်နေပါသေးသည်။

သို့သော်လည်း သူ မှုံး၏ စကားအားလုံးကို ယုံကြည်ချင် ပါသည်။

သူ မှုံးမျက်နှာကို ရိုရိုဝေဝေနှင့် ကြည့်၏။

"ကိုပိုင်က တကယ်တမ်းကျ စိတ်ဓာတ်ပျော့တယ် သိလား"

"ကိုယ် မှုံးကို ဆုံးရှုံးရမှာ အရမ်းကြောက်တယ်"

"အဲဒါနဲ့ ကိုပိုင်အရက်တွေ သောက်တယ်ပေါ့"

ခေါင်းညိတ်ရန်သာ ရှိတော့၏။

"မှုံး စိတ်ဓာတ်ကို ကိုပိုင်သိရက်သားနဲ့ကွာ၊ ဒီနေ့ တင်တင်မာ အိမ်ကိုလာတယ်၊ ကိုပိုင် ကျောင်းကိုလာ သွားတယ်ဆိုတာလည်း ပြောတယ်၊ မှုံး ဒီနေ့ ကျောင်းမလာတာက အစီအစဉ်တွေ လုပ်နေရလို့"

"ဘာ အစီအစဉ်လဲ မှုံး"





"ကိုပိုင့်ဆီ ပြေးလာဖို့ အစီအစဉ်ပေါ့။ ခု မှုံးအိမ်က အပြီးအပိုင် ဆင်းလာတာ"

"ဟင်... တ... တကယ်လား၊ တကယ်ပြောနေတာ လား မှုံးရဲ့၊ မနောက်ရဘူးနော်၊ မကျီစယ်ရဘူးနော်"

"ခက်လိုက်တာ ကိုပိုင်ရယ်၊ မှုံးရင်ထဲမှာ ကိုပိုင်တစ် ယောက်တည်းပဲ ရှိတယ်သိလား၊ ပြတ်သားတဲ့ မှုံး၊ ရဲရင့်တဲ့ မှုံး ဆိုတာ ကိုပိုင်ငယ်ငယ်ကတည်းက သိခဲ့ ဖို့ကောင်းပါတယ်"

"သိပါတယ် မှုံးရဲ့၊ သိတာမှ အရမ်း အရမ်းကို သိ တာပါ"

သူက မှုံး၏နဖူးကို ခပ်ဖွဖွ နမ်းသည်။

နန္ဒာက ချောင်းကို ဟွတ်ခနဲဆိုးတော့ သူက...

"အဲဒါ ဘာဖြစ်တာလဲ"

"ညကတည်းက ချောင်းဆိုးနေတာပါ သူငယ်ချင်း ရာ"

နန္ဒာနှင့်ဝင်းလွင် မျက်နှာက ရယ်ကျဲကျဲ။

ဝင်းလွင်က...

"တစ်ပတ်လောက် လျှော့ပါဦး၊ မြွေမင်းသားကြီးရယ်"

သူက ပိုဖက်ပြတော့ မှူးက...

"ရှက်စရာကြီးကွာ"

နန္ဒာက စကားဖြတ်ဝင်၏။

"ခုမှတော့ ရှက်မနေပါနဲ့တော့ မှူးရာ၊ မှူးသာ အချိန်မီ ရောက်မလာရင် ဒီကောင် ခုလောက်ဆို ရင်ကွဲနာကျသေနေပြီ"

အမောတွေ လွင့်စင်ပြီး အပျော်တွေ ခိုဝင်လာသည်။

အိပ်မက်လည်း မဟုတ်ပါ။

တို့လမ်းထိပ်မှာ လက်ဖက်ရည် သွားသောက်ဦးမယ်ဆိုပြီး နန္ဒာနှင့် ဝင်းလွင် ထွက်သွားသည်။


ဩော်... သူနှင့်မှူး ချစ်သူရည်းစားဘဝ လွန်မြောက်ရန် နာရီပိုင်းမျှသာ လိုတော့သည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

မောင်သာပြည့်

# အချစ်မြင့်မိုရ်

## မောင်သာမြညီ



MA HMWE :
Heartland Graphic Studio